ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့။ Monday, 4 December 2023 ၁၁၂၉၉

**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့၊ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မသန်စွမ်းသူများကို စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာပါ ကျန်းမာကြံ့ခိုင်ပြီး မသန်သော်လည်း စွမ်းသူများအဖြစ် ရောက်ရှိအောင် ကူညီပေးမ

### မသန်စွမ်းသူများ၏ အခွင့်အရေးများကို သိရှိနားလည်စေရေး အသိပညာပေးရမည်ဖြစ်သကဲ့သို့ မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုများကို မသန်စွမ်းသူများကိုယ်တိုင် သိရှိစေရေးနှင့် လက်လှမ်းမီ ရယူအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ တပ်မတော်မှအဆင့်မြင့် အရာရှိကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စား လှယ်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်း သူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန် ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသည့်ပြခန်းများကို ကြည့်ရှုစဉ်။

**ယနေ့ ဖတ်စရာ**

နိုင်ငံ့သားကောင်းများတိုးပွားရေး စာရိတ္တ ပညာနှင့်ပြည်သူ့နီတိ လေ့ကျင့်ပေး
ဆောင်းပါး စာမျက်နှာ » ၆

မှတ်မိသမျှ မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာန
ဆောင်းပါး စာမျက်နှာ » ၁၆

လေ့လာစရာ အင်္ဂလိပ်စာ
စာမျက်နှာ » ၂၀၊ ၂၁

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၈၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ
စာမျက်နှာ » ၁၈

ယခုနှစ်တွင် ဂျပန်နိုင်ငံက မြန်မာအပါအဝင် နိုင်ငံသုံးနိုင်ငံမှ လုပ်သားများကို ပို၍တိုးမြှင့်ခေါ်ယူလာ
စာမျက်နှာ » ၂၄

ကြေးမုံ

# မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်

ဤမြေကမ္ဘာတွင် နေထိုင်သည့်လူသားတစ်ဦးပင်ဖြစ်သော်လည်း ဘဝကံကြမ္မာအကျိုးပေးကြောင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းနေသူများရှိကြသည်။ လူလူချင်းဖြစ်သော်လည်း ဘဝအကျိုးပေးကြောင့် ချို့ယွင်းအားနည်းသူများကို စာနာထောက်ထား ဖေးမကူညီမှုများ ပြုလုပ်ပေးကြရမည်ဖြစ်သလို မသန်သော်လည်း စွမ်းဆောင်ရည်ပြည့်ဝသည့် လူသားတစ်ဦးအဖြစ် အားပေးကူညီပေးပြီး အများတန်းတူ ကြိုးပမ်းဆောင်ရွက်နိုင်အောင် ပြုလုပ်ကြရမည်ဖြစ်သည်။

မသန်စွမ်းသူများတွင် မွေးရာပါချို့ယွင်းအားနည်းကြသူများရှိသလို ဘဝခရီးတစ်လျှောက်တွင် အကြောင်းအမျိုးမျိုးဖြင့် ကိုယ်လက်အင်္ဂါများ ထိခိုက်ပျက်စီးဆုံးရှုံးကြရသူများလည်းရှိသည်။ ကိုယ်လက်အင်္ဂါများနှင့် အာရုံငါးပါး ပျက်စီးဆုံးရှုံးရသူများအပြင် ပန်းနာရင်ကျပ်၊ ဝက်ရူးပြန်၊ အဆစ်အမြက်ရောင်နှင့် နာတာရှည်ပင်ပန်းနွမ်းနယ်မှုစသည့် ရောဂါဝေဒနာရှင်များကိုလည်း မသန်စွမ်းသူများဟု ခေါ်ဆိုနိုင်သည်။ လောကသဘာဝရသဘောအရ အသက်အရွယ်ကြီးရင့်လာသဖြင့် အိုခြင်း၊ နာခြင်း ခံစားနေရသူများကိုလည်း မသန်စွမ်းသူများဟု ဆိုနိုင်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းခန့်(လူဦးရေ တစ်ဘီလီယံကျော်ခန့်)သည် မသန်စွမ်းမှုပုံစံ တစ်မျိုးမျိုးဖြင့် ရပ်တည်နေထိုင်ကြရသည်ဟု ဆိုထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းထုတ်ပြန်သော မသန်စွမ်းမှုဆိုင်ရာအစီရင်ခံစာအရ ကမ္ဘာ့လူဦးရေသန်းတစ်ထောင်ကျော်သည် ကိုယ်အင်္ဂါချို့ယွင်းသည့် မသန်စွမ်းမှုတစ်မျိုးမျိုးကို ခံစားနေကြရသည်ဟု ဆိုထားသည်။ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ နိုင်ငံလူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်း(လူ ၅၉ သိန်းကျော်)သည် မသန်စွမ်းသူများ ဖြစ်နေကြသည်။ ၂၀၁၆ ခုနှစ် လေ့လာဆန်းစစ်ချက်အရ မြန်မာနိုင်ငံတွင် မသန်စွမ်းသူ ကလေးသူငယ် နှစ်သိန်းသုံးသောင်းခန့်ရှိပြီး ကလေးသုံးဦးတွင် နှစ်ဦးမှာ ကျောင်းမတက်နိုင်ဘဲ ၃၆ ရာခိုင်နှုန်းခန့်သာ စာရေးစာဖတ်နိုင်ကြောင်းသိရသည်။ ထို့ကြောင့် နိုင်ငံများ၏ အနာဂတ်အတွက် မသန်စွမ်းသူများအရေးကို ပိုမိုအလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံမှ မသန်စွမ်းသူများဆိုင်ရာ ကမ္ဘာ့လုပ်ငန်းစဉ်တွင် မသန်စွမ်းသူများကို ကြိုတင်ကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ အပြည့်အဝပါဝင်ခွင့်နှင့် တန်းတူရပိုင်ခွင့်တို့ကို တိုးမြှင့်ရန်အတွက် မသန်စွမ်းရပိုင်ခွင့်နည်းဗျူဟာတစ်ရပ်ကို ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ပထမဆုံးချမှတ်ခဲ့သည်။ ၁၉၉၂ ခုနှစ် (၄၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ နည်းဗျူဟာချမှတ်ခဲ့သည့် ဒီဇင်ဘာလ ၃ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့" အဖြစ် အတည်ပြုသတ်မှတ်ခဲ့ပြီး လူ့အဖွဲ့အစည်းတိုင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုတိုင်းတွင် မသန်စွမ်းသူများအတွက် ချမ်းသာမှုအခွင့်အရေးများကို မြှင့်တင်ပေးရန်ဆိုသည့် ရည်ရွယ်ချက်ထားရှိဆောင်ရွက်လျက်ရှိသည်။

ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၇၅ နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးကာ မသန်စွမ်းသူများအရေးကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မသန်စွမ်းသူများဘဝကို မြှင့်တင်ဆောင်ရွက်ရာ၌ ခွဲခြားဆက်ဆံမှုခံစားကြရခြင်းသည် အဓိကရင်ဆိုင်ကြုံတွေ့နေရသော အတားအဆီးဖြစ်သည်။ မသန်စွမ်းသူများ တန်းတူညီမျှအခွင့်အရေးများ၊ ပူးပေါင်းလုပ်ဆောင်နိုင်ခွင့် အခွင့်အလမ်းများစသည့် အခြေအနေများသည် မသန်စွမ်းသူများအတွက် သန်စွမ်းသူများ လက်တွေ့ကျကျဖြေရှင်းပေးရမည့် စိန်ခေါ်မှုများဖြစ်သည်။

မသန်စွမ်းသူတို့သည် မသန်သော်လည်း စွမ်းနိုင်ပါသည်ဆိုသည့် စိတ်ဓာတ်ခွန်အားမြင့်မားသည့်လူသားထဲမှ လူသားတစ်ဦး၏ ကြီးမားသောခံယူချက် ပိုင်ဆိုင်သူဖြစ်သည်။ မသန်မစွမ်းဟူသော သိမ်ငယ်စိတ်များ ချိုးနှိမ်ထားသည့် အနေအထားများကိုဖယ်ရှားကာ မသန်သော်လည်းစွမ်းသည့် စွမ်းဆောင်ရှင်များဖြစ်သည်ဟု ဂုဏ်ပြုကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို မသန်စွမ်းသူများအားလုံး တန်းတူညီမျှအပြည့်အဝရရှိစေရန်နှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ အားကစား၊ အနုပညာစသည့် နယ်ပယ်ကဏ္ဍအသီးသီးတွင် သန်စွမ်းသူများနှင့်အတူ မသန်စွမ်းသူများ တန်းတူပေါင်းစည်းဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ မသန်လည်းစွမ်း၊ သန်လည်းစွမ်း တန်းတူအခွင့်အရေးနှင့် စွမ်းဆောင်နိုင်မှုများသည် နိုင်ငံနှင့်လူမျိုးကို ထိရောက်စွာသယ်ပိုးထမ်းဆောင်နိုင်သည်ဖြစ်ရာ ကုလသမဂ္ဂပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံ၌ ချမှတ်ထားသော ဥပဒေအခွင့်အရေးများနှင့်အညီ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ဆောင်ပုဒ်ဖြစ်သည့် "စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်ကြစို့"ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့။**

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၇-၁၂-၂၀၂၃)

## ၂၀၂၃ ခုနှစ်၊ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

★ လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရေး။

★ ဗလငါးတန်နှင့် ပြည့်စုံသည့် မျိုးချစ်စိတ်ရှိသော လူငယ်များ ပြုစုပျိုးထောင်ရေး။

★ စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရေး။

## မောက်မယ်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

မောက်မယ် ဒီဇင်ဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာ နှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အရှေ့ဥယာစန်းကျေးရွာနှင့် ဈေးကုန်းကျေးရွာတို့၌ ကွင်းဆင်းစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်နှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၆၄၅ သန်းဖြင့် အရှေ့ဥယာစန်း ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း အရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ သဲဖြူန်း ဒုကိုးလက်မခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ဈေးကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် အရှည်ပေ ၉၀၀ ရှိ စိမ့်စမ်းရေ အမြင့်တင် သွယ်ယူခြင်းလုပ်ငန်းနှင့် အလျား ၁၀ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ခြောက်ပေရှိ ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးစားကြရန် မှာကြားပြီး ကျေးရွာမှ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ယခုဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဝန်ထမ်းတစ်ဦးချင်း၏ တွေ့ကြုံရသည့် အခက်အခဲများကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ၂၂၂

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အခမ်းအနားတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင် မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စများကို သိရှိနားလည်နိုင်စွမ်း မြှင့်တင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးနှင့် အကျိုးစီးပွားတို့ကို ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး စည်းရုံးလှုံ့ဆော်ရန်အတွက် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အဖြစ် သတ်မှတ်ပြီး ကုလသမဂ္ဂက ဦးဆောင်ပြီး ကမ္ဘာတစ်ဝန်း နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းရှိ မသန်စွမ်းသူများ၏ ဘဝအရည်အသွေး ပိုမိုဖွံ့ဖြိုးလာစေရန်၊ အများပြည်သူနည်းတူ တန်းတူညီမျှ အခွင့်အရေးရရှိရေး ကြိုးပမ်းဖော်ဆောင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်တို့ကို အလေးဂရုပြုတတ်စေရန် စသည့် ရည်ရွယ်ချက်များနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၁၉၉၄ ခုနှစ်ကစ၍ အစဉ်အလာမပျက် ကျင်းပခဲ့ရာ ယခုနှစ်အထိ အကြိမ်(၃၀)ပြည့်မြောက်ပြီ ဖြစ်ကြောင်း။

**ရည်ရွယ်ချက်ထားရှိ**

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးသည့် ဦးတည်ဆောင်ပုဒ်အနေဖြင့် **"United in action to rescue and achieve the SDGs for, with and by persons with disabilities" "စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့"** ပင်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် Sustainable Development Goals (၁၇)ချက်ကို ၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ချမှတ်ခဲ့ပြီး ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရသည့် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ရည်ရွယ်ချက် ထားရှိကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအနက် ပန်းတိုင်အမှတ် (၁) (၄)၊ (၈)၊ (၁၀)၊ (၁၁) နှင့် (၁၇) တို့သည် မသန်စွမ်းသူများနှင့် ဆက်စပ်နေသည့် ပန်းတိုင်များ ဖြစ်ကြောင်း။

**ဆင်းရဲနွမ်းပါးမှုအဆုံးသတ်စေရေး**

**"ပန်းတိုင်အမှတ်(၁)"** အနေဖြင့် ဆင်းရဲနွမ်းပါးမှုကို နေရာတိုင်းတွင် အဆုံးသတ်စေရေးပင်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအနေဖြင့် ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုကာကွယ်စောင့်ရှောက်မှုများ ရရှိရေးအတွက် အခက်အခဲများ ကြုံတွေ့နေရပြီး ဆင်းရဲနွမ်းပါးမှုနှင့် ရင်ဆိုင်ကြရကြောင်း၊ ထို့ကြောင့် ဆင်းရဲနွမ်းပါးမှု အဆုံးသတ်စေရေး ဆောင်ရွက်ရာတွင် အားလုံးပါဝင်သည့် ဖွံ့ဖြိုးမှု မဟာဗျူဟာ Inclusive Development Strategies ကို ချမှတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး မသန်စွမ်းသူများ၏ အခွင့်အရေး၊ လိုအပ်ချက်နှင့် စွမ်းဆောင်နိုင်မှုများကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ကြောင်း။

**"ပန်းတိုင်အမှတ်(၄)"** ၏ ရည်ရွယ်ချက်အနေဖြင့် အားလုံးအကျုံးဝင်ပြီး အရည်အသွေးမီ ညီမျှသည့် ပညာရေးကို ရရှိစေရေးနှင့် အစဉ်လေ့လာသင်ယူနိုင်ရေးပင်ဖြစ်ကြောင်း၊ မသန်စွမ်းသူ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ စွမ်းဆောင်ရည်ရှိသလောက် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အမှီအခိုကင်းစွာ ဘဝရပ်တည် နေထိုင်နိုင်စေရေးအတွက် အားလုံး အကျုံးဝင်ပညာရေး Inclusive Education ပေါ်ပေါက်လာစေရေး ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားနိုင်ရေး၊ ဘဝသက်တမ်းတစ်လျှောက် သင်ယူလေ့လာနိုင်စေရေး စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**"ပန်းတိုင်အမှတ်(၈)"** သည် သင့်လျော်သည့် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်ထားခြင်းဖြစ်ကြောင်း၊ ထုတ်လုပ်နိုင်စွမ်းရှိသည့် လုပ်သားအင်အားစုမှာ မသန်စွမ်းသူများကိုလည်း နိုင်ငံ၏ လူ့စွမ်းအား **စာမျက်နှာ ၄ သို့** ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါး ပြိုင်ပွဲတွင် ဂုဏ်ပြုဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ ခရီးသွားလာရေး ဂုဏ်ပြုဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မသန်စွမ်းသူများအတွက် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးရေး ဂုဏ်ပြုဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၃ မှ
အရင်းအမြစ် တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားပြီး ပံ့ပိုး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ ၈၅ ရာခိုင်နှုန်းသည် အလုပ်လက်မဲ့ဖြစ်ကြပြီး အလုပ်လုပ်ရန်ဆန္ဒရှိ၊ စွမ်းဆောင်ရည် ရှိကြသော်လည်း အလုပ်ရှင်အများစုက ငြင်းပယ်ကြသည့်အတွက် အလုပ်ရရှိရန်၊ အလုပ်လုပ်ကိုင်နိုင်ရန် အခက်အခဲရှိသူများဖြစ်ကြသည်ကို လေ့လာသိရှိရပါကြောင်း၊ မသန်စွမ်းသူများအနေဖြင့် သင့်တော်သည့် အလုပ်အကိုင်ရရှိရေး၊ အတားအဆီးကင်းသည့် လုပ်ငန်းခွင်ဖြစ်ပေါ်ရေး၊ အခြားသူများနှင့် တန်းတူ ကိုယ်ပိုင်ဝင်ငွေနှင့် ခံစားခွင့်များ ရရှိရေးတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ မသန်စွမ်းသူများကိုယ်တိုင် အလုပ်လုပ်လိုစိတ်ဖြစ်ပေါ်လာစေရေးအတွက် မိမိကိုယ်ကိုယ်ယုံကြည်မှုနှင့် အရည်အသွေးကို မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း။

### မညီမျှမှုလျှော့ချရေး

**"ပန်းတိုင်အမှတ်(၁၀)"** ၏ ရည်ရွယ်ချက်သည် နိုင်ငံတွင်းနှင့် နိုင်ငံများအကြား မညီမျှမှုလျှော့ချရေးပင်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအနေနှင့် လူ့အဖွဲ့အစည်းအတွင်းတွင် ပါဝင်ဆောင်ရွက်ခွင့်နည်းပါးခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းတို့ကို ယနေ့အထိ ကြုံတွေ့နေရဆဲပင်ဖြစ်ကြောင်း၊ မြန်မာ့လူ့ဘောင်၏ ယဉ်ကျေးမှုနှင့် လူမှုဆက်ဆံရေးတွင် ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား၊ အားနည်းသူကို ဖေးမကူညီဆိုသည့် စိတ်နေစိတ်ထားများရှိပြီးဖြစ်သည်နှင့်အညီ မသန်စွမ်းသူများကို လူမှုအသိုင်းအဝိုင်းထဲက ပစ်ပယ်မထားဘဲ အားပေးကူညီပေးလျက်ရှိကြကြောင်း၊ မသန်စွမ်းသူများကို စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာပါ ကျန်းမာကြံ့ခိုင်လာပြီး မသန်သော်လည်း စွမ်းသူများအဖြစ် ရောက်ရှိအောင် ကူညီဖေးမသွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မသန်စွမ်းသူများ၏ အခွင့်အရေးများကို သိရှိနားလည်စေရေး အသိပညာပေးဆောင်ရွက်သွားရမည် ဖြစ်သကဲ့သို့ မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုများကို မသန်စွမ်းသူများ ကိုယ်တိုင်သိရှိစေရေးနှင့် လက်လှမ်းမီ ရယူအသုံးပြုနိုင်ရေး အတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**"ပန်းတိုင်အမှတ်(၁၁)"** သည် အားလုံးအကျုံးဝင်ပြီး စဉ်ဆက်မပြတ် တိုးတက်မှုကို ဖြစ်စေမည့် မြို့ပြများနှင့် လူနေရပ်ကွက်များ ထူထောင်ရေးကို ရည်မှန်းထားရှိကြောင်း၊ အများပြည်သူသုံး ယာဉ်များကို မသန်စွမ်းသူများ အသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်း၊ အများပြည်သူနှင့် ဆိုင်သည့်နေရာ၊ အဆောက်အအုံများကို အတားအဆီးကင်းမဲ့စွာ သွားလာနိုင်စေရေး၊ Barrier Free ဖြစ်စေရေး တို့ကို စီစဉ်ဆောင်ရွက်ခြင်းတို့နှင့် မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ သွားလာနေထိုင် ပါဝင်ဆောင်ရွက်နိုင်ကြစေရန် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**"ပန်းတိုင်အမှတ်(၁၇)"** သည် မျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်များ ရရှိစေရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေးဖြစ်ကြောင်း၊ အစိုးရများအကြား၊ အစိုးရနှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သကဲ့သို မသန်စွမ်းသူများနှင့် မသန်စွမ်း အဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှုကိုလည်း လိုအပ်မည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများ အနေဖြင့် ဆုံးဖြတ်ချက် ချမှတ်သည့်အဆင့်များတွင် ပါဝင်နိုင်စေရေးနှင့် မသန်စွမ်းသူများ၏ အမြင်နှင့် သဘောထားကို အလေးထား ထည့်သွင်းပေးရေး တို့ကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေနှင့် ၂၀၁၇ ခုနှစ်တွင် နည်းဥပဒေများကို အသီးသီး ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

ထို့အပြင် **"မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ"**ကို ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံချက်၊ အာဆီယံ မဟာဗျူဟာလုပ်ငန်းစဉ် ၂၀၁၅ တို့နှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ(၅)နှစ်စီမံကိန်း ၂၀၂၂-၂၀၂၇ ကို အတည်ပြုပြဋ္ဌာန်း အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

### ကဏ္ဍစုံပါရှိ

မဟာဗျူဟာ (၅)နှစ်စီမံကိန်းတွင် မသန်စွမ်းသူများအတွက် ကျန်းမာရေး၊ ပညာရေး၊ လုပ်ငန်းနှင့် အလုပ်အကိုင်၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေ၊ အလွယ်တကူ လက်လှမ်းမီ ရယူအသုံးပြုနိုင်မှုစသည့် ကဏ္ဍစုံပါရှိကြောင်း၊ မဟာဗျူဟာ(၅)နှစ်စီမံကိန်း၏ လုပ်ငန်းစီမံချက်များကိုလည်း ရေးဆွဲအတည်ပြုထားပြီးဖြစ်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မဟာဗျူဟာအခန်း တစ်ခုချင်းစီအလိုက် လေ့လာကြည့်ပါက စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ Sustainable Development Goals နှင့် ချိတ်ဆက်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဟာဗျူဟာ (၅)နှစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ Sustainable Development Goals ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

ယခု ၂၀၂၃ ခုနှစ်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့၏ ဦးတည်ဆောင်ပုဒ်ဖြစ်သည့် **"စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့"**နှင့်အညီ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ Sustainable Development Goals ရရှိစေရေး ဦးတည်ဆောင်ရွက်ကြရာတွင် မသန်စွမ်းမှုကို အကြောင်းပြုပြီး ချန်လှပ်ထားခဲ့ခြင်းမရှိစေဘဲ မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်ရစ်စေရေး Leaving no one behind မူကို လက်ကိုင်ထားပြီး မသန်စွမ်းသူများ၏ အခွင့်အရေးကို မသန်စွမ်းသူများနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ပေးပို့သည့် သဝဏ်လွှာ ဗီဒီယိုမက်ဆေ့နှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းတို့ကို ပြသသည်။

ဆက်လက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဟန်သူက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဂုဏ်ပြုဆုရရှိကြသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဗိုလ်ချုပ်ကြီး တင်အောင်စန်းတို့က အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ ခရီးသွားလာရေး ဂုဏ်ပြုဆုရရှိကြသူများအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မသန်စွမ်းသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးရေး ဂုဏ်ပြုဆုရရှိသူများကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နားမကြားသော ကလေးများကျောင်း(မန္တလေး)မှ မသန်စွမ်းကလေးများက အိုးနှောင်အကဖြင့်လည်းကောင်း၊ မသန်စွမ်းသက်ငယ် သင်တန်းကျောင်း(ရန်ကုန်)မှ မသန်စွမ်းကလေးများက ဦးရွှေရိုးနှင့် ဒေါ်မိုး အကဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် မသန်စွမ်းသူများနှင့် သက်ဆိုင်သော စာအုပ်များ၊ လက်မှုထုတ်ကုန်ပစ္စည်းများနှင့် အထိမ်းအမှတ် ဓာတ်ပုံပြခန်းများကို ကြည့်ရှုခဲ့ကြောင်းနှင့် သီးခြားအစီအစဉ်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အိုးနှောင်အကဖြင့် ကပြဖျော်ဖြေခဲ့သည့် နားမကြားသော ကလေးများကျောင်း(မန္တလေး)မှ မသန်စွမ်းကလေးများအား ဆုတော်ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ဦးရွှေရိုးနှင့် ဒေါ်မိုး အကဖြင့် ကပြဖျော်ဖြေခဲ့သည့် မသန်စွမ်းသက်ငယ် သင်တန်းကျောင်း(ရန်ကုန်)မှ မသန်စွမ်းကလေးများအား ဆုတော်ငွေကျပ် ငါးသိန်းကို လည်းကောင်း ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးရွှေရိုးနှင့် ဒေါ်မိုးအကဖြင့် ကပြဖျော်ဖြေခဲ့သည့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်)မှ မသန်စွမ်းကလေးများအား ဆုတော်ငွေဂုဏ်ပြုချီးမြှင့်ပေးအပ်စဉ်။

- ❖ **မဟာဗျူဟာ (၅)နှစ်စီမံကိန်းတွင် မသန်စွမ်းသူများအတွက် ကျန်းမာရေး၊ ပညာရေး၊ လုပ်ငန်းနှင့် အလုပ်အကိုင်၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေ၊ အလွယ်တကူ လက်လှမ်းမီရယူအသုံးပြုနိုင်မှုစသည့် ကဏ္ဍစုံပါရှိ**
- ❖ **မဟာဗျူဟာ (၅)နှစ်စီမံကိန်း၏ လုပ်ငန်းစီမံချက်များကိုလည်း ရေးဆွဲအတည်ပြုထားပြီးဖြစ်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်**
- ❖ **မဟာဗျူဟာအခန်း တစ်ခုချင်းစီအလိုက် လေ့လာကြည့်ပါက စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ** Sustainable Development Goals **နှင့် ချိတ်ဆက်နေသည်ကို တွေ့ရှိရမည်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပရိဝုဏ်ရှိ သာသနိကအဆောက်အအုံများ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၃

သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ပရိဝုဏ်၌ သာသနိကအဆောက်အအုံများ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများနှင့် ဆဋ္ဌသင်္ဂါယနာတင်သမိုင်းဝင် မဟာသိမ်တော်ကြီးနှင့် သာသနာရေးဦးစီးဌာန ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ ကမ္ဘာအေးစာပုံနှိပ်တိုက်နှင့် ကျမ်းစာအုပ်အရောင်းဆိုင်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ပရိဝုဏ် ဟံသာသီရိကုန်းမြေရှိ ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနမှ တိုင်းတာဝန်ခံညွှန်ကြားရေးမှူး ဦးကိုကိုအေးက လုပ်ငန်းဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုမှာကြားကာ ဆရာတော်ကြီးများ သီတင်းသုံးတည်းခိုဆောင်များဖြစ်သည့် ရွှေဟင်္သာကျောင်းဆောင်၊ ဦးထွန်းကြည်ကျောင်းဆောင်၊ စိန်ရတုကျောင်းဆောင်၊ မင်းလှကျောင်းဆောင်၊ သူရဦးထွန်းတင်ကျောင်းဆောင်၊ ကပ္ပိယကျောင်းဆောင်၊ ဟံသာသီရိကုန်းမြေ မြေပြုပြင်ခြင်းနှင့် မြေယာရှုခင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ ဘွဲ့နှင်းသိမ်ဓမ္မာရုံ အမိုးအသစ်လဲလှယ်ခြင်း၊ မျက်နှာကြက်အသစ် လဲလှယ်ခြင်း၊ အတွင်းအပြင်ဆေးသုတ်ခြင်း၊ လျှပ်စစ်မီးကြိုးများ အသစ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပရိဝုဏ်အတွင်း စိုက်ပျိုးသွားမည့် မန်ကျည်းပျိုးပင်များ ပျိုးထောင်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး ပျိုးသက်တစ်နှစ်အထက် အမြင့် သုံးပေခန့်ရှိမှသာ စိုက်ပျိုးသွားရန်၊ ကျယ်ပြန့်သော ကမ္ဘာအေးကုန်းမြေတွင် လစ်လပ်သောနေရာများ၌ စားပင်သီးနှံ အရိပ်ရပင်အဖြစ် စိုက်ပျိုးသွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သာသနာရေးဦးစီးဌာန ပုံနှိပ်ထုတ်ဝေရေးဌာနခွဲကိုလည်းကောင်း၊ ပိဋကတ်ကျမ်းစာအုပ်အရောင်းဆိုင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးဌာနမှ ရိုက်နှိပ်ထားသောစာအုပ်များကို ပြတ်လပ်မှုမရှိအောင် စဉ်ဆက်မပြတ်ထားရှိရောင်းချနိုင်ရေး၊ စာအုပ်ဈေးနှုန်းမှာလည်း အမြတ်ရရှိရေးထက် ဘာသာသာသနာပြန့်ပွားရေးကိုသာ ဦးတည်ဆောင်ရွက်ရေး၊ ကျမ်းစာအုပ်များစုံလင်စွာရောင်းချနိုင်ရေးနှင့် ဝန်ထမ်းများ ဝန်ဆောင်မှုပိုင်းတွင် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ကြရန် မှာကြားသည်။

**သတင်းစဉ်**

## ပေါက်ခေါင်းမြို့နယ်၌ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ကျင်းပ

ပေါက်ခေါင်း ဒီဇင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခြေခံပညာကျောင်းပေါင်းစုံ အထက်တန်းနှင့်အလယ်တန်းအဆင့် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက အ.ထ.က(ပေါက်ခေါင်း)ကျောင်း၌ ကျင်းပသည်။

အခြေခံပညာဦးစီးဌာန၏လမ်းညွှန်မှုဖြင့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ဇာတိသွေး၊ ဇာတိမာန် အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်တိုးတက်လာစေရန် ရည်ရွယ်၍ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အဖြစ် အခြေခံပညာကျောင်းပေါင်းစုံ အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အထက(ပေါက်ခေါင်း)၊ အထက(အိုးဘိုကုန်း)၊ အထက(ကြို့ပင်ကန်)၊ အထက(ဓမ္မသော်)၊ အထက(ခွဲ)အမှတ်-၁ နှင့် အလက(အုတ်ပုံ)ကျောင်းတို့မှ အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် "အမျိုးသားနေ့နှင့် မျိုးဆက်သစ်တို့၏တာဝန်"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "အမျိုးသားနေ့အဓိဋ္ဌာန်"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့်ကဗျာပြိုင်ပွဲတွင် "အမျိုးသားရေးအားမာန်" ခေါင်းစဉ်နှင့် အလယ်တန်းအဆင့်ကဗျာပြိုင်ပွဲတွင် "အမျိုးသားနေ့မြတ် မမေ့အပ်" ခေါင်းစဉ်တို့ဖြင့် အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**



ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော
အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

## (၅) ကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

ကွမ်ကျိုး ဒီဇင်ဘာ ၃

(၅)ကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံ ( 5th World Media Summit)ကို ယနေ့ နံနက်ပိုင်းတွင် တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့ရှိ LN – Garden Hotel, Nansha Bay Marina Convention Center ၌ ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်နှင့် အဖွဲ့တက်ရောက်ကြသည်။



အစည်းအဝေးတွင် တရုတ်ကွန်မြူနစ်ပါတီ ပြည်သူ့ရေးရာဌာနမှ ဒုတိယဌာနကြီးမှူး ဟူဟောပင်၊ ကွမ်တုံပြည်နယ် အကြီးအကဲ ဝယ်ဝေဇင်း၊ ကွမ်ကျိုးခေတ္တ မြို့တော်ဝန် စန်ဇီယန်း၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးရုံး၊နိုင်ငံတကာဆက်ဆံရေးတာဝန်ခံ မီးစ် မီလစ်ဆာ ဖဲလ်မင်းနှင့် ဆင်ဟွာ၊ ကျိုဒို၊ ရိုက်တာ၊ ရုရှား – တာ့စ်၊ တရုတ်ပြည်သူ့နေ့စဉ် ၊ AFP ၊ Associated Press ၊ CMG၊ ဟိန္ဒူသတင်းအုပ်စု၊ တောင်အာဖရိက လွတ်လပ်သည့် သတင်းဌာနတို့မှ အကြီးအကဲများက မိန့်ခွန်းပြောကြားကြသည်။

ထို့ပြင် ဆင်ဟွာသတင်းဌာန အကြီးအကဲ မစ္စတာ ဖူဟွာက 5th Word Media Summit ၏ ညီလာခံဆိုင်ရာ အဖွင့်နှင့် အနှစ်ချုပ်တို့ကို ကြေညာသည်။

ယခုညီလာခံ ဆောင်ပုဒ်ကို "ကမ္ဘာလုံးဆိုင်ရာ ယုံကြည်မှုမြှင့်တင်ရန်နှင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရန် "(Boosting Global Confidence , Promoting Media Development) ဟု သတ်မှတ်ပြီး တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊ ပေါ်တူဂီ ၊ ရုရှားနှင့် စပိန်ဘာသာတို့ဖြင့် ဘာသာပြန်ဆိုကျင်းပသည်။

**ဆွေးနွေး**

ညီလာခံနှင့် ဆွေးနွေးပွဲများတွင် မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာဆန်းသစ် တီထွင်မှုနှင့် ပိုမိုကောင်းမွန်သည့် သဘောထားအမြင်များ (Media Development: New Technology, Better Vision)၊ မီဒီယာဈေးကွက်တွင် မိတ်ဖက်အဖွဲ့အစည်းသစ်များနှင့် ဈေးကွက်သစ်များ (Media Marketing: New Partners, New Markets)၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု၏ အနှစ်သာရဖြစ်သော လူထုအရေးပေါ်ကျန်းမာရေးအခြေအနေတွင် မီဒီယာတုံ့ပြန်ဆောင်ရွက်မှု (In the Spirit of Science and Coope–ration: Media Response in Public Health Emergencies )၊ လူ့အဖွဲ့အစည်းများအကြား မီဒီယာ၏ ပေါင်းကူးဆက်သွယ်မှု (Media: A Bridge Among Civilizations)၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွင်း မီဒီယာ၏အခန်းကဏ္ဍ (Media's Role in Global Development ) ဆိုင်ရာများကို ဆွေးနွေးကြသည်။

ကမ္ဘာ့မီဒီယာညီလာခံကို နိုင်ငံတကာမီဒီယာများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဆင်ဟွာ၊ အေပီ၊ ရိုက်တာ၊ ရုရှား – တာ့စ်၊ ကျိုဒို သတင်းဌာနတို့အပါအဝင် ကမ္ဘာ့နာမည်ကြီးမီဒီယာ အဖွဲ့အစည်းကြီးများက စုပေါင်း၍ ၂၀၀၉ ခုနှစ်မှစတင်ကာ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့မီဒီယာ ညီလာခံများကို ပထမအကြိမ်အဖြစ် ၂၀၀၉ ခုနှစ်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ နိုင်ငံနှင့်ဒေသပေါင်း ၇၀ ကျော်ရှိ မီဒီယာ ၁၇၀ ကျော်မှ ကိုယ်စားလှယ် ၃၀၀ ကျော် တက်ရောက်မှုဖြင့် လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၂ ခုနှစ်တွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ နိုင်ငံနှင့်ဒေသပေါင်း ၁၀၂ ခုရှိ မီဒီယာ ၂၁၃ ခုမှ ကိုယ်စားလှယ် ၃၀၀ ကျော် တက်ရောက်မှုဖြင့်လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၂၀၁၆ ခုနှစ်တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ နိုင်ငံပေါင်း ၁၀၀ မှ ကိုယ်စားလှယ် ၃၅၀ ကျော် တက်ရောက်မှုဖြင့်လည်းကောင်း၊ စတုတ္ထအကြိမ်ကို ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားခဲ့မှုကြောင့် တရုတ်နိုင်ငံ ပေကျင်းမြို့မှ Video Conference စနစ်ဖြင့် ကျင်းပရာ နိုင်ငံတကာရုပ်သံသတင်းဌာန ၂၆၀ ကျော်မှ ကိုယ်စားလှယ်ပေါင်း ၄၀၀ ခန့် တက်ရောက်မှုဖြင့်လည်းကောင်း ကျင်းပခဲ့ပြီး ယခု ၂၀၂၃ ခုနှစ်တွင် ပဉ္စမအကြိမ်အဖြစ် တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့၌ ကျင်းပရာ နိုင်ငံနှင့်သတင်းဌာန ၂၀၀ ကျော်မှ ကိုယ်စားလှယ် ၄၅၀ ကျော် တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံ့သားကောင်းများတိုးပွားရေး စာရိတ္တပညာနှင့်ပြည်သူ့နီတိ လေ့ကျင့်ပေး

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)

- ✤ စာသင်ကျောင်းကို ရောက်ရောက်ချင်း
ကျောင်းသန့်ရှင်းရေးလုပ်ပါတယ်။
- ✤ တပည့်တွေဆို မခိုမကပ်
အလှည့်ကျ သောက်ရေခပ်ပါတယ်။
- ✤ ကျောင်းတက်ချိန်မှာ သင်ယူမှတ်သားလို့
ကျောင်းနားချိန်မှာ ကစားပါတယ်။
- ✤ ကျောင်းအားခိုက်မှာ စာကြည့်တိုက်သွားလို့
မှတ်ရှုဖတ်သား ဆည်းပူးတယ်။
- ✤ ကျောင်းဆင်းချိန်မှာ ကျောင်းစိုက်ခင်းကို
ရေလောင်းပေါင်းသင် မြက်ရှင်းတယ်။
- ✤ မိဘဆရာ ရပ်ရွာကိစ္စ
ပရဟိတလည်း ဆောင်ရွက်တယ်။
- ✤ စာသင်ကျောင်းမှ ရပ်ရွာထိ
ပြည်သူ့နီတိ သိရှိလိုက်နာမယ်။
တစ်ပြည်လုံးရယ်... ညီစို့ကွယ်။ ။

**မောင်ကျေးဇူး (ကျောင်းသားလူငယ်နှင့် ပြည်သူ့နီတိ)**

နိုင်ငံအနှံ့အပြားတွင် **“လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ စာဖတ်ဝိုင်းများ၊ ကျပန်းစကားပြောပြိုင်ပွဲများ”** ကို တက်ကြွစွာကျင်းပနေကြလေရာ မင်္ဂလာရှိလှပါပေသည်။

လူငယ်အသိပညာပေးဟောပြောပွဲများတွင် လူငယ်များ၏ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဗလငါးတန်ပြည့်ဝရေး၊ စာရိတ္တကောင်းမွန်ရေး၊ ပြည်သူ့နီတိကျင့်ဝတ်နှင့် စံနှုန်းများကို လေးစားလိုက်နာသည့် နိုင်ငံ့သားကောင်းရတနာများ ပေါ်ပေါက်ရေးအကြောင်းခြင်းရာများ ပါရှိကြပါသည်။

ထိုသို့သောအကြောင်းခြင်းရာများပါရှိခြင်းမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက်အရဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃ တွင် **“နိုင်ငံတော်သည် လူငယ်များကို မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်”** ဟူသော နိုင်ငံတော်အခြေခံမူကို ပြဋ္ဌာန်းထားရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း ဦးတည်ချက် (၉) ရပ်ချမှတ်ထားရာ လူမှုရေးဦးတည်ချက်ထဲတွင် **“နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး”** ဟူသောဦးတည်ချက်ကိုချမှတ်ပြီး လက်တွေ့ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့အကောင်အထည် ဖော်ဆောင်လျက်ရှိရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားခဲ့ပြီး လူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။

အဆိုပါလူငယ်ရေးရာမူဝါဒနှင့်အညီ လက်တွေ့ဆောင်ရွက်သွားနိုင်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) ကိုလည်း ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ (၁၆) ရပ်ကို ချမှတ်ခဲ့ပါသည်။

၎င်း (၁၆) ရပ်မှာ (၁) ပညာရေးကဏ္ဍ၊ (၂) ကျန်းမာရေးဏ္ဍ၊ (၃) မူးယစ်ဆေးဝါးနှင့် အခြားဘေးဖြစ်စေတတ်သည့် အန္တရာယ်ကဏ္ဍ၊ (၄)အားကစားနှင့် အပန်းဖြေခြင်းကဏ္ဍ၊ (၅) အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ၊ (၆) စီးပွားရေးကဏ္ဍ၊ (၇) နိုင်ငံရေးကဏ္ဍ၊ (၈)စာပေအနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍ၊ (၉) သုတေသနကဏ္ဍ၊ (၁၀) သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ (၁၁) ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုကဏ္ဍ၊ (၁၂) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ (၁၃) ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကဏ္ဍ၊ (၁၄) ကျား/မ ညီမျှမှုကဏ္ဍ၊ (၁၅) လူ့အခွင့်အရေးကဏ္ဍနှင့် (၁၆) နိုင်ငံတကာဆက်ဆံရေးကဏ္ဍတို့ ဖြစ်ကြပါသည်။

လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ (၁၆) ရပ်အနက် **“ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုကဏ္ဍ”**သည် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောအခြေခံအကြောင်းတရားဖြစ်ပါသည်။

**ပြည်သူ့နီတိ**

**“နီတိ”** ၏ လိုရင်းအဓိပ္ပာယ်မှာ **“လမ်းညွှန်ခြင်း၊ ဆောင်ခြင်း”**ပင်ဖြစ်သည်။ ကောင်းမွန်သည်ကို လမ်းညွှန်ပြီး အကျိုးစီးပွားကိုဆောင်ခြင်းသည် **“နီတိ”** ပင်ဖြစ်သည်။

**“လောကဿ ဟိတံ နေတီတိ နီတိ”**

**လောကဿ** = လောကကြီး၏(တစ်နည်းအားဖြင့်) လူအများ၊ ပြည်သူအများ၏။
**ဟိတံ** = အကျိုးစီးပွားကို။
**နေတီတိ** = ရွက်ဆောင်တတ်၏။
**ဣတိ-တသ္မာ** = ထို့ကြောင့်
**နီတိ** = နိတိမည်၏. . . ဟု ဖွင့်ဆိုထားသည်။

ပြည်သူ့နီတိဆိုသည်မှာ ပြည်သူများလိုက်နာဆောင်ရွက်ရန်ကျင့်ဝတ်ဟူ၍ မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

> **“အသက်အရွယ်ပေါ်မူတည်ပြီး လုပ်အားတန်ဖိုး ချစ်မြတ်နိုးအောင်၊ နိုင်ငံနှင့်လူမျိုးကို ချစ်အောင်၊ စုပေါင်းဆောင်ရွက်တတ်အောင်၊ တရားတာနှင့် မတရားတာကို ခွဲခြားတတ်အောင်၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိအောင်၊ အတက်အကျသဘောကိုနားလည်ပြီး အားကျအတုယူချင်အောင်၊ တာဝန်သိစိတ်နှင့် တာဝန်ကျေပွန်အောင်၊ သစ္စာတရားကို ခိုင်မြဲစွာကျင့်သုံးတတ်အောင်၊ စည်းကမ်းရှိအောင်၊ နူးညံ့သိမ်မွေ့အောင်၊ လူမှုရေးတာဝန်ကျေပွန်အောင်၊ သက်ဆိုင်ရာဘာသာရေးကို ရှိသေကိုင်းရှိုင်းလာအောင်၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်တတ်အောင် သာဓကဥပမာများဆောင်ပြီး လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်”**

အရွယ်မရွေး၊ အဆင့်အတန်းမရွေး၊ သူ့အဆင့်၊ သူ့အလွှာအလိုက်၊ လိုက်လျောညီထွေ ကိုက်ညီနေသည့် ပြည်သူ့နီတိကျင့်ဝတ်များရှိနေကြသည်။

အနိမ့်ဆုံးအဆင့်ကို ဆိုရပါမူ။ **“ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား”** ကြရမည်။ ကလေးဘဝကတည်းက “ရိုသေထိုက်သူကို ရိုသေကြရမည်” ဟု (၃၈) ဖြာ မင်္ဂလာတရားတော်နှင့်အညီ သင်ကြားပေးထားကြရန် လိုအပ်လှပါသည်။

အမှန်တကယ်တော့ **“သင်္ဂါလောဝါဒသုတ်”**လာ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာ့ကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ လင့်ကျင့်ဝတ်၊ မယားကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ်၊ အရှင့်ကျင့်ဝတ်၊ ကျွန်ကျင့်ဝတ်၊ ဒါယကာကျင့်ဝတ်၊ ရဟန်းကျင့်ဝတ်များသည် ပြည်သူ့နီတိကျင့်ဝတ်များပင်ဖြစ်ကြသည်။

မူလတန်းကျောင်းသား ကျောင်းသူအရွယ်မှစ၍ **“စကားပြောရင် ယဉ်ကျေးသိမ်မွေ့ရမယ်။ ကြမ်းကြမ်းတမ်းတမ်းမပြောရဘူး။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ နူးညံ့ချိုသာကြရမယ်။ စားသောက်ရင် ပါးစပ်က တပြက်ပြက် မမြည်ရဘူး။ မိဘအရင် မစားသောက်ရဘူး။ အိမ်ပေါ်မှာ ခြေသံပြင်းပြင်းနင်းရင် ဆင်းရဲတတ်တယ်။ မိဘဆရာတွေနဲ့ ကိုယ့်ထက်အသက်ကြီးသူတွေရဲ့ရှေ့က ဖြတ်သွားရင် ကိုယ်ကို ညွှတ်သွားရမယ်။ သံဃာတော်တွေရဲ့အရိပ်ကို မနင်းမိစေရဘူး”** စသည်ဖြင့် နားလည်သဘောပေါက်အောင် ရှေ့ဆောင်လမ်းပြပေးနေကြရန် လိုအပ်လှပါသည်။

အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူအရွယ်တွင် ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ချင်းစာနာမှု၊ လူကြီးမိဘဆရာသမားများ၏ ပြောဆိုဆုံးမ၊ လမ်းညွှန်မှုများကို နာခံတတ်မှု၊ စည်းကမ်းရှိမှု၊ တာဝန်ကျေပွန်မှု၊ စကားပြောချိုသာမှု၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာယဉ်ကျေးသိမ်မွေ့မှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု. . . အစုစုတို့ကို သင်ကြားပို့ချလေ့ကျင့်ပျိုးထောင်ပေးကြစေချင်ပါသည်။

အသက်အရွယ်ပေါ်မူတည်ပြီး လုပ်အားတန်ဖိုး ချစ်မြတ်နိုးအောင်၊ နိုင်ငံနှင့်လူမျိုးကို ချစ်အောင်၊ စုပေါင်းဆောင်ရွက်တတ်အောင်၊ တရားတာနှင့် မတရားတာကို ခွဲခြားတတ်အောင်၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိအောင်၊ အတက်အကျသဘောကိုနားလည်ပြီး အားကျအတုယူချင်အောင်၊ တာဝန်သိစိတ်နှင့် တာဝန်ကျေပွန်အောင်၊ သစ္စာတရားကို ခိုင်မြဲစွာကျင့်သုံးတတ်အောင်၊ စည်းကမ်းရှိအောင်၊ နူးညံ့သိမ်မွေ့အောင်၊ လူမှုရေးတာဝန်ကျေပွန်အောင်၊ သက်ဆိုင်ရာဘာသာရေးကို ရိုသေကိုင်းရှိုင်းလာအောင်၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်တတ်အောင် သာဓကဥပမာများဆောင်ပြီး လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်လှပါသည်။

သာဓကဆောင်ကြသည့်နေရာတွင် “ကဗျာ၊ ပုံပြင်၊ စကားပုံ၊ ဆိုရိုးစကားများ၊ ဝတ္ထုများနှင့် ကျောင်းသင်ဘာသာရပ်များထဲမှဖြစ်စေ၊ မြင်သာသိသာသည့် လက်တွေ့ဖြစ်ရပ်မှန်များထဲမှဖြစ်စေ” ထုတ်နုတ်ပြီး ကလေးသူငယ်များ၏ နှလုံးသားထဲတွင် စွဲမြဲနေအောင် အခါအခွင့်သင့်သလို လေ့ကျင့်ပေးကြစေချင်ပါသည်။ ထို့ကြောင့် ပြည်သူ့နီတိကျင့်ဝတ်များကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို ယခင်က သင်ကြားပေးခဲ့ကြရပါသည်။

ထိုသို့သင်ကြားပေးခဲ့ကြရာတွင် ပြည်သူ့နီတိကျင့်ဝတ်နှင့်ပတ်သက်၍ (၁) မူလတန်းပြည်သူ့နီတိသင်ကြားရေး၊ (၂) အလယ်တန်းအဆင့် စာရိတ္တနှင့်ပြည်သူ့နီတိသင်ကြားရေးနှင့် (၃) အထက်တန်းအဆင့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်သိကောင်းစရာများကို ရေးဆွဲပြဋ္ဌာန်းပြီး သင်ကြားခဲ့ကြပါသည်။

ပြည်သူ့နီတိသင်ကြားခြင်း၏ ယေဘုယျရည်ရွယ်ချက်များမှာ-

၁။ နိုင်ငံချစ်စိတ်၊ ဇာတိမာန်နှင့် မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊
၂။ လူကြီး၊ မိဘ၊ ဆရာသမားများကို ရိုသေလေးစားတတ်စေရန်၊
၃။ ရိုးသား၍ ယဉ်ကျေးစွာ ပြုမူနေထိုင်ပြောဆိုတတ်စေရန်၊
၄။ ပညာပြည့်ဝပြီး ကိုယ်ကျင့်တရားကောင်းမွန်စေရန်၊
၅။ ရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုးတန်ဖိုးထား ထိန်းသိမ်းရန်နှင့် ယဉ်ကျေးစွာဆက်ဆံတတ်စေရန်၊
၆။ သန့်ရှင်းကျန်းမာအောင် နေထိုင်တတ်စေရန်၊
၇။ တာဝန်သိ၍တာဝန်ကိုကျေပွန်စွာထမ်းဆောင်သူများဖြစ်လာစေရန်၊
၈။ စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးလာစေရန်၊
၉။ အများနှင့် စုပေါင်းလုပ်ဆောင်နေထိုင်တတ်စေရန်၊
၁၀။ အများအကျိုးဆောင်ရွက်သည့် စိတ်ဓာတ်ဖွံ့ဖြိုးရင့်သန်စေရန်၊
၁၁။ တရားဥပဒေနှင့်စည်းကမ်းကို ရိုသေထိန်းသိမ်းလိုက်နာတတ်စေရန်၊
၁၂။ ပြည်သူပြည်သားကောင်း၊ နိုင်ငံသားကောင်းများ ဖြစ်လာစေရန် ဟူ၍ဖြစ်ပါသည်။

**စာရိတ္တနှင့် ပြည်သူ့နီတိ**

**“စာရိတ္တ”**ဆိုသည်မှာ ကိုယ်ကျင့်တရားဖြစ်ပြီး **“ပြည်သူ့နီတိ”**မှာ ပြည်သူများ လိုက်နာဆောင်ရွက်ရန်ကျင့်ဝတ်ဖြစ်သည်။ ထို့ကြောင့် စာရိတ္တနှင့်ပြည်သူ့နီတိသည် တစ်သားတည်းဒွန်တွဲဆက်စပ်နေပါသည်။ အပြန်အလှန်အကျိုးပြုနေပါသည်။ ပြည်သူ့နီတိကျင့်ဝတ်များနှင့် အညီ နေထိုင်ကျင့်ကြံကြမှသာလျှင် စာရိတ္တကောင်းမွန်သူ ဖြစ်လာနိုင်ပါသည်။ စာရိတ္တကောင်းမွန်သူဖြစ်မှလည်း နီတိကျွမ်းကျင်သောပြည်သူဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို တွဲဖက်ပြီး ရေးဆွဲပြဋ္ဌာန်းပို့ချသင်ကြားနေကြခြင်းဖြစ်ပါသည်။

**စင်ကာပူနိုင်ငံ၏ ပြည်သူ့နီတိနှင့် စာရိတ္တပညာ**

စင်ကာပူနိုင်ငံတွင် ၁၉၆၅ ခုနှစ် လွတ်လပ်ရေးရပြီးကတည်းက စာရိတ္တပညာရေးကို ကျောင်းများတွင် အရေးကြီးဘာသာရပ်အဖြစ် သင်ကြားပေးခဲ့ကြပါသည်။ ၁၉၅၀ ပြည့်လွန်နှစ်များက မူလတန်းနှင့် မူလတန်းလွန်ကျောင်းများတွင် ကိုယ်ကျင့်တရားများကို ပြဋ္ဌာန်းခဲ့သောကြောင့် မိမိကိုယ်မိမိလေးစားပြီး နိုင်ငံသားကောင်းဖြစ်စေရမည် ဟူသောရည်ရွယ်ချက်ကို စွဲမြဲသွားစေခဲ့ပါသည်။ **စာမျက်နှာ ၇ သို့** ✳

# ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် ကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၃**

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ သူငယ်တော်ယေဇူး မသန်စွမ်းနှင့် မိဘမဲ့ဂေဟာခန်းမ၌ ကျင်းပသည်။



အထိမ်းအမှတ်အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၄ ခုနှစ်မှစတင်၍ အစဉ်အလာမပျက် ကျင်းပခဲ့ကြောင်း၊ မသန်စွမ်းသူများအတွက် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မသန်စွမ်းသူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုကို အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း၊ မသန်စွမ်းသူများ၏ ဘဝအခြေအနေ မြင့်မားတိုးတက်စေရေး၊ နောက်ကျမကျန်စေရေးအတွက် တီထွင်ဆန်းသစ်မှုနည်းပညာနှင့် ပြုပြင်ပြောင်းလဲနိုင်သည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်၍ လက်လှမ်းမီ ရယူအသုံးပြုနိုင်ပြီး ညီမျှသည့် လူ့အသိုင်းအဝိုင်းဖြစ်ပေါ်လာစေရေး ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့လာသော သဝဏ်လွှာ Video Clip ပြသခြင်း၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် Video Clip ပြသပြီး သူငယ်တော်ယေဇူး မသန်စွမ်းနှင့် မိဘမဲ့ဂေဟာမှ ကလေးငယ်များက မေတ္တာစက်ဝိုင်းသီချင်းဖြင့် အဖွဲ့လိုက်သီဆိုဖျော်ဖြေခြင်းနှင့် လိုက်ခဲ့တော့ သူငယ်ချင်း သီချင်းဖြင့် တေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မသန်စွမ်းကလေးများအား အမှတ်တရလက်ဆောင်ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက သူငယ်တော်ယေဇူး မသန်စွမ်းနှင့် မိဘမဲ့ဂေဟာအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်း အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အခမ်းအနား တက်ရောက်

**စစ်တွေ ဒီဇင်ဘာ ၃**

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၁၉၉၄ ခုနှစ်မှစတင်၍ အစဉ်အလာမပျက် ကျင်းပခဲ့ကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်းကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေနှင့် ၂၀၁၇ ခုနှစ်တွင် နည်းဥပဒေများကို အသီးသီးပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ထို့ပြင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံချက်၊ အာဆီယံမဟာဗျူဟာလုပ်ငန်းစဉ်(၂၀၂၅)တို့နှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ (၅)နှစ်စီမံကိန်း ၂၀၂၂-၂၀၂၇ ကို အတည်ပြုပြဋ္ဌာန်း အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မဟာဗျူဟာ(၅)နှစ်စီမံကိန်းမှာ မသန်စွမ်းသူများအတွက် ကျန်းမာရေး၊ ပညာရေး၊ လုပ်ငန်းနှင့် အလုပ်အကိုင်၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေ၊ အလွယ်တကူလက်လှမ်းမီ ရယူအသုံးပြုနိုင်မှုစသည့် ကဏ္ဍစုံပါရှိကြောင်း၊ ထို့ကြောင့် မဟာဗျူဟာ(၅)နှစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals)ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်းနှင့် ယခုနှစ်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့၏ ဦးတည်ဆောင်ပုဒ်နှင့်အညီ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Develo-pment Goals)ရရှိစေရေး ဦးတည်ဆောင်ရွက်ကြရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်ရစ်စေရေး(Leaving no one behind)မှုကို လက်ကိုင်ထားပြီး မသန်စွမ်းသူများ၏အခွင့်အရေးကို မသန်စွမ်းသူများနှင့် အတူပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။




ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ Video Clip အား ပြသပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အစိုးရအဖွဲ့ဝင်များက အခမ်းအနားသို့ တက်ရောက်လာကြသည့် မသန်စွမ်းသူများအား လက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။ ယင်းနောက် မသန်စွမ်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် Video Clip အား ပြသခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

✳ **စာမျက်နှာ ၆ မှ**

၁၉၆၀ ပြည့်နှစ်လွန်များက မူလတန်းနှင့် အလယ်တန်းများတွင် **“ပြည်သူ့နီတိ”**နှင့် အစားထိုးခဲ့ပါသည်။ ၁၉၇၄ ခုနှစ်တွင် ပြည်သူ့နီတိသင်ရိုးကို ပြန်လည်ပြင်ဆင်ရာမှ **“ဘဝနေနည်းပညာရေးလမ်းညွှန်”** အဖြစ် ရောက်သွားခဲ့ပါသည်။ သစ္စာရှိ၊ တာဝန်သိနိုင်ငံသားများ၏ တာဝန်များပါရှိသောကြောင့် အကျိုးရှိခဲ့ကြပါသည်။

၁၉၇၉ ခုနှစ်တွင် မူလတန်းနှင့် မူလတန်းလွန်ကျောင်းများတွင် **“ပြည်သူ့နီတိနှင့် ဘဝနေနည်းပညာရေး”** တို့ကို **“စာရိတ္တပညာရေး”**နှင့် အစားထိုးခဲ့ရာတွင် (က)လူတစ်ဦးချင်း အကျင့်စာရိတ္တဖွံ့ဖြိုးစေရေး၊ (ခ) လူမှုရေးတာဝန်ကျေပွန်စေရေး၊ ရပ်ရွာအဖွဲ့ဝင်တစ်ဦးပါလားဆိုသောအသိ ကိန်းအောင်းရေး၊ ယဉ်ကျေးမှုအမွေကို လေးစားရေး၊ (ဂ) နိုင်ငံအပေါ် သစ္စာရှိရေး၊ နိုင်ငံချစ်စိတ်၊ နိုင်ငံတည်ဆောက်ရေးစိတ်ဓာတ်ရှိရေးဟူသော ရည်ရွယ်ချက်များထားရှိခဲ့ကြပါသည်။

၁၉၈၃ ခုနှစ်တွင် ကျောင်းများအတွက် စာရိတ္တပညာသင်ရိုးညွှန်းတမ်းကို ထုတ်ပြန်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် စာရိတ္တပညာသင်ရိုးကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

ဖော်ပြပါပြည်သူ့နီတိနှင့် စာရိတ္တပညာပြဋ္ဌာန်းသင်ကြားပို့ချပေးခဲ့ခြင်းကြောင့် လူမျိုးပေါင်းစုံနေထိုင်ကြသော်လည်း စည်းကမ်းရှိ၊ ယဉ်ကျေးမှုပြည့်ဝသော စင်ကာပူနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်မြင့်ဂုဏ်တင့်နေခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ယခင်က မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ဆရာဆရာမလမ်းညွှန် **“စာရိတ္တပညာ”**စာအုပ်များ ပေးအပ်ခဲ့ကာ ကျောင်းသားကျောင်းသူများအား ကျောင်းစာများနှင့်ညှပ်၍ သင်ကြားပေးခဲ့ကြပါသည်။ ဆရာကိုင် **“စာရိတ္တပညာ”** စာအုပ်ထဲပါ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြောင့်မတ်မှု၊ ကြိုးစားမှု၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးမှု၊ ညှာတာမှု၊ ဖွဲ့သတ္တိရှိမှု၊ အကျင့်စာရိတ္တကောင်းမွန်မှုများကို ကလေးသူငယ်များ အားကျအတုယူကြစေရေးအတွက် လိုက်ဖက်သည့် အောက်ဖော်ပြပါကဗျာကို ရွတ်ဆိုပြပြီး ဆွဲဆောင်ပျိုးထောင်ခဲ့ကြပါသည်-

**အရဏ်ဦးက ကြယ်နီဖြာ**
**ဗိုလ်ချုပ်အောင်ဆန်းပါ။**
**တို့မြန်မာပြည်၊ အမှောင်တွင်း**
**သူ ခေါင်းဆောင်လို့လင်း။**
**စိတ်ရင်းမှန်လို့၊ သစ္စာတည်**
**ဗိုလ်ချုပ်အာဇာနည်။**
**တို့ပြည်ကောင်းအောင်၊ သူသယ်ပိုး**
**သူ့ဂုဏ်ဘယ်မညှိုး။**
**ရိုးသားဖြောင့်မတ်၊ သူ့မူရာ**
**ငယ်ငယ်ကတည်းကပါ။**
**မြန်မာပြည်သူ့အချစ်ပန်း**
**ဗိုလ်ချုပ်ဦးအောင်ဆန်း။** ။

**“စာရိတ္တ ပညာ”**ဆိုသည့်စာအုပ်ကလေးထဲမှ ထိုကဗျာကို ရုပ်ပုံကားချပ်များ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြစ်စဉ်များနှင့် ရှင်းပြခဲ့ကြရာ ကလေးသူငယ်များ အားကျအတုယူလာခဲ့ကြပါသည်။

ပုံပြင်ထဲက သာဓကများအဖြစ် **“ပုစွန်ကြံတတ်၊ ဖျိုင်းလည်ပြတ်”**၊ **“သမင်နှင့်ကျား”**၊ **“ဆင်ဆိုးကြီးနှင့် ဘီလုံးငှက်မလေး”**၊ **“ယုန်နှင့်လိပ် အပြေးပြိုင်ပွဲ”** ပုံပြင်များကို စိတ်ပါဝင်စားလာအောင် ရှင်းပြကြရင်း သင်ခန်းစာရအောင် စွမ်းဆောင်ပေးကြရန်လိုအပ်လှပါသည်။

လေ့ကျင့်ပျိုးထောင်မှု မှန်ကန်လျှင်၊ မှန်ကန်သည့်အလျောက် ထွန်းတောက်ထူးချွန်သူများ ပွားများလာပေမည်။ စာရိတ္တကောင်းမွန်ပြီး တာဝန်ကျေပွန်သူများ၊ နိုင်ငံ့သားကောင်းများ ထွန်းကားလာပေမည်။

ထို့ကြောင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်က **“စာရိတ္တမဏ္ဍိုင်”** တည်ဆောက်ရာတွင် မိဘနှင့် မူလတန်းကျောင်းဆရာ ဆရာမများသည် အရေးပါဆုံးဗိသုကာကြီးများဖြစ်ကြသည်ဟု ရေးသားခဲ့ပါသည်။

နွေရာသီကျောင်းပိတ်ရက်များတွင် **“ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ”** ဖွင့်လှစ်နိုင်ကြသည့်နေရာဒေသများတွင်သာ လူငယ်များ လေ့လာသင်ကြားခွင့်ရနေကြပါသည်။

လက်ရှိကလေးလူငယ်ပမာဏနှင့် နှိုင်းဆကြည့်ပါမူ အလွန်ပင်အားနည်းလှပါပေသည်။

ကျွန်တော်တို့နိုင်ငံသည် တခြားသောနိုင်ငံများထက် မှုခင်းနည်းပါးသည့်နိုင်ငံဖြစ်သည်။ ကမ္ဘာပေါ်၌ ၁၈ စက္ကန့်တိုင်းတွင် အကြမ်းဖက်မှုတစ်ခုဖြစ်ပွားသည့်နိုင်ငံရှိသကဲ့သို့ လူသတ်မှုအများဆုံးနိုင်ငံ၊ အဓမ္မကျင့်မှုအများဆုံးနိုင်ငံများလည်း ရှိနေကြပါသည်။

ထိုနိုင်ငံများထက် ကျွန်တော်တို့နိုင်ငံသည် ရာဇဝတ်ပြစ်မှုများနည်းပါးရခြင်းမှာ **“ဓမ္မနီတိ”**၊ **“လောကနီတိ”**၊ **“ရာဇနီတိ”**ဟူသော နီတိကျင့်ဝတ်များ၏ ဆုံးမပဲ့ပြင်မှုနှင့် **“ဓမ္မသတ်”**၊ **“ရာဇသတ်”**များ၏ ထိန်းချုပ်မှုအောက်တွင် နှစ်ပေါင်းထောင်ချီပြီး ရင့်ကျက်သိမ်မွေ့ယဉ်ကျေးသည့် ရိုးရာဓလေ့များကြောင့်ပင်တည်း။

ဤအစဉ်အလာကောင်းကို ဆက်လက်ထိန်းကျောင်းကြသင့်ပါသည်။ “အမျိုးသားစည်းကမ်းအစ၊ စာသင်ကျောင်းက”ဟု ဆိုခဲ့ကြသည့်နှယ် “ယဉ်ကျေးမှုနှင့် စာရိတ္တဖွံ့ဖြိုးမှုအစ၊ ပြည်သူ့နီတိက”ဟု ဆိုချင်ပါသည်။ ပြည်သူ့နီတိကျင့်ဝတ်များနှင့်အညီသာ သွားလာ၊ ပြုမူ၊ ပြောဆိုနေထိုင်နိုင်ကြပါလျှင် လူ့လောကကြီးသည် အနိဋ္ဌာရုံများကင်းဝေးပြီး အေးချမ်းသာယာသည့် ဣဋ္ဌာရုံများနှင့်ပြည့်စုံကာ လူသားတိုင်း နေပျော်ဘဝကို ရရှိခံစားနိုင်ကြမည်မှာ မြေကြီးလက်ခတ်မလွဲ အသေအချာပဲရယ်လို့ ဟစ်ကြွေးလိုက်ချင်ပါတော့သည်။ ။

**ကျမ်းကိုး-**

**ဆရာကိုင်လက်စွဲ စာရိတ္တပညာ**
**မောင်ကျေးဇူး၏ ပြည်သူ့နီတိကဗျာ**
**ဆရာတင်စိုး(နီတိအတွေး)၏ ပြည်သူ့နီတိနှင့် လက်တွေ့ဘဝ**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ သစ်တောစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်ရှိ အမှတ်(၅) သစ်တောသုတေသနစခန်း မိုးစွေသို့သွားရောက်၍ ဆောင်းရာသီ တောတွင်းလက်တွေ့ကွင်းဆင်းခြင်း ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံသစ်တောကျောင်း ပြင်ဦးလွင်မြို့ အခြေခံသစ်တောပညာသင်တန်း အမှတ်စဉ်(၁၁၇)မှ သင်တန်းသားများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ သစ်တောကျောင်းသည် ၁၈၉၈ ခုနှစ်မှစပြီး အခြေခံသစ်တောပညာရပ်များကို သင်ကြားပို့ချပေးခဲ့ရာ ယခု ၁၂၅ နှစ် တိုင်ခဲ့ပြီဖြစ်ပြီး ခေတ်အဆက်ဆက် သစ်တောအမှုထမ်းကောင်းများစွာ မွေးထုတ်ပေးနိုင်ခဲ့ရာ ယနေ့အထိ ၆၅၀၉ ဦး ရှိပြီဖြစ်ကြောင်း၊ အမှတ်စဉ်(၁၁၇)တွင်သင်တန်းသား ၁၀၆ ဦးကိုအခြေခံသစ်တောပညာ ဘာသာရပ် ၁၅ မျိုး သင်ကြားပို့ချလျက်ရှိကြောင်း၊ ယခုကဲ့သို့ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းဖြင့် သစ်တောလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျကျွမ်းကျင်တတ်မြောက်စေရန်၊ လုပ်ငန်းခွင်တွင် ကိုယ်တိုင်ဦးဆောင်၍ အောင်မြင်အောင်ဆောင်ရွက်နိုင်စေရန်နှင့် စိတ်ဓာတ်၊ စည်းကမ်း၊ ဝီရိယ၊ ပညာ၊ ဖွဲ့ ပြည့်ဝသော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်ကြောင်း၊ သင်ကြားပေးခဲ့သည့် စာတွေ့၊ လက်တွေ့ ပညာရပ်များနှင့် အတွေ့အကြုံများကို ပေါင်းစပ်ပြီး မိမိတို့တာဝန်ကျရာ နယ်ပယ်အသီးသီးရှိ သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ထိထိရောက်ရောက် အကျိုးရှိအောင် အသုံးချသွားကြရန်တိုက်တွန်းမှာကြားကာ သင်တန်းသားများ၏ အိပ်ဆောင်စခန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သစ်တောသုတေသနစခန်း ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားသော ပျိုးပင် ၃၀၀၀၀ ကျော် ထိန်းသိမ်းထားမှုနှင့် ကြိုတင်ပျိုးထောင်ခြင်း ဆောင်ရွက်လျက်ရှိသော ပျိုးပင် ၃၀၀၀၀ တို့၏ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သစ်တောစိုက်ခင်းများအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်အပင်များ ရရှိနိုင်စေရန်ရည်ရွယ်၍ တည်ထောင်ထားသော ဥတ္တရသီရိမြို့နယ် ငလိုက်ကြိုးဝိုင်း အကွက်အမှတ်(၇၂)ရှိ ခန္ဓာပိုင်းမျိုးပွားဥယျာဉ်(Hedge Garden)ကို ကြည့်ရှုရာ တာဝန်ရှိသူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ယမနေ၊ တမလန်း သစ်မျိုးများအား ခန္ဓာပိုင်းမျိုးပွားနည်းစနစ်ဖြင့် မျိုးပွားယူမှုအဆင့်ဆင့်နှင့် ရေငွေ့ထိန်းခန်းအတွင်း ပျိုးထောင်ဆောင်ရွက်ထားရှိမှု အခြေအနေကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကွဲပြားခြားနားသော ကျွန်းမျိုးရိုးဗီဇများ ထိန်းသိမ်းရန်အတွက် ကျွန်းပေါက်ရောက်ရာ ဒေသ လေးခုမှ ကျွန်းမျိုးများဖြင့် တည်ထောင်ထားသော ငလိုက်ကြိုးဝိုင်း အကွက်အမှတ်(၁၇)ရှိ ကျွန်းမျိုးရိုးဗီဇထိန်းသိမ်းရေးစိုက်ခင်း ၁၆ ဧကသို့ သွားရောက်၍ ဒေသအလိုက် ကျွန်းမျိုးသန့်များဖြင့် စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးခဲ့ပြီး ယခု ပျမ်းမျှအမြင့် ၃ ပေ ၈ လက်မရှိပြီဖြစ်သော ငလိုက်ကြိုးဝိုင်း အကွက်အမှတ်(၁၇)အတွင်းရှိ (၁/၂၀၂၃)စီးပွားရေးကျွန်းစိုက်ခင်းဧက ၁၀၀ ၏အောင်မြင်မှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စိုက်ခင်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငလိုက်ကြိုးဝိုင်း အကွက်အမှတ်(၁၇)ရှိ ပျမ်းမျှအမြင့် ၅ ပေ ၂ လက်မ ရှိပြီဖြစ်သော (၁/၂၀၂၂)စီးပွားရေးကျွန်းစိုက်ခင်း၏ ရှင်သန်အောင်မြင်မှု၊ မြန်မာနိုင်ငံသစ်တောကျောင်း သင်တန်းသားများ၏ စိုက်ခင်းမီးတားလမ်းဖောက်လုပ်ခြင်း၊ စစ်ဆေးရေးလမ်းဖောက်လုပ်ခြင်း၊ အကွက်နယ်နိမိတ်တိုင်းတာခြင်းနှင့် စိုက်ခင်းနှင့် အကွက်နယ်နိမိတ် ဘုတ်တိုင်စိုက်ထူခြင်း လက်တွေ့ကွင်းဆင်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ငလိုက်ဆည် ရေဝေရေလဲဒေသများ ထိန်းသိမ်းရန် ရည်ရွယ်စိုက်ပျိုးထားသော ငလိုက်ကြိုးဝိုင်း အကွက်အမှတ်(၇၇)အတွင်းရှိ (၂/၂၀၂၃)ရေဝေရေလဲ စိုက်ခင်းဧက ၅၀ သို့ သွားရောက်၍ စိုက်ခင်းရေသွင်းစိုက်ပျိုးခဲ့မှုနှင့် ရှင်သန်အောင်မြင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒီဇင်ဘာ လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲ ကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၃**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ပထမဆုံးပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲကို ယမန်နေ့နံနက် ၆ နာရီက တောင်ကြီးမြို့ စူဠာမုနိဘုရားအနီးရှိ လမ်းဆုံမှ ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း လျှောက်လာကြပြီး ပြည်နယ်အားကစားကွင်း၌ သွေးပူလေ့ကျင့်ခန်း ပြုလုပ်သည်။



**လေ့ကျင့်ခန်းများ ဆောင်ရွက်**

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ခြင်းကို ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က တာလွှတ်ပေးပြီး စူဠာမုနိဘုရားမှ ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း လမ်းလျှောက်ကြကာ ပြည်နယ်အားကစားကွင်း၌ ကိုယ်လက်သွေးပူလေ့ကျင့်ခန်း အတွဲ(၁) အမှတ်(၂) ပြုလုပ်ကြပြီး အကြောဖြေ လေ့ကျင့်ခန်းများ ဆောင်ရွက်ကြသည်။

ဒီဇင်ဘာ လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်ကြီး ပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ အားကစားနှင့် ကာယပညာ(သိပ္ပံ)မှ ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ် ၂၂ ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၉၀၀၀ ကျော် ပါဝင်လမ်းလျှောက်ကြပြီး အားကစားပြိုင်ပွဲများ ကျင်းပ၍ ကံစမ်းမဲများဖောက်ပေးကာ ဆုမဲပေါက်သူများအား ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အနုညာတစီရင်ဆုံးဖြတ်ခြင်းသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၃**

ကြားဝင်စေ့စပ်ခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း သိကောင်းစရာ သင်တန်းအမှတ်စဉ်(၇)ကို မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(အမ်အိုင်အေစီ) တရားဝင် တည်ထောင်ထားသော Myanmar International Arbitration Centre (MIAC) Incorporated ဗဟိုသင်တန်းခန်းမ၌ ဒီဇင်ဘာ ၂ ရက်နံနက်ပိုင်းကဖွင့်လှစ်ရာ ဗဟိုဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းတာဝန်ခံဆရာကြီး ဦးကျူးခေါင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းဆရာများက မိတ်ဆက်စကားပြောကြားကြသည်။

သင်တန်းအမှတ်စဉ်(၇)ကို ဒီဇင်ဘာ ၂ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ဆက်လက်၍ Advanced နှင့်Arbitrator Course များကို ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၂ ရက်မှ ၂၃ ရက်အထိ အပတ်စဉ် စနေနေ့တိုင်း တစ်ရက်လျှင် လေးချိန်စီဖြင့် ဆရာကြီး၊ ဆရာမကြီး ၁၀ ဦးတို့က အလှည့်ကျသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းတင်**




# မိုင်းပန်မြို့နယ်၌ တီဘီရောဂါရှာဖွေကုသခြင်းလုပ်ငန်း ဆောင်ရွက်



**မိုင်းပန် ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ တီဘီရောဂါရှာဖွေကုသခြင်းကို ဒီဇင်ဘာ ၁ ရက်က မြို့နယ်၏ ခက်ခဲဒေသဖြစ်သော ပန်ပိကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ရှာဖွေကုသစစ်ဆေးခဲ့သည်။

အဆိုပါ တီဘီရောဂါရှာဖွေကုသခြင်းတွင် ပြည်နယ်တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ဒေါက်တာအိအိချော၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနိုင်လင်းထွန်းနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများက ပန်ပိကျေးရွာ၌ တီဘီရောဂါရှာဖွေကုသခဲ့ရာ ဓာတ်မှန်ရိုက်သူပေါင်း ၂၀၆ ဦး၊ ဆေးကုသမှုခံယူသူပေါင်း ၁၈၉ ဦးနှင့် တီဘီရောဂါ(အသစ်)တွေ့ရှိသူ ခုနစ်ဦးရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၃**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ကျဆုံးလေပြီးသော သူရဲကောင်းစစ်သည်များအတွက် ဒသမအကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနား ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၃

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ ကျဆုံးစစ်သည်များအား အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားအား ဒသမကြိမ်မြောက် အဖြစ် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ကျင်းပသည်။

အဆိုပါ ဂါရဝပြုဆုတောင်းပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား)နှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ပါတီခေါင်းဆောင်များ၊ ရောင်နီဦးနှင့် မိတ်ဆွေများ ပရဟိတအသင်း၊ ရွှေပြည်တော်သို့ ဆုံမှတ်ပရဟိတအသင်းနှင့် တပ်မတော်အား ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဦးစွာ အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သီချင်းသီဆိုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည့် သူရဲကောင်းစစ်သည်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား ရည်စူး၍ ဝမ်းနည်းခြင်း အထိမ်းအမှတ် နှစ်မိနစ်ငြိမ်သက်ခြင်း၊ သူရဲကောင်းစစ်သည်များ မြင့်မြတ်သောကောင်းမွန်ရာဘုံဘဝ ရောက်ရှိစေရန် မီးပုံးပူဖောင်းများ လွှတ်တင်ခြင်း၊ ထာဝရငြိမ်းချမ်းရေးရရှိစေရန်ရည်မှန်း၍ အထိမ်းအမှတ် ချိုးဖြူငှက်များ လွှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ကျဆုံးစစ်သည်များအတွက် လွမ်းသူ့ပန်းခြင်းများဖြင့် ဂါရဝပြုခြင်းကိုအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာအုပ်စု ပေါက်တောကျေးရွာ သဒ္ဓါရုံကျောင်းတိုက်၌ ကျဆုံးစစ်သည်များအားရည်စူး၍ သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း၏တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်နှင့်ပြည့်စုံသော သူရဲကောင်းစစ်သည်များအား ဒသမအကြိမ်မြောက် အောက်မေ့ဖွယ်ရာဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားတက်ရောက်လာကြသူများ၏ စကားသံများ



ဦးစိုင်းမောက်ဟိန်း



ဦးထွန်းထွန်းဦး



ဦးသက်နောင်



ဒေါ်နီနီအောင်



မောင်ရဲလင်းထွန်း

နေပြည်တော် ဒီဇင်ဘာ ၃

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း အသက်ပေး ကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ ကျဆုံးစစ်သည်များကို ဒသမအကြိမ်မြောက် အောက်မေ့ဖွယ်ရာဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ သူရဲကောင်းဗိမာန်၌ ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။

**ဦးစိုင်းမောက်ဟိန်း**
**ရွှေပြည်တော်သို့ဆုံမှတ်ပရဟိတအသင်း(နာယက)**

ခေတ်အဆက်ဆက်က ကျဆုံးသွားတဲ့ သူရဲကောင်းစစ်သည်တွေကို အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနဲ့ အလေးပြုခြင်းအခမ်းအနားကို ကျင်းပတဲ့ပွဲဖြစ်ပါတယ်။ သူရဲကောင်းဗိမာန်အခမ်းအနား ကျင်းပတာ ၂၀၁၄ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ၂၀၂၃ ခုနှစ် အခုဆိုရင် ၁၀ ကြိမ်မြောက်ဖြစ်ပါတယ်။ ရန်ကုန်မှာ အခမ်းအနားကို ခုနစ်ကြိမ်မြောက် ကျင်းပခဲ့ပါတယ်။ နေပြည်တော်မှာ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့ပြီး အခုအကြိမ်နဲ့ဆိုရင် သုံးကြိမ်မြောက် အားလုံးစုစုပေါင်း ၁၀ ကြိမ်မြောက် တိုင်တိုင်ကျင်းပနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီလိုမျိုးအခမ်းအနားကို ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ ခေတ်အဆက်ဆက်က အမျိုးဘာသာသာသနာနဲ့ တိုင်းပြည်အတွက် အသက်စွန့်သွားကြတဲ့ သူရဲကောင်းတွေကို ဂုဏ်ပြုပေးတဲ့အခမ်းအနား ဖြစ်ပါတယ်။ ဒီလိုမျိုးပွဲအခမ်းအနားကို နှစ်စဉ်ပြုလုပ်ပေးတာ သိပ်ကောင်းတဲ့ အစီအစဉ်ဖြစ်ပါတယ်။ အားလုံးကို မသိလိုက်ရသော်ငြားလည်း သတင်းမီဒီယာတွေနဲ့ ကိုယ့်မျက်စိရှေ့မှာ အမှန်တကယ်တိုင်းပြည်ကို ကာကွယ်ပေးခဲ့ကြတဲ့ သူရဲကောင်းစစ်သည်တွေကို ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲနဲ့ နှစ်စဉ်နှစ်တိုင်း မပျက်ဘဲ တက်ရောက်ဂုဏ်ပြုပေးဖြစ်ပါတယ်။ တပ်မတော်သားတွေက ရွတ်ဆိုထားတဲ့ သစ္စာအဓိဋ္ဌာန်တွေနဲ့ ကိုယ်ကျိုးလုံးဝမဖက်ဘဲ မိမိနိုင်ငံကို ကာကွယ်ပေးနေတဲ့ ပုဂ္ဂိုလ်တွေလည်း ဖြစ်ကြပါတယ်။ အစဉ်ထာဝရလည်း လေးစားပြီးသားဖြစ်ပါတယ်။ ကိုယ်တိုင်ကလည်း အခုအခမ်းအနားကို ရှမ်းပြည်မြောက်ပိုင်းကနေ လာတာဖြစ်ပါတယ်။ တိုင်းပြည်ငြိမ်းချမ်းအောင် နိုင်ငံတော်အတွက်၊ မိမိတို့မြန်မာပြည်အတွက် လက်ရှိဖြစ်ပွားနေတဲ့ရှေ့တန်းမှာ တာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်သားစစ်သည်တွေအားလုံး ဘေးရန်အပေါင်းမှ ကင်းရှင်းပြီး တရားသောစစ် အောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်။

**ဦးထွန်းထွန်းဦး**
**ရန်ကုန်တိုင်းဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ**

အသက်ပေးခဲ့ကြတဲ့ သူရဲကောင်းတွေကိုအောက်မေ့ဖွယ်ရာ ဂါရဝပြုခြင်းနဲ့ အလေးပြုခြင်းကို သူရဲကောင်းဗိမာန်မှာ ကျင်းပတဲ့ အခမ်းအနားကို ကျွန်တော်လာပြီး တက်ရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်က တပ်မတော်သားဟောင်းတစ်ဦးဖြစ်ပြီး ရန်ကုန်တိုင်း ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်းရဲ့ ရည်ရွယ်ချက်က ဘာလဲဆိုရင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အသင်းမှသည် ငြိမ်းချမ်းရေးဆီသို့ ဆိုတဲ့ ဆောင်ပုဒ်ရှိပါတယ်။ ငြိမ်းချမ်းရေးကိုဖော်ဆောင်တဲ့အသင်းဖြစ်သလို တပ်မတော်ကိုလည်း အပြည့်အဝထောက်ခံတဲ့အတွက် ဒီပွဲကို တက်ရောက်ရခြင်း ဖြစ်ပါတယ်။ ဒီအခမ်းအနားကို နှစ်စဉ်နှစ်တိုင်း တက်ရောက်ဖြစ်ပါတယ်။ နောက်ပြီး တပ်မတော်ကို ထောက်ခံတဲ့ ပြည်သူပြည်သားအားလုံးကို စုံစုံညီညီတွေ့ရတော့ ဝမ်းသာပါတယ်။ လက်ရှိ တိုက်ပွဲဖြစ်ပွားနေတဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှေ့တန်းမှာ တာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်သားတွေကို ကျွန်တော်တို့အသင်းအဖွဲ့က တတ်အားသရွေ့ ရန်ကုန် တိုင်းစစ်ဌာနချုပ်မှာ လှူဒါန်းပြီးပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ အသင်းအဖွဲ့က ဒံပေါက်တွေလှူဒါန်းဖြစ်ပါတယ်။ တိုက်ပွဲမှာ ပါဝင်တိုက်ခိုက်နေကြတဲ့ စီနီယာ၊ ဂျူနီယာညီနောင်အားလုံးပဲ တိုက်ပွဲမှာ အောင်မြင်နိုင်ပါစေ။ ဘေးရန်ကင်းရှင်းပြီး တရားသောစစ်အောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်။ ပြည်သူပြည်သားတွေကလည်း ကိုယ့်တိုင်းပြည် အေးချမ်းသာယာအောင် တိုက်ပွဲဝင်နေကြတဲ့ တပ်မတော်သားတွေကို ဆက်လက်ထောက်ခံပေးကြပါလို့ ပြောချင်ပါတယ်။

**ဦးသက်နောင်**
**စစ်မှုထမ်းဟောင်း**

ကျွန်တော်ကတော့ ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက်က လာရောက် ဂုဏ်ပြုတာဖြစ်ပါတယ်။ ကျဆုံးသွားတဲ့တပ်မတော်သားတွေကို လာရောက်ဂုဏ်ပြုရတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ နှစ်စဉ်နှစ်တိုင်းကျင်းပပေးတဲ့အတွက် ကျဆုံးသွားတဲ့သူတွေအတွက်လည်း အမြဲတမ်း အမှတ်တရ ဂုဏ်ယူနေမှာပါ။ ကျွန်တော်တို့ ညီအစ်ကိုတွေကလည်း လက်ဆင့်ကမ်းအမွေကို ထိန်းသိမ်းသွားဖို့လည်း လိုပါတယ်။ ကျွန်တော်လည်းစစ်သက် ၄၀ အထိလုပ်ခဲ့တယ်။ တိုင်းပြည်အတွက် တာဝန်ကျေပွန်အောင် ထမ်းဆောင်ခဲ့ရတဲ့အတွက် ကျဆုံးသွားတဲ့ တပ်မတော်သားတွေကို အမြဲတမ်းသတိရပြီး လာရောက်ဂုဏ်ပြုခြင်း ဖြစ်ပါတယ်။ တပ်မတော်ရဲ့ အခန်းကဏ္ဍက ဘယ်လောက် အရေးကြီးတယ်ဆိုတာ အသေးစိတ်တင်ပြဖို့တောင် မလိုပါဘူး။ ဒါ့ကြောင့် တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲရေးအတွက် ထိပ်ဆုံးကနေပြီး ကာကွယ်ရမယ့် အဖွဲ့အစည်းဖြစ်ပါတယ်။ တိုက်ပွဲတိုင်းမှာ အရာရာအောင်မြင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**ဒေါ်နီနီအောင် ( ပြည်သူ)**

ကျွန်မက ဇမ္ဗူသီရိမြို့နယ်ကနေ အခမ်းအနားကို လာပြီး တက်ရောက်တာဖြစ်ပါတယ်။ အခမ်းအနားကို မနှစ်ကလည်း တက်ရောက်ဖြစ်ပါတယ်။ ဒီနှစ်မှာ အခက်အခဲတွေကြားထဲကနေ တက်ရောက်တာ ဖြစ်ပါတယ်။ တိုင်းပြည်နဲ့လူမျိုး၊ အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးစိတ်နဲ့ တက်ရောက်တာ ဖြစ်တယ်။ နောက်ပြီး တိုင်းပြည်အတွက် အသက်ပေးခဲ့ကြတဲ့ တပ်မတော်သားတွေကို ဂုဏ်ပြုအလေးပြုချင်တဲ့အတွက် လာရောက်ဖြစ်တယ်။ ကျွန်မက တပ်မတော်သားမျိုးရိုးမဟုတ်ပါဘူး။ တပ်မတော်ကို ကျွန်မငယ်ငယ်ကတည်းက ချစ်ခင်တဲ့စိတ်ဖြစ်တဲ့အတွက် လာခဲ့ခြင်းဖြစ်ပါတယ်။

**မောင်ရဲလင်းထွန်း**
**(ကချင်တိုင်းရင်းသား)**

ကျွန်တော်က ကချင်တိုင်းရင်းသားကိုယ်စားပြုနေရာကနေပါဝင်ပြီး ကူညီပေးတာ ဖြစ်ပါတယ်။ ကျဆုံးသွားတဲ့ စစ်သည်တွေကို မနှစ်ကလည်း သူရဲကောင်းဗိမာန်မှာကျွန်တော် လာရောက်ဂုဏ်ပြုခဲ့ပါတယ်။ ဒီနှစ်မှာတော့ လူအင်အားဖြည့်တာလည်းပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒီတိုင်းရင်းသားနေရာမှာ ပါဝင်ကူညီရတဲ့အတွက် ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ ကချင်တိုင်းရင်းသားနေရာကနေ လက်ရှိ မငြိမ်းချမ်းသေးတဲ့ တိုင်းရင်းသား တွေကိုလည်း ငြိမ်းငြိမ်းချမ်းချမ်းလေး ဖြစ်စေချင်တယ်။ အဲဒီအတွက် လာရောက် ဂုဏ်ပြုခြင်းလည်း ဖြစ်ပါတယ်။ တိုင်းရင်းသားတွေလည်း မြန်မာလူမျိုးတွေဖြစ်ပါတယ်။ တိုင်းရင်းသားတွေအားလုံးနဲ့ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုကြီးကို ငြိမ်းချမ်းခြင်းတွေနဲ့ ဖြတ်သန်းစေချင်ပါတယ်။ ရှေ့တန်းရောက် တပ်မတော်သားတွေအနေနဲ့ ကျွန်တော်တို့ကတော့ တိုက်ပွဲတွေတိုင်းတော့ အောင်မြင်စေချင်ပါတယ်။ စစ်သည်တွေအားလုံးလည်း အောင်မြင်ပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

**လွဲ့ရည်အောင်**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့(၁၆)ရက်တာလှုပ်ရှားမှု

"UNITE! Invest to Prevent Violence against Women and Girls"

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်ရေး ပေါင်းစုရင်းနှီးမြှုပ်နှံပေး"

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက်နေ့မှ ဒီဇင်ဘာလ(၁၀)ရက်နေ့ထိ

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)

Myanmar Public Health Conference (2023)

"လူတိုင်းသက်ရှည်ကျန်းမာဖို့ ပြည်သူ့ကျန်းမာရေးမြှင့်တင်စို့"

"Public Health: Improving the longevity and health of the nation"

(၆-၁၂-၂၀၂၃) မှ (၇-၁၂-၂၀၂၃) ထိ နေပြည်တော်

# ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီက ကြီးမှူးကျင်းပသော ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသင်တန်းကျောင်းမှ လူငယ်မောင်မယ်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ကုလသမဂ္ဂမှ ပေးပို့သည့် သဝဏ်လွှာနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် Video Clip များအား ပြသသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မသန်စွမ်းသင်တန်းကျောင်းများမှ ဖျော်ဖြေရေးအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေရေးအဖွဲ့များနှင့် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အကြိုလှုပ်ရှားမှုပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြိုလှုပ်ရှားမှုအဖြစ် လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသင်တန်းကျောင်းများမှ ခင်းကျင်းပြသထားသည့် ဓာတ်ပုံ၊ ပန်းချီနှင့် အိမ်တွင်းသက်မွေးမှုပညာ လက်ရာမွန်ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးပါမောက္ခ ဒေါက်တာအေးထွန်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)နှင့် အရိုးရောဂါအထူးကုဆေးရုံကြီး(မန္တလေး) ကြည့်ရှုစစ်ဆေး




**နေပြည်တော် ဒီဇင်ဘာ ၃**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် မန္တလေးသို့ ရောက်ရှိပြီး ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ တက္ကသိုလ်ရှိ သွားနှင့် ခံတွင်းလူနာများ နေ့စဉ်ကုသပေးလျက်ရှိသောဌာနများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် Smart Practice Room များ၊ Digital Dentistry Lab, Scanning Electron Microscope Room, Molecular Lab, Histopathology Lab များ၊ တက္ကသိုလ်စာကြည့်တိုက်နှင့် ခုတင် ၅၀ ဆံ့ ခံတွင်း၊ မျက်နှာ၊ မေးရိုး ခွဲစိတ်ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ခံများက ရှင်းလင်းပြသပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးမြို့ အရိုးရောဂါအထူးကုဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံကြီးရှိ လူနာကုသဆောင်များသို့ လှည့်လည်ကြည့်ရှု၍ ဆေးရုံတက်လူနာများကို ကြည့်ရှုအားပေးစကား ပြောကြားသည်။

ထို့နောက် အသစ်ဖွင့်လှစ်မည့် တိုးချဲ့လေးထပ် လူနာကုသဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် အကြောအဆစ်အထူးကုဌာန၊ ဓာတ်ခွဲဌာန၊ ဓာတ်မှန်ဌာနတို့ကို လှည့်လည်ကြည့်ရှုပြီး ဆေးရုံကြီးရှိ အထူးကုဆရာဝန်ကြီးများ၊ အရိုးရောဂါပညာဌာနမှ အထူးကုဆရာဝန်ကြီးများ၊ ဌာနတာဝန်ခံများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မိုးမိတ်မြို့နယ်၌ ၂၀၂၃ ခုနှစ် ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**မိုးမိတ် ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်တွင် ၂၀၂၃ ခုနှစ် ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခိုင်မင်းထွန်းနှင့် ကျန်းမာရေးဆရာ ဆရာမများက ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခိုင်မင်းထွန်းနှင့် ကျန်းမာရေးဆရာ ဆရာမများက ကိုယ်ဝန်ဆောင်မိခင်များအား စမ်းသပ်စစ်ဆေးပေးခြင်း၊ အသက်ငါးနှစ်အောက်ကလေးများအား ပုံမှန်တိုးချဲ့ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ပုဗ္ဗာရုံစာသင်တိုက်မှ ဆရာတော် သံဃာတော်များနှင့် ရှင်သာမဏေများအား သွားနှင့်ခံတွင်း စစ်ဆေးကုသပေးခြင်း၊ သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများနှင့် အခြားရောဂါများအား စမ်းသပ်စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သာယာဝတီမြို့နယ်အတွင်း ဆောင်းသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့် သီးထပ်စွမ်းအားတိုးတက်စေရေး မျိုးကောင်းမျိုးသန့် မျိုးစေ့များထောက်ပံ့



**သာယာဝတီ ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက သာယာဝတီမြို့နယ်အတွင်း ဆောင်းသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့် သီးထပ်စွမ်းအားတိုးတက်စေရေး မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သာယာဝတီမြို့ ဆရာစံခန်းမ၌ ၂၀၂၃-၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်ရေး ဆောင်းမြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်း အထွက်ကောင်း မျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းလမ်းလေးသွယ် ပြည့်စုံအောင်ဆောင်ရွက်သွားရန်၊ ခရိုင်အလိုက် တောင်သူပူးပေါင်းပါဝင်သည့် သက်တမ်းတို အထွက်ကောင်း မျိုးစေ့ထုတ်စိုက်ခင်းများ စီးပွားဖြစ်ဖော်ဆောင်ရန်၊ သွင်းအားစုလျှော့ချသုံးစွဲနိုင်ရေး သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်စိုက်ပျိုးကြရန်၊ နွေစပါးစိုက်ပျိုးရာသီအမီ တန်ဖိုးနည်းလက်ဆွဲကောက်စိုက်စက်များ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဆောင်းမြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်းအထွက်ကောင်း မျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကောက်စိုက်လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဒေသခံတောင်သူများအား လက်ဆွဲကောက်စိုက်စက် အသုံးပြုပုံကို ဗီဒီယိုကလစ်ဖြင့် ရှင်းလင်းပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သုံးဆယ်မြို့ ဦးမြင့်ဇော်၏ အဆင့်မြင့် တန် ၁၀၀ ဆန်စက်၌ တင်ဆင်အသုံးပြုလျက်ရှိသော Gasifier အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြား၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် မင်းလှမြို့နယ်နှင့် မိုးညိုမြို့နယ်တို့ထိဆက်လျက်ရှိသော တစ်နှစ်လျှင် တစ်သီးသာ စိုက်ပျိုးနိုင်သည့် ရေကြီးရေနက်ကွင်းများတွင် ဒုတိယသီးနှံ ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးဇုန် ဖော်ဆောင်နိုင်ရေး တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် စက်ရေတွင်း ၇၄၀ တူးဖော်မည့်မြေနေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အချိန်မီတူးဖော်နိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် မိုးညိုမြို့နယ် ဇောဓိကုန်းကျေးရွာအုပ်စု၌ တောင်သူ ဒေါ်သက်နှင့် ဦးသန်းငွေတို့၏ အောင်မြင်ဖြစ်ထွန်းနေသည့် ငရုတ်၊ မတ်ပဲ၊ ပြောင်းနှင့် ရာသီသီးနှံစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တောင်သူများအတွက် သွင်းအားစုနှင့် ရွက်ဖျန်းအားဆေးများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လက်ပံတန်းမြို့နယ် ဖိုးကတိုးကျေးရွာအုပ်စု၌ ဆောင်းသီးနှံ မတ်ပဲစိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လက်ပံတန်း-ကျုံလဟာလမ်း လမ်းမိုင်(၅/၂၅/၃)ကြား လမ်းမြေသား လျော့ကျမှုမရှိစေရေးနှင့် လမ်းသားများ ညီညာမှုရှိစေရေး စနစ်တကျဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်း သီးထပ်စွမ်းအားတိုးမြှင့်စိုက်ပျိုးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဒီဇင်ဘာ ၃**

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် ဆီထွက်သီးနှံနေကြာအပါအဝင် သီးထပ်စိုက်ပျိုးစွမ်းအားတိုးမြှင့်စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီက မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ စံပြစိုက်ကွင်းများသို့ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ မန်ခိန်(စက်မှုဇုန်)ရပ်ကွက်အတွင်းရှိ ဗလမင်းထင် စံပြစိုက်ကွင်းသို့သွားရောက်ပြီး မန်ခိန်ကွင်းနှင့် တပ်ကုန်းကွင်းမှ စိုက်ပျိုးရေးတောင်သူများနှင့် တွေ့ဆုံကာ မိုးစပါးရိတ်သိမ်းပြီးစီးမှု အခြေအနေနှင့် ရိတ်သိမ်းပြီးလယ်များတွင် ဆောင်းသီးထပ်နေကြာ၊ ပဲပုပ်အပါအဝင် ဖူးစားပြောင်းစိုက်ပျိုးနိုင်ရေး ထယ်ထိုးဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဆောင်းသီးထပ်အတွက် စိုက်ပျိုးရေလုံလောက်စွာရရှိရေး တူးဖော်ပေးထားသည့် ဆိုလာစနစ်သုံး စက်ရေတွင်းများမှတစ်ဆင့် ပင်မမြောင်းမကြီးမှရေကို အသုံးချနိုင်ရေး ရေတင်စက်ဆီဖိုးအဖြစ် ငွေကျပ် ၁၀ သိန်းကို တောင်သူများထံ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာအတွင်း ဧက ၁၀၀ စနစ်ကျစက်မှုလယ်ယာသို့ သွားရောက်ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ ဆောင်းသီးထပ်အတွက် ဆီထွက်သီးနှံ နေကြာနှင့် ပဲပုပ်စိုက်ပျိုးသွားမည့် အခြေအနေများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် တောင်သူများထိခိုက်မှုမှ ကုစားနိုင်သော သီးနှံပုံစံ Strip Cropping စနစ် စိုက်ပျိုးနည်းဖြင့် တောင်သူအသိပညာပေး အကွက်ချသီးနှံမျိုးစုံစိုက်ခင်းစိုက်ပျိုးသွားမည့်အခြေအနေများနှင့် ဧက ၁၀၀ လုံးတွင် သီးထပ်စိုက်ပျိုးနိုင်ရေး ပြည်နယ်ရန်ပုံငွေဖြင့် တူးဖော်ပေးထားသော ဆိုလာစနစ်သုံး စက်ရေတွင်း လေးတွင်း တူးဖော်ဆောင်ရွက်ထားရှိမှုနှင့် ရေအထွက်နှုန်းကောင်းမွန်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လယ်ကွင်းများအတွင်း ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်ယန္တရားများ အသုံးပြုဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ဝိုင်းမော်မြို့နယ် မုတ်လွဲကျေးရွာ မုတ်လွဲကွင်းအတွင်း မိုးစပါးရိတ်သိမ်းပြီးစီးမှု အခြေအနေများ၊ ဆောင်းသီးထပ်စိုက်ပျိုးနိုင်ရေးနှင့် မုတ်လွဲကွင်းဧရိယာကို ခြံစည်းရိုးကာရံနိုင်ရေးအတွက် တောင်သူများထံ ငွေကျပ် ၅၄၀၀၀၀၀ ကိုထောက်ပံ့ပေးအပ်ပြီး စိုက်ကွင်းအတွင်း ကုန်ထုတ်လမ်းပေ ၁၂၀၀ အား ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး၊ သီးထပ်အတွက် စိုက်ပျိုးရေအချိန်မီရရှိရေး၊ တောင်သူအစုအဖွဲ့ပိုင်အဖြစ် ရေအသုံးချမှု စနစ်တကျဖြစ်စေရေး ဒေသခံတောင်သူများနှင့် ဌာနဆိုင်ရာများအကြား ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးကြိုးပမ်း

**နေပြည်တော် ဒီဇင်ဘာ ၃**

အသား၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု မြင့်မားတိုးတက်ပြီး ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းစေရန်နှင့် သွင်းကုန်အစားထိုး ထုတ်လုပ်မှုများဖွံ့ဖြိုးတိုးတက်စေရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် လယ်ဝေးမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မွေးမြူရေးလုပ်ငန်းများတွင် ဇီဝလုံခြုံမှု ဂရုပြုဆောင်ရွက်ရေး၊ ဈေးကွက်ကိုအခြေခံသော စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေး ဆွေးနွေးပြောကြားပြီး နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က နေပြည်တော်ကောင်စီနယ်မြေအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်နေမှုကို လည်းကောင်း၊ တက်ရောက်လာကြသည့် မွေးမြူရေးလုပ်ငန်းရှင်များက မွေးမြူထားရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် ကမ်းပါးနီကျေးရွာရှိ ကြံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၏ ၂၀၂၃-၂၀၂၄ ကြံရာသီ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးထားရှိမှု၊ ကြံလမိုင်းစိုက်ခင်း၊ ပင်ပျိုအခင်းသစ်စိုက်ကွက်နှင့် အထူးအထွက်တိုးကြံမျိုးများစိုက်ပျိုးခြင်း တောင်သူပညာပေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး နည်းပညာပြန့်ပွားရေးနှင့် သုတေသနလုပ်ငန်းများတွင် တောင်သူများပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပန်းတင်ကျေးရွာရှိ ဟိန်းမဟာ အသားတိုးကြက်မွေးမြူရေးခြံ၏ အသားစားကြက် ၁၈၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ အလယ်ကျွန်းကျေးရွာအုပ်စု သစ်ခေါက်ခွာကျေးရွာ မြစ်ကျိုးအင်း ငါးမွေးမြူရေးကန် (၁၆ ဒသမ ၉၄ ဧက)တွင် ငါးမွေးမြူရေးတောင်သူ၏ ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ရွှေဝါငါးကြင်းနှင့် ငွေရောင်ငါးကြင်းများ မွေးမြူထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေများ၊ တရုတ်-မြန်မာ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အနောက်နိုင်ငံအားပေး၊ အထောက်အပံ့ယူထားသည့် မီဒီယာများမှ နှစ်နိုင်ငံဆက်ဆံရေး ပျက်ပြားလာအောင် ဝေဖန်တိုက်ခိုက်မှုများ၊ AA အကြမ်းဖက်သောင်းကျန်းသူများက မြောက်ဦးခရိုင် ရှေးဟောင်းသုတေသနဦးစီးဌာန ကမ္ဘာ့အမွေအနှစ် စီမံခန့်ခွဲရေးဌာနပိုင်ယာဉ်များ၊ ခရိုင်ဖွံ့ဖြိုးရေးယာဉ်များ၊ ကျေးလက်ဖွံ့ဖြိုးရေးအတွက်ယာဉ်များ၊ သာသနာရေးဝန်ကြီးဌာနပိုင်ယာဉ်များအား လက်နက်ငယ်များဖြင့် ခြိမ်းခြောက်ယူဆောင်၍ ၎င်းတို့အဖွဲ့ ကိုယ်ကျိုးအတွက် အသုံးပြုနေမှုများ၊ ၃-၁၂-၂၀၂၃ ရက်နေ့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအနေဖြင့် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တပ်မတော်မှ ခြေလျင်တပ်များ၊ လေယာဉ်နှင့် အမြောက်များပေါင်းစပ်ပြီး ရှုပ်ရှုပ်ချွံချွံ ခုခံချေမှုန်းခဲ့မှုကြောင့် ဆုတ်ခွာထွက်ပြေးသွားမှု အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ကျွန်တော်တို့ ဒီနေ့မှာတော့ နယ်စပ်ဒေသတွေမှာ တရားမဝင်ဝင်ရောက်နေထိုင်တဲ့ နိုင်ငံခြားသားတွေ ပြန်လည်လွှဲပြောင်းမှုအနေနဲ့ အမျိုးသား ၁၅၈ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၆၈ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာဝန်ရှိသူတွေထံ လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ စုစုပေါင်းလွှဲပြောင်းပေးမှု ၁၀၉၅၂ ဦးရှိပြီး ဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးကိစ္စတွေကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုအချိန်မှာပဲ ထုံးစံအတိုင်းပဲ အနောက်နိုင်ငံအားပေး၊ အနောက်နိုင်ငံအထောက်အပံ့ယူထားတဲ့ မီဒီယာတွေအနေနဲ့ နှစ်နိုင်ငံဆက်ဆံရေးအပေါ်မှာ အထင်အမြင်လွဲမှားလာအောင် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်ပြီး ဆက်ဆံရေးပျက်ပြားအောင် မျိုးစုံဝေဖန်တိုက်ခိုက်တာတွေ၊ မျိုးစုံသွေးထိုးလှုံ့ဆော်တာတွေရှိကြောင်း တွေ့ရပါတယ်။ ယခုအချိန်မှာ ရှမ်းပြည်နယ်(မြောက်ဘက်)မှာဖြစ်နေတဲ့ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကြည့်မယ်ဆိုရင် ဒီနေရာတွေဟာ တရုတ်-မြန်မာ နှစ်နိုင်ငံကူးသန်းရောင်းဝယ်ရေး၊ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးကြီးတဲ့နေရာတွေ ဖြစ်ပါတယ်။ အရေးကြီးတဲ့ နယ်စပ်ကုန်သွယ်ရေးဂိတ်တွေရှိတဲ့နေရာတွေ ဖြစ်ပါတယ်။ ဒီနေရာတွေကို နှစ်နိုင်ငံအစိုးရအနေနဲ့ အခြေအနေ ယိုယွင်းပျက်ပြားအောင် ဘယ်တော့မှလုပ်ဆောင်မှာမဟုတ်ပါဘူး။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ စီမံကိန်းတွေရှိတဲ့နေရာတွေကို ဦးတည်ပြီး လုပ်ဆောင်နေတာရဲ့ နောက်ကွယ်မှာ ယခင်ကတည်းကတိုင်း မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမတည်မငြိမ်ဖြစ်စေဖို့၊ နှစ်နိုင်ငံဆက်ဆံရေး မတည်မငြိမ်ဖြစ်စေဖို့အတွက် လုပ်ဆောင်နေတဲ့ နောက်ကွယ်က အင်အားစုများတယ်ဆိုတာကို ကျွန်တော်တို့အားလုံးက ဂရုစိုက်ရမှာဖြစ်ပါတယ်။ အားလုံးက နားလည်သဘောပေါက်ပြီး ဒီလုပ်ရပ်တွေကို အမြန်ဆုံး ရပ်တန့်နိုင်ရေး စီစဉ်ရမှာဖြစ်ပါတယ်။

ဒီနေ့ ရခိုင်ပြည်နယ်ဘက်က သတင်းတွေအရ AA အကြမ်းဖက်သောင်းကျန်းသူတွေဟာ မြောက်ဦးခရိုင် ရှေးဟောင်းသုတေသနကမ္ဘာ့အမွေအနှစ်စီမံခန့်ခွဲရေးဌာနပိုင် ယာဉ်သုံးစီးအပါအဝင် ခရိုင်ဖွံ့ဖြိုးရေးအတွက် ယာဉ်တွေ၊ ကျေးလက်ဖွံ့ဖြိုးရေးပိုင်ယာဉ်တွေ၊ သာသနာရေးဌာနပိုင်ယာဉ်တွေ စုစုပေါင်း ယာဉ်ကိုးစီးကို လက်နက်ငယ်နဲ့ ခြိမ်းခြောက်ရယူသွားပြီး ၎င်းတို့အဖွဲ့အကျိုးအတွက် အသုံးပြုနေတယ်ဆိုတာကို သိရပါတယ်။ မြောက်ဦးခရိုင်ဆိုတာဟာ ရှေ့ဟောင်းသုတေသနအဖွဲ့ရဲ့ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အောင် လုပ်ဆောင်နေတဲ့ နေရာဖြစ်ပါတယ်။ ဒီနေရာတွေမှာ ဒီလုပ်ငန်းတွေကို လုပ်ဆောင်နေတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ဆောင်နေတဲ့ယာဉ်တွေကို ယူဆောင်သွားပြီး အဖွဲ့အကျိုးအတွက် အသုံးချခြင်း၊ အဖွဲ့အကျိုးအတွက် ဆောင်ရွက်ခြင်းဟာ ရခိုင်ပြည်သူလူထုကို တိုက်ရိုက်ထိပါးစော်ကားခြင်းဖြစ်တယ်လို့ပဲ ကျွန်တော်ပြောချင်ပါတယ်။ ရခိုင်ပြည်နယ်မှာ မကြာသေးခင်ကမှ မိုခါမုန်တိုင်းတိုက်ခဲ့တယ်။ မိုခါမုန်တိုင်းနဲ့ ပတ်သက်ပြီးတော့ တစ်တိုင်းတစ်ပြည်လုံးမှာရှိတဲ့ အဖွဲ့အစည်းအသီးသီး၊ တစ်တိုင်းတစ်ပြည်လုံးမှာရှိနေတဲ့ ပြည်သူလူထု ပါဝင်လှူဒါန်းကြတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အချိန်မီကယ်ဆယ်ရေးလုပ်ငန်းတွေဆောင်ရွက်ခဲ့ရတယ်။ သတိပေးမှုတွေဆောင်ရွက်ခဲ့ရတယ်။ ဒီမိုခါမုန်တိုင်းဟာ ယခင်နာဂစ်မုန်တိုင်းထက်ကြီးမားတဲ့




လေတိုက်နှုန်းပြင်းထန်တဲ့ မုန်တိုင်းဖြစ်ပါတယ်။ ဒီလိုအချိန်မှာ အစိုးရအနေနဲ့ ကြိုတင်သတိပေးမှုတွေလုပ်ဆောင်ခဲ့လို့ အချိန်စောစီးစွာ ကြိုတင်ပြင်ဆင်မှုတွေလုပ်ဆောင်ခဲ့လို့ လူအသေအပျောက် အနည်းဆုံးနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ကယ်ဆယ်ရေးလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အထင်အရှားဆုံးပြရရင် ဒီမိုခါမုန်တိုင်းတိုက်ပြီး မကြာခင်မှာ ကျောင်းတွေ ပြန်လည်ဖွင့်လှစ်ရမှာဖြစ်တယ်။ ဒီကျောင်းတွေပြန်လည်ဖွင့်လှစ်တဲ့နေရာမှာ ရခိုင်ပြည်နယ်အနေနဲ့ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကာ အမြန်ဆုံးပြန်လည် နာလန်ထူအောင်လုပ်နိုင်ခဲ့တာ၊ အမြန်ဆုံး ကဏ္ဍအသီးသီးကို လုပ်ငန်းတွေပြီးမြောက်အောင်လုပ်ဆောင်ခဲ့တာ တစ်တိုင်းတစ်ပြည်လုံးအမြင်ပဲဖြစ်ပါတယ်။ ဒီအချိန်မှာ ရခိုင်ပြည်နယ်နဲ့ပတ်သက်ပြီး ကြီးကြီးကျယ်ကျယ်ပြောဆိုနေတဲ့ AA အဖွဲ့ဟာ ဘာများလုပ်ခဲ့ဖူးသလဲဆိုတဲ့ မကြာသေးမီကဖြစ်ရပ်ကိုပဲ ပြန်လည်သတိရကြဖို့လိုပါတယ်။ ယခုအချိန်မှာ ရခိုင်ပြည်နယ်အတွင်းမှာ တချို့နေရာတွေမှာ တိုက်ပွဲတွေဖြစ်ပွားနေတာရှိတယ်။ ရဲစခန်းတွေ ဝင်ရောက်သိမ်းပိုက်ခဲ့တာတွေရှိတယ်။ မြို့ရွာတွေကို အကြောင်းမဲ့ပစ်ခတ်ပြီး စစ်ဆင်ရေးလုပ်ခဲ့တာတွေရှိတယ်။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ ယခင်ကတည်းက အစဉ်အဆက် ကောင်းကျိုးမပေးတဲ့ AA အဖွဲ့ဟာ ၎င်းအဖွဲ့နဲ့ပတ်သက်ပြီး သူတို့ပြောနေသလို ရခိုင်ပြည်သူလူထုအတွက် ရခိုင်ပြည်နယ်လွတ်မြောက်ရေးအတွက်ဆိုတာဟာ ဟုတ်ပါ့မလားဆိုတာကို သေချာလေးနက်စွာ စဉ်းစားကြဖို့လိုတယ်လို့ ကျွန်တော့်အနေနဲ့ပြောကြားလိုပါတယ်။ ဒီနေ့ ထိတွေ့တိုက်ပွဲအနေနဲ့ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းဒေသမှာ မနက်ကတည်းကတိုင် ထိတွေ့တိုက်ပွဲ ဖြစ်ပွားမှုရှိခဲ့ပါတယ်။ အဲဒီမှာရှိခဲ့တဲ့ ကျွန်တော်တို့ တပ်ရင်းနှစ်ရင်း၊ ပြီးရင် ဖြူးဘက်ကနေ မုန်းဘက်ကိုဝင်တဲ့ တံတားဂိတ်နဲ့ ရဲစခန်းတွေမှာ တိုက်ပွဲတွေဖြစ်ပွားခဲ့ပါတယ်။ ရဲစခန်းမှာ လူအင်အားနည်းတဲ့အတွက်ကြောင့်မလို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ လုံခြုံတဲ့နေရာကိုပြောင်းရွှေ့ခဲ့ရတာရှိပါတယ်။ သံတံတားဂိတ်နဲ့ ကျောက်ကြီးဘက်အထွက်မှာရှိတဲ့ တပ်ရင်းနေရာတွေကို တပ်မတော်အနေနဲ့ အပြည့်အဝ ကာကွယ်မှုပေးခဲ့ပါတယ်။ ဒါ့အပြင် အရှေ့ဘက်မှာရှိတဲ့ ခြေမြန်တပ်ရင်းတစ်ရင်းမှာ ထိတွေ့တိုက်ပွဲ ယခုအထိဖြစ်ပွားနေဆဲ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ခြေလျင်၊ လေယာဉ်၊ အမြောက်ပေါင်းစပ်ပြီးတော့ ရှုပ်ရှုပ်ချွံချွံ ခုခံချေမှုန်းခဲ့ပါတယ်။ ရန်သူအနေနဲ့ ဒီနေ့ညနေပိုင်းအထိ အကျအဆုံးများစွာရှိပြီး စတင်ဆုတ်ခွာနေတာကို တွေ့ရပါတယ်။ ဒီအချိန်မှာပဲ ပြည်ဖျက်မီဒီယာတွေရယ်၊ KNUနဲ့ပေါင်းနေတဲ့ PDF အကြမ်းဖက်သမားတွေအနေနဲ့ မုန်းမြို့တစ်မြို့လုံးကို ထိန်းချုပ်ထားနိုင်ပြီတို့၊ တပ်ရင်းတွေအကုန် ကုန်ပြီဆိုတဲ့ ကောလာဟလသတင်းကို ဆက်တိုက်ထုတ်လွှင့်နေတာဖြစ်ပါတယ်။ ပြောချင်တာကတော့ သူတို့ဘယ်လောက်ကျဆုံးခဲ့တယ်၊ ဘယ်လောက်သေခဲ့တယ်၊ ဘယ်လောက်ဒဏ်ရာရခဲ့တယ်၊ ဘယ်လိုမျိုးဆုတ်ဖို့အတွက် စီစဉ်နေတယ်ဆိုတာ သူတို့သာအသိဆုံးဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ရှမ်းပြည်နယ်မြောက်ဘက်ပိုင်းမှာတော့ နမ့်ခမ်းမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားနေတာရှိပါတယ်။ မူဆယ် ၁၀၅ မိုင်ဘက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားနေတာရှိပါတယ်။ လောက်ကိုင်မြို့ အနီးဝန်းကျင်မှာ ရှော့တိုက်ဒုံးနဲ့ပစ်ခတ်မှုရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ယခင်ပတ်ကတည်းကတိုင်ဖြစ်နေတဲ့ ထရွန်အိုင်စခန်းကို ဒီနေ့မှာလည်း ပြန်လည်တိုက်ခိုက်လာတာမျိုးရှိပါတယ်။ ဒီမှာလည်း ကျွန်တော်တို့အနေနဲ့ လက်နက်ကြီးပစ်ကူ၊ လေကြောင်းပစ်ကူတွေနဲ့ စနစ်တကျခုခံချေမှုန်းတဲ့အတွက် ရန်သူအကျအဆုံးများစွာရှိပါတယ်။ စစ်ကိုင်းတိုင်းဘက်မှာတော့ ထီးချိုင့်မှာ မြို့နေရာ (၇)နေရာလောက်မှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ ဒီနေရာမှာလည်း စစ်ကိုင်းတိုင်းဘက်မှာ KIA ရဲ့မြှောက်ထိုးပင့်ကော်လုပ်မှု၊ PDF တွေအနေနဲ့ နောက်က NUG အဖွဲ့တွေအနေနဲ့ မြှောက်ထိုးပင့်ကော်လုပ်မှုနဲ့ မြို့ရွာတွေကို တိုက်ခိုက်နေတာရှိပါတယ်။ ဒီမြို့ရွာတွေ တိုက်ခိုက်တဲ့နေရာမှာ တန့်ဆည်မှာလည်း သူတို့အနေနဲ့ အကျအဆုံးများစွာရှိခဲ့တယ်။ အခုထီးချိုင့်မှာလည်း အထိနာလျက်ရှိပါတယ်။ သို့သော်လည်း နောက်ကအမြဲတမ်း မြှောက်ထိုးပင့်ကော်လုပ်နေတဲ့အတွက်ကြောင့်မလို့ မတိုက်မနေရ မတိုက်မဖြစ်ဆိုတဲ့ဟာမျိုးနဲ့ သူတို့ ဆောင်ရွက်နေရတာဖြစ်ပါတယ်။ NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေအနေနဲ့ သူတို့အမြဲတမ်းပြောဆိုနေတဲ့ ဒီမိုကရေစီအရေးဆိုတာထက် မြန်မာနိုင်ငံမှာ အလုံးစုံပျက်သုဉ်းရေး၊ သူတို့အာဏာရရှိရေးကို ဦးတည်ပြီးဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာပြည်သူလူထု လိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဆိုတာ ပါးစပ်ကနေပြီး ပြောရုံသက်သက်ပဲရှိပါတယ်။ လက်တွေ့မှာတော့ သူတို့သွားနေတဲ့လုပ်ငန်းတွေဟာ လူသတ်၊ မုဒိမ်းကျင့်၊ ကျေးရွာတွေကို မီးရှို့ဖျက်ဆီး၊ ပြည်သူလူထုပိုင်အဆောက်အအုံတွေ၊ လမ်းတံတားတွေကို ဖြတ်တောက်တာတွေ၊ မိုင်းထောင်ဖောက်ခွဲတာတွေ၊ ပြည်သူလူထု တစ်ရပ်လုံးနဲ့ဆိုင်တဲ့ လျှပ်စစ်တာဝါတိုင်တွေကို ချိုးတာတွေ၊ ဆက်သွယ်ရေးတာဝါတိုင်တွေကိုချိုးတာတွေ၊ လက်တွေ့မှာ ဒီအဖျက်လုပ်ငန်းတွေပဲ လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒီအဖျက်သမားတွေရဲ့ ပါးစပ်ကထွက်တဲ့ ဒီမိုကရေစီဆိုတဲ့စကားလုံးကို ယုံစားမိရင်တော့ ဒီအဖျက်သမားတွေနဲ့အတူ ပျက်သုဉ်းသွားရမှာဖြစ်တယ်လို့ပဲ ပြောချင်ပါတယ်။ ကျွန်တော်တို့ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ နိုင်ငံတော်ကာကွယ်ရေးဆိုတာဟာ နိုင်ငံသားအားလုံးရဲ့ တာဝန်ဖြစ်ပါတယ်။ ဒါကြောင့်မလို့ နိုင်ငံတော် ကာကွယ်ရေးလုပ်ငန်းတွေမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ၊ မိမိတို့တတ်နိုင်သမျှ စိတ်၏အားပေးခြင်း၊ ကိုယ်၏အားပေးခြင်း၊ နှုတ်၏အားပေးခြင်း ဒါတွေနဲ့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်သွားဖို့ တာဝန်ရှိကြောင်းနဲ့ စုစည်းညီညာစွာ လုပ်ဆောင်သွားဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

---

✻ **ကျောဖုံးမှ**

ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ၂၂၊ ၃၅ မိနစ်တွင် ညီညီအောင်၊ မိနစ် ၄၀ တွင် သက်ပိုင်စိုးတို့က ဒဂုံစတားအသင်းအတွက် ဂိုးများသွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် သုံးဂိုးပြတ် ဦးဆောင်နေသည်။ ၅၈ မိနစ်တွင် ဒဂုံစတားအသင်း နောက်တစ်ဂိုးထပ်ရခဲ့ပြီး ဝေယံဖြိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။

GFA အသင်းသည် ယခုပွဲအနိုင်ရမှ MNL တွင် ဆက်ရှိရန် မျှော်လင့်နိုင်မည်ဖြစ်သောကြောင့် ကြိုးစားကစားသော်လည်း ဒဂုံစတားကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ၇၂ မိနစ်တွင် ဟိန်းသက်ဖြိုးက ချေပဂိုးတစ်ဂိုး သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားအသင်းအတွက် နှစ်ဂိုးသွင်းယူခဲ့သည့် ညီညီအောင်က ရရှိသည်။ ယခုပွဲအပြီးတွင် ဒဂုံစတားအသင်းက ၂၈ မှတ်၊ GFA အသင်းက ၁၂ မှတ် ရရှိထားသည်။ ယခုရာသီတွင် တန်းဆင်းနှစ်သင်းစလုံး ထွက်ပေါ်ခဲ့ပြီး GFA နှင့် ကချင်ယူနိုက်တက်အသင်း တန်းဆင်းခဲ့ရပြီဖြစ်သည်။

ပွဲစဉ် (၂၁) နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ YUSC ကွင်း၌ မြဝတီအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

# ဖိလစ်ပိုင်နိုင်ငံ၌ ပြင်းအား ၇ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်ခတ်

မနီလာ ဒီဇင်ဘာ ၃

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် ပြင်းအား ၇ ဒသမ ၄ အဆင့်ရှိ ငလျင်တစ်ခု ယမန်နေ့ကလှုပ်ခတ်ခဲ့ရာ အနည်းဆုံး တစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ယနေ့ သတင်းထုတ်ပြန်သည်။

ဒါဗာအိုဒယ်နော်တီပြည်နယ်ရှိ တာဂမ်းမြို့မှ အမျိုးသမီးတစ်ဦးသည် ငလျင်လှုပ်ခတ်စဉ်အတွင်း ၎င်း၏အိမ်နံရံပြိုကျမှုကြောင့် သေဆုံးခဲ့ကြောင်း ဒေသတွင်း သဘာဝဘေးအန္တရာယ်လျော့ပါးရေးရုံးက အတည်ပြုပြောကြားသည်။ ၎င်း၏ခင်ပွန်းနှင့် ကလေးတို့မှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အမျိုးသားသဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီသည် ငလျင်၏အကျိုးသက်ရောက်မှုကို အကဲဖြတ်လျက်ရှိပြီး ငလျင်နှင့် ဆက်စပ်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများကို ယခုအချိန်အထိ အတည်ပြုနိုင်ခြင်းမရှိသေးပေ။

ဒီဇင်ဘာ ၂ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီ ၃၇ မိနစ်တွင် ဟီနာတွန်မြို့၏အရှေ့မြောက်ဘက် ကီလိုမီတာ ၃၀ ခန့်အကွာကို ဗဟိုပြုကာ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး အနက် ၂၅ ကီလိုမီတာအထိ ငလျင်သက်ရောက်မှုရှိခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်လှုပ်ခတ်ပြီးနောက် ငလျင်ငယ် ၅၀၀ ကျော် လှုပ်ခတ်ခဲ့ကြောင်းမှတ်တမ်းတင်ထားပြီး အချို့မှာ ပြင်းအား ၅ နှင့် ၆ အထက်ရှိသည်။

ဆူနာမီသတိပေးချက်ကို ထုတ်ပြန်ခဲ့ပြီး ငလျင်ဗဟိုချက်နှင့်အနီးတစ်ဝိုက်တွင်ရှိသည့် ကမ်းရိုးတန်းဒေသများရှိ ပြည်သူများကို ကုန်းတွင်းပိုင်းသို့ ရွှေ့ပြောင်းရန် တာဝန်ရှိသူများက သတိပေးပြောကြားခဲ့သည်။ အချိန်အနည်းငယ်ကြာပြီးနောက် ဆူနာမီသတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။

ပြီးခဲ့သည့်လက ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခု ဆာရန်ဂါနီမြို့၏အနောက်မြောက်ဘက် ၃၄ ကီလိုမီတာခန့်အကွာတွင်လှုပ်ခတ်ခဲ့ရာ အနည်းဆုံး ကိုးဦး သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်အာဏာပိုင်များက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်



# ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မာရာဝီမြို့ရှိ တက္ကသိုလ်အားကစားရုံတစ်ခုတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား၊ လေးဦးသေဆုံး

မနီလာ ဒီဇင်ဘာ ၃

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မာရာဝီမြို့ရှိ တက္ကသိုလ်အားကစားရုံတစ်ခုတွင် ကက်သလစ်ဘာသာဝင်များ စုဝေးလျက်ရှိစဉ် ဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ အနည်းဆုံးလေးဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း တာဝန်ရှိသူများက ဆိုသည်။

အခင်းဖြစ်ပွားရာနေရာမှ ရိုက်ကူးထားသောဓာတ်ပုံများတွင် မီးလောင်ကျွမ်းနေသော ကြမ်းပြင်ပေါ်တွင် ပလတ်စတစ်ထိုင်ခုံများကို ပြသထားသည်။

**စုံစမ်းစစ်ဆေးလျက်ရှိ**

အဆိုပါဗုံးပေါက်ကွဲမှုသည် အစ္စလာမ္မစ် စစ်သွေးကြွများ၏ အကြမ်းဖက်လုပ်ရပ်ဖြစ်သည်ဟု အာဏာပိုင်များက ယုံကြည်ပြီး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက အဆိုပါတိုက်ခိုက်မှု၏ နောက်ကွယ်တွင် ပြည်ပအကြမ်းဖက်သမားများ ရှိနေနိုင်ကြောင်း ရှုတ်ချပြောကြားသည်။

“အပြစ်မဲ့သူတွေကို အကြမ်းဖက်တဲ့ အစွန်းရောက်တွေဟာ ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ ရန်သူတွေအဖြစ် အမြဲမှတ်ယူခံရမှာပါ” ဟု မားကို့စ်က ဆိုသည်။

**လက်မှတ်ရေးထိုး**

နိုင်ငံ၏အကြီးဆုံး စစ်သွေးကြွအဖွဲ့ဖြစ်သော မိုရိုအစ္စလာမ္မစ်လွတ်မြောက်ရေးအဖွဲ့သည် မင်ဒါနာအိုမြို့၌ တိုက်ပွဲများအဆုံးသတ်ရန်အတွက် ဖိလစ်ပိုင်အစိုးရနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ၂၀၁၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါအဖွဲ့သည် ၂၀၂၅ ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရတစ်ရပ်ထူထောင်ရန် ဦးတည်လုပ်ဆောင်လျက်ရှိသည်။

**မကြာခဏဖြစ်ပွား**

သို့သော် အခြားသော လက်နက်ကိုင်အဖွဲ့များက အဆိုပါ လှုပ်ရှားမှုကို ဆန့်ကျင်လျက်ရှိပြီး ဒေသတွင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်





# သီရိလင်္ကာနိုင်ငံ ဟန်သာနားတောင်တန်း၌ သောင်တင်နေသော တက္ကသိုလ်ကျောင်းသား ၁၈၀ ကို ကယ်တင်နိုင်ခဲ့

ကိုလံဘို ဒီဇင်ဘာ ၃

သီရိလင်္ကာနိုင်ငံ ဟန်သာနားတောင်တန်း၌ သောင်တင်နေသော တက္ကသိုလ်ကျောင်းသား ၁၈၀ ခန့်ကို သီရိလင်္ကာတပ်မတော်နှင့် ရဲအရာရှိများက ယနေ့ ကယ်ဆယ်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါကျောင်းသားများသည် နိုင်ငံ၏အနောက်ပိုင်းပြည်နယ် ရာဂါမာရှိ ကီလာနီယာတက္ကသိုလ်၏ ဆေးပညာဌာနမှဖြစ်ကြောင်း သိရသည်။

ကျောင်းသားများသည် ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် တောင်တက်ခရီးစတင်ခဲ့ပြီး မြူများနှင့် မိုးရွာသွန်းမှုကြောင့် လမ်းခုလတ်တစ်နေရာတွင် လမ်းပျောက်ခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာနိုင်ငံ၏ အလယ်ပိုင်းကုန်းမြင့်တွင်တည်ရှိသော ဟန်သာနားတောင်တန်းသည် တက္ကသိုလ်ကျောင်းသားများအတွက် ရေပန်းစားသော တောင်တက်ခရီးသွားနေရာတစ်ခုဖြစ်သည်။

အဆိုပါဒေသတွင် ရာသီဥတုပြောင်းလဲမှုကြောင့် နှစ်စဉ် ကျောင်းသားအချို့ ပျောက်ဆုံးခဲ့ကြောင်း ရဲအရာရှိများက ဆိုသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်

# ဂျပန်နိုင်ငံ၌ ယခုနှစ်အတွင်း ဝက်ဝံတိုက်ခိုက်မှုအကြိမ်ပေါင်း ၂၀၀ ကျော်ရှိ

တိုကျို ဒီဇင်ဘာ ၃

ဂျပန်နိုင်ငံ၌ ယခုနှစ်အတွင်း ဝက်ဝံတိုက်ခိုက်မှုအကြိမ်ပေါင်း ၂၀၀ ကျော်ရှိကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများက ယမန်နေ့တွင် ပြောကြားသည်။

ယခုနှစ်ဧပြီလမှစပြီး နိုဝင်ဘာလအထိ ရှစ်လအတွင်း ဝက်ဝံတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၂၁၂ ဦးရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြောသည်။



နိုဝင်ဘာလတစ်လတည်းတွင် ပြည်သူ ၃၀ ခန့် ဝက်ဝံတိုက်ခိုက်ခံခဲ့ရသည်။ ယခုနှစ် ဝက်ဝံတိုက်ခိုက်ခံရသူအရေအတွက်သည် ၂၀၂၀ ပြည့်နှစ်တွင် တိုက်ခိုက်ခံရသည့် ၁၅၈ ဦး အရေအတွက်ထက် ကျော်လွန်သွားကြောင်း သိရသည်။ ဝက်ဝံတိုက်ခိုက်မှုမှတ်တမ်းကို ၂၀၀၆ ခုနှစ်တွင် စတင်စာရင်းကောက်ယူခဲ့သည်။

အကီတာမြို့၌ ဝက်ဝံတိုက်ခိုက်မှုအကြိမ် ၇၀ နှင့် အီဝါတီမြို့၌ ၄၅ ကြိမ် အပါအဝင် ဂျပန်အရှေ့မြောက်ပိုင်းတွင် တိုက်ခိုက်မှုများ၏ ၇၀ ရာခိုင်နှုန်းဖြစ်ပွားခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ စီရင်စုများ၌ ဝက်ဝံများဖမ်းဆီးခြင်းနှင့် လှေလာနိုင်ရေးအတွက် ကူညီပေးရန် ကျွမ်းကျင်သူများကို အီဝါတီနှင့် တိုယာမာမြို့တို့သို့ စေလွှတ်ထားသည်။

ဝက်ဝံများသည် ဒီဇင်ဘာလတွင် ဆောင်းခိုလေ့ရှိသော်လည်း တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနိုင်သည်ဟု ဝန်ကြီးဌာနတာဝန်ရှိသူများက ပြည်သူများကို သတိပေးထားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – အောင်ကျော်ကျော်

# လူသားချင်းစာနာထောက်ထားမှုအကူအညီများ သယ်ဆောင်လာသည့် ထရပ်ကားအစီးရေ ၅၀ ဂါဇာကမ်းမြောင်သို့ ဝင်ရောက်

ဂျေရုဆလင် ဒီဇင်ဘာ ၃

ပါလက်စတိုင်း လခြမ်းနီအသင်း၏ လူသားချင်းစာနာထောက်ထားမှုအကူအညီများ သယ်ဆောင်လာသည့် ထရပ်ကားအစီးရေ ၅၀ သည် အီဂျစ်နိုင်ငံ၏ ရာဖာနယ်စပ်ကိုဖြတ်၍ ဂါဇာကမ်းမြောင်သို့ ယနေ့ ဝင်ရောက်လာခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

စားနပ်ရိက္ခာ၊ သောက်သုံးရေ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ဆေးဝါးများ သယ်ဆောင်လာသည့် ကယ်ဆယ်ရေးကားများကို ဂါဇာကမ်းမြောင်သို့ ဝင်ရောက်ခွင့်ရရှိခဲ့ကြောင်း ပါလက်စတိုင်းလခြမ်းနီအသင်းက ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ကြေညာခဲ့သည်။

အစ္စရေးနှင့် ပါလက်စတိုင်းအစ္စလာမ္မစ်အဖွဲ့ ဟားမတ်စ်တို့အကြား တိုက်ပွဲများ ဒီဇင်ဘာ ၁ ရက်က ပြန်လည်စတင်ပြီးနောက် ဂါဇာသို့ ပထမဆုံးကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ခြင်းဖြစ်သည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်

## AA အကြမ်းဖက်အဖွဲ့က မြောက်ဦးမြို့နယ်အတွင်းရှိ ရုံး/ဌာနပိုင်ယာဉ်များအား အတင်းအဓမ္မယူဆောင်

နေပြည်တော် ဒီဇင်ဘာ ၃

အကြမ်းဖက်သမားများအနေဖြင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်စေရန်ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်သားများနေထိုင်ရာ ရပ်ကွက်များ၊ မြို့၊ ရွာများ၊ ပညာရေးကျောင်းများ၊ သာသနိက အဆောက်အအုံများကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ အများပြည်သူအသုံးပြုသွားလာလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ နိုင်ငံတော်ပိုင် ပစ္စည်းများကို အဓမ္မယူဆောင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာ နေထိုင်လျက်ရှိသည့် အပြစ်မဲ့ပြည်သူများကိုလည်း အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ AA အကြမ်းဖက်အဖွဲ့သည် နိုဝင်ဘာ ၂၆ ရက် ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့ ထမ္မရာဇ်ရပ်ကွက် ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးရှိ ဌာနပိုင် ယာဉ်နှစ်စီးကို လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် မြောက်ဦးမြို့ အလယ်ဈေးရပ်ကွက်ရှိ ရှေးဟောင်းသုတေသနဦးစီးဌာန ကမ္ဘာ့အမွေအနှစ် စီမံခန့်ခွဲရေးရုံးရှိ ဌာနပိုင် ယာဉ်သုံးစီးတို့ကို လည်းကောင်း၊ နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် မြောက်ဦး-စစ်တွေ ကားလမ်းမကြီးဘေးရှိ မြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ယာဉ်နှစ်စီးကို လည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် မြောက်ဦးမြို့ ခရိုင်သာသနာရေးဝန်ကြီး ဌာနပိုင် ယာဉ်တစ်စီးကို လည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲခန့်တွင် မြောက်ဦးမြို့ ခရိုင်ရွေးကောက်ပွဲရုံးရှိ ဌာနပိုင် ယာဉ်တစ်စီးကိုလည်းကောင်း စုစုပေါင်း ယာဉ်ကိုးစီးကို လက်နက်ငယ်ကိုယ်စီကိုင်ဆောင်ကာ အတင်းအဓမ္မလာရောက်ယူဆောင်သွားခဲ့ကြောင်း သိရှိရသည်။

AA အကြမ်းဖက်အဖွဲ့ အနေဖြင့် အစိုးရ၏အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် နိုင်ငံတော်ပိုင် ပစ္စည်းများကို ယခုကဲ့သို့ အတင်းအဓမ္မလာရောက်ယူဆောင်ခြင်းဖြစ်ပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိသဖြင့် ဒေသခံပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများစွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးကို ပြည်သူလူထုနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၃

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား အမျိုးသား ၁၅၈ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၆၈ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၉၇၅၅ ဦး၊ အမျိုးသမီး ၁၁၉၇ ဦး စုစုပေါင်း ၁၀၉၅၂ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “@chithtoo7095” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အောင်ချမ်းသာကျေးရွာနေ သန်းနိုင်ဦးအား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် တက်သစ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြဝတီမြို့ ဘုရင့်နောင်ဈေးကြီး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်

မြဝတီ ဒီဇင်ဘာ ၃

ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ဈေးတာဝန်ခံ၊ ဈေးသူ ဈေးသားများနှင့်အတူ ဘုရင့်နောင်ဈေးကြီးအတွင်း၌ ယမန်နေ့နံနက် ၈ နာရီတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်သည်။

ဦးစွာ မြဝတီခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဖြိုးမင်းဇော်က ဈေးသူ ဈေးသားများအနေဖြင့် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ရမည့်အချက်များ၊ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အရေးပေါ်အချက်ပေးခြင်းနှင့် အမြန်မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို ရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး စနစ်တကျ ကိုင်တွယ်အသုံးပြုပုံကို လက်တွေ့သရုပ်ပြသပေးကာ ဈေးကော်မတီဝင်များ၊ ဈေးသူ ဈေးသားများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့်အတူ ဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်ကြသည်။

အဆိုပါသရုပ်ပြလေ့ကျင့်ခြင်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဖြိုးမင်းဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးတို့က ဈေးကြီးအတွင်း ဈေးဆိုင်များ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှုများနှင့် အရေးပေါ်မိန်းခလုတ်များ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်စွက်ထားရှိရန် မှာကြားသည်။

အလားတူ မြဝတီမြို့နယ်အတွင်းရှိ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ၊ အခြေခံပညာကျောင်းများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**



## ကန့်ကြီးထောင့်မြို့နယ် ကျွန်းလျားရှည်-ဒါးကဝလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

ကန့်ကြီးထောင့် ဒီဇင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ကျွန်းလျားရှည်-ဒါးကဝလမ်း ခွဲကျောက်အမာခံ ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ယနေ့ နံနက်ပိုင်းတွင် 



တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကန့်ကြီးထောင့်မြို့နယ် ကျွန်းလျားရှည်-ဒါးကဝလမ်းသည် ကျေးရွာခြောက်ရွာ၊ အိမ်ခြေ ၄၄၂ အိမ်၊ လူဦးရေ ၂၈၇၄ ဦးကို အကျိုးပြုသောလမ်းဖြစ်ပြီး လမ်းအရှည် ၁/၀မိုင်၊ ၁၆'x ၆" ရှိသည်။ အဆိုပါလမ်းအား ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၃-၂၀၂၄ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၁၄၈ ဒသမ ၀၃၅ သန်းဖြင့် စိန်ဝင်းရောကုမ္ပဏီက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့သို့ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းက အမာခံလမ်းရေရှည်တည်တံ့ကောင်းမွန်စေရန်အတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ အရည်အသွေးပြည့်မီစွာဖြင့် လုပ်ငန်းအချိန်မီပြီးစီးစေရေး အလေးထားဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မှတ်မိသမျှ မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာန

**သိန်းထွန်း (IR)**

**အတွေ့အကြုံမျှဝေ**

ပြီးခဲ့တဲ့တစ်ရက်က ညနေထမင်းစားပြီးချိန် မိသားစု လေးယောက်သား အိမ်ရှေ့ကွက်လပ်မှာ ထိုင်ပြီး စကားလက်စုံပြောဖြစ်ကြတယ်။ လသာသာ အောက် အိမ်ရှေ့ကွက်လပ်မှာထိုင်ရတာ အေးချမ်းလိုက်တာ။ ဆောင်းရဲ့အအေးဓာတ်လေးက နေထိုင်လို့ ကောင်းရုံလေး။ မိသားစု လေးယောက်သား ရှေးဟောင်းနှောင်းဖြစ်တွေ ပြောလိုက်ကြ ရယ်လိုက်ကြနဲ့။ သမီးတို့က သူတို့ကျောင်းက အကြောင်းတွေ ပြောရင်း စကားဝိုင်းက အမျှင်မပြတ်နိုင်ဘူး။ တစ်ရက်တလေတော့ ကလေးတွေလည်း စာကျက်တာ နားပါစေဆိုပြီး စကားဆက်ပြောဖြစ်ကြတယ်။ ကျောင်းအတွေ့အကြုံတွေပြောရင်းနဲ့ သမီးတို့က တက္ကသိုလ်အတွေ့အကြုံတွေမေးတယ်။ ကျွန်တော်တို့တက္ကသိုလ်တက်ခဲ့တုန်းက အကြောင်းတွေ ပြောပြတော့ သူတို့မှာ တအံ့တသြဖြစ်လို့။ ကျွန်တော်တို့ တက္ကသိုလ်တက်တော့ တစ်လကို ၄၅၀ ကျပ် အိမ်က ပေးတယ်ဆိုတော့ သူတို့ ရယ်လိုက်ကြတာ။ မယုံကြဘူး။ ဟုတ်မှာပဲ။ သူတို့ခေတ်မှာ ပိုက်ဆံ ၄၅၀ ဆိုတာ လက်ဖက်ရည်တစ်ခွက်တောင် မရဘူးကိုး။

ကျွန်တော် တက္ကသိုလ်တက်ခဲ့တာ အခုဆို နှစ်ပေါင်း ၃၀ ကျော် ၄၀ နီးပါးကြာခဲ့ပြီဆိုတော့ သူတို့ခေတ်အခြေအနေနဲ့ မတူတော့ဘူး။ အဲဒါနဲ့ ကျွန်တော်တို့ ကျောင်းတက်တုန်းက အခြေအနေလေးတွေကို ကျွန်တော်မှတ်မိသမျှ သူတို့ကို ဗဟုသုတအနေနဲ့ မျှဝေပေးချင်လို့ ဒီဆောင်းပါး ရေးဖြစ်တာပါ။ နောက်တစ်ခုကတော့ I.R ဌာန စဖွင့်တဲ့ခုနှစ်နဲ့ ဘာသာရပ်အမည်ကို အမှတ်မှား၊ လွဲချော်တာလေးတစ်ခုကို လူမှုကွန်ရက်မှာ အမှတ်တမဲ့တွေ့မိလိုက်ပါတယ်။ အဲဒါတွေ့မိတော့ I.R ကျောင်းသားတစ်ယောက်အနေနဲ့ I.R ဌာန အကြောင်းတွေကို လက်လှမ်းမီခဲ့သမျှ မျှဝေချင်မိတယ်။ အမှန်တကယ်ကတော့ I.R ဌာနနဲ့ပတ်သက်လို့ မှတ်တမ်းအနေနဲ့ ရေးချင်တာပါ။ ဒါပေမဲ့ အဲဒီလိုရေးဖို့ လက်လှမ်းမမီလို့ ကိုယ်တိုင်တွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေး ကျောင်းသားဘဝအတွေ့အကြုံကို ဆောင်းပါးအနေနဲ့ ရေးဖြစ်တာပါ။

**မှတ်တမ်းကျန်ရှိစေချင်**

ဆောင်းပါးရေးမယ်ဆိုတော့ မှတ်မိသမျှတွေ ပြန်စဉ်းစားပါတယ်။ အချို့လည်း ပြန်ရှာပေ့။ အချို့ အကြောင်းအရာတွေကို မှတ်မိတာလည်းရှိရဲ့၊ မမှတ်မိတော့တာလည်းရှိရဲ့။ အချို့အကြောင်းအရာတွေက ကိုယ်မပါခဲ့လို့ မသိဘူး။ ကိုယ့်အရင်က ဖြစ်ခဲ့တာ၊ ကိုယ့်နောက်ပိုင်းမှာ ဖြစ်ခဲ့တာဆိုရင်လည်း မသိနိုင်ပြန်ဘူး။ ကိုယ်ကိုယ်တိုင် I.R ကို အစောပိုင်းမှာတက်ခဲ့ရပေမယ့် မှတ်တမ်းမှတ်ရာ လုပ်တဲ့အကျင့် အတော်အားနည်းခဲ့လို့ အခုလို ရေးမယ်ဆိုတော့ ပြည့်ပြည့်စုံစုံထည့်ဖို့ ခက်နေတယ်။ ထည့်ချင်တဲ့အချက်အလက်နဲ့ အကြောင်းအရာတွေကို သူငယ်ချင်း ကျော်စိုးနိုင်နဲ့ ရန်အောင်တို့ လင်မယားဆီ လှမ်းမေးပြီးရေးရတယ်။ အခုဆို I.R ဌာနဖွင့်ခဲ့တာ နှစ်ပေါင်း ၃၉ နှစ်။ သမိုင်းဖြစ်စဉ်တစ်ခုအနေနဲ့ဆို မကြာသေးပါဘူး။ I.R ဌာနကို စတင်ဖွင့်လှစ်ခဲ့တဲ့ ဆရာကြီး ဆရာမကြီးတွေနဲ့ I.R ဘာသာရပ်ကို အစောပိုင်းတက်ခဲ့တဲ့သူတွေ အခုအချိန်အထိ လက်လှမ်းတမီရှိနေတုန်း။ ကိုယ်တွေ့ဖြတ်သန်းခဲ့ကြတဲ့သူတွေဆိုတော့ I.R ဌာန သမိုင်းကြောင်းကို ခိုင်ခိုင်မာမာ ပြောပြပေးနိုင်ပါလိမ့်မယ်။ အထောက်အထားတွေ ပေးနိုင်ပါလိမ့်မယ်။ အဲဒီလိုမဟုတ်ဘဲ နောင်နှစ်တွေပိုကြာလာရင် I.R ဌာနရဲ့ သမိုင်းကိုပြောကြတဲ့အခါ ပုဂံရာဇဝင်ကို တုတ်ထမ်းပြီး ပြောရတယ်ဆိုတာလို တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဖြစ်လာနိုင်ပါတယ်။

**အိုင်အာပညာသင်ကြားရေး**

အရင်ကတော့ I.R ဌာနအကြောင်းကို ဆရာကြီး ဦးမောင်မောင်လေးက I.R Magazine မှာ မောင်မောင်လေး – တွဲဖက်ပါမောက္ခ (ငြိမ်း) အမည်နဲ့ "အိုင်အာရ် (I.R) နှင့် မြန်မာ့တက္ကသိုလ်ပညာ" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးရေးခဲ့ပါတယ်။ ကျွန်တော်တို့ လက်လှမ်းမမီခဲ့တဲ့ I.R ပညာသင်ကြားရေး အကြောင်းတွေရော၊ ကျွန်တော်တို့ သိမီခဲ့တာတွေရော ပါပါတယ်။ မြန်မာနိုင်ငံမှာ I.R သင်ကြားတာကို ၁၉၅၅ ခုနှစ်ကစပြီး ဒီကနေ့အထိ I.R အစီအစဉ် သုံးကြိမ်ရှိခဲ့တယ်လို့ဆိုပါတယ်။ ၁၉၅၅ ခုနှစ်မှာ ပထမတစ်ကြိမ်၊ ၁၉၅၉ ခုနှစ်မှာ ဒုတိယတစ်ကြိမ်နဲ့ ၁၉၈၄ ခုနှစ်မှာ တတိယအကြိမ်ဖြစ်ပါတယ်။ ပထမအကြိမ်နဲ့ ဒုတိယအကြိမ် I.R အကြောင်းတွေကို ဆရာကြီးက သူရဲ့ဆောင်းပါးထဲမှာ ရေးထားပါတယ်။ နောက်ပြီး ၁၉၈၄ ခုနှစ်မှာ I.R သင်ကြားရေး ပြန်ဖွင့်လှစ်ဖို့ သန္ဓေတည်လာတဲ့အကြောင်းတွေကို ဆရာကြီးရဲ့ ဆောင်းပါးမှာ ဖတ်ရပါတယ်။

> **"အခုဆို I.R ဌာနဖွင့်ခဲ့တာ နှစ်ပေါင်း ၃၉ နှစ်။ သမိုင်းဖြစ်စဉ်တစ်ခုအနေနဲ့ဆို မကြာသေးပါဘူး။ I.R ဌာနကို စတင်ဖွင့်လှစ်ခဲ့တဲ့ ဆရာကြီး ဆရာမကြီးတွေနဲ့ I.R ဘာသာရပ်ကို အစောပိုင်းတက်ခဲ့တဲ့ သူတွေ အခုအချိန်အထိ လက်လှမ်းတမီရှိနေတုန်း။ ကိုယ်တွေ့ဖြတ်သန်းခဲ့ကြတဲ့သူတွေဆိုတော့ I.R ဌာန သမိုင်းကြောင်းကို ခိုင်ခိုင်မာမာ ပြောပြပေးနိုင်ပါလိမ့်မယ်။ အထောက်အထားတွေ ပေးနိုင်ပါလိမ့်မယ်။ အဲဒီလိုမဟုတ်ဘဲ နောင်နှစ်တွေ ပိုကြာလာရင် I.R ဌာနရဲ့ သမိုင်းကိုပြောကြတဲ့အခါ ပုဂံရာဇဝင်ကို တုတ်ထမ်းပြီး ပြောရတယ်ဆိုတာလို တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဖြစ်လာနိုင်"**

ကျွန်တော်တို့ မသိခဲ့တာတွေပါ။ အဲဒီလိုအကြောင်းအရာတွေကတော့ သက်ကြီးစကား သက်ငယ်ကြားလို့သာ သိခွင့်ရတာပါ။ သာမန်အနေနဲ့ဆို မသိနိုင်ပါဘူး။ ကျွန်တော်တို့က ၁၉၈၄ ခုနှစ်မှာ ဖွင့်လှစ်ခဲ့တဲ့ I.R သင်ကြားရေးကိုပဲ မီခဲ့တာပါ။ အဲဒီအရင်ဖွင့်ခဲ့တာတွေကို မမီလိုက်ပါဘူး။

ပထမအကြိမ်နဲ့ ဒုတိယအကြိမ် I.R သင်ကြားရေးက အချိန်သိပ်မကြာလိုက်ဘူး။ တတိယအကြိမ် ဖွင့်လှစ်တာကတော့ ၁၉၈၄ ခုနှစ်ကနေ ဒီကနေ့အထိဆိုရင် နှစ်ပေါင်း ၃၉ နှစ်ရှိပြီ။ I.R (1st Batch) ကို ၁၉၈၄ ခုနှစ် ဒီဇင်ဘာလမှာ စဖွင့်ခဲ့တယ်။ ဖွင့်စက ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်မှာပဲ I.R မေဂျာရှိတာ။ ကျွန်တော်တို့ I.R (2nd Batch) က ၁၉၈၅ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့မှာ ဖွင့်တယ်။ I.R စဖွင့်တဲ့အချိန်က ဘာသာရပ်အမည်က နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံတကာအုပ်ချုပ်ရေးပညာ IR & IA (International Relations and International Administration)။ ၈၈ အရေးအခင်းပြီး ၁၉၉၀ ကျောင်းပြန်ဖွင့်တော့ ဘာသာရပ်အမည်ကို IR & IA ကနေ I.R လို့ ပြောင်းလိုက်ပါတယ်။

**ဆရာကြီး ဆရာမကြီးများ**

မန္တလေးတက္ကသိုလ် အိုင်အာဌာနဖွင့်တော့ သမိုင်းဌာနပါမောက္ခ ဆရာကြီး ဒေါက်တာခင်မောင်ညွန့်က ပါမောက္ခ/ဌာနမှူးအဖြစ် ပူးတွဲတာဝန်ယူပါတယ်။ တွဲဖက်ပါမောက္ခက ဆရာမကြီးဒေါ်လှကြည်ဖြစ်ပါတယ်။ နောက်တော့ ဆရာမကြီးဒေါ်လှကြည်က ပါမောက္ခဖြစ်လာပါတယ်။ ကျွန်တော်တို့တုန်းက ဆရာကြီး ဆရာမကြီးတွေထဲမှာဆို ဒေါ်ခင်ထွေးရီ ကထိက (နောင် ပါမောက္ခ)၊ ဦးတင်မောင်ဌွေး ကထိက (ကထိကဖြင့် ပင်စင်ယူ)၊ ဦးအောင်ဝင်း ကထိက (နောင် တွဲဖက်ပါမောက္ခ)၊ ဦးမောင်မောင်လေး ကထိက (နောင် တွဲဖက်ပါမောက္ခ)၊ ဦးအောင်မြင့် ကထိက (နောင် ပါမောက္ခ)၊ ဒေါ်စောခင်ကြီး လ/ထ ကထိက (နောင် ပါမောက္ခ)၊ ဒေါ်မြမြ လ/ထ ကထိက (နောင် ပါမောက္ခ)၊ ဒေါ်ခင်ငြိမ်း နည်းပြ (လ/ထ ကထိကဖြင့် ပင်စင်ယူ)၊ ဒေါ်မြင့်မြင့်ခင် နည်းပြ (နောင် ပါမောက္ခ)၊ ဦးချစ်ခင် နည်းပြ (နောင် ပါမောက္ခ)၊ ဦးအက်( စ )ဇာပန်း နည်းပြ (နောင် US ထွက်သွား) တို့ ဖြစ်ပါတယ်။ I.R ကျောင်းသားတွေဟာ စီးပွားရေးပညာကိုလည်း ဘာသာရပ်တစ်ခုအနေနဲ့ သင်ကြားရတဲ့အတွက် စီးပွားရေးပညာဌာန ဌာနမှူး ဒေါ်ခင်စမ်းမေက International Economic Organizations ကို သင်ကြားပို့ချပေးပါတယ်။ Law ကိုတော့ ဥပဒေပညာဌာန ဌာနမှူး ဆရာကြီး ဦးခင်မောင်စိန်က သင်ပေးပါတယ်။ နောက်ပိုင်း Law ဌာနမှာ ဆရာကြီး ဦးသောင်လွင် ကထိကနဲ့ ဦးခင်မောင်သိန်း ပါမောက္ခအဖြစ် ရောက်လာပါတယ်။

**စိတ်ဝင်စားမှုများ**

အဲဒီအချိန်က I.R မေဂျာကို ကျောင်းသားတွေ စိတ်ဝင်စားနေကြတဲ့အချိန်ပါ။ အမှတ်ကောင်းတဲ့သူတွေ လျှောက်ကြလို့ ဝင်ခွင့်အမှတ်က များပါတယ်။ ကျွန်တော်တို့နှစ်မှာ စက်မှုတက္ကသိုလ် အမှတ်မီတဲ့ ကျောင်းသားတစ်ယောက်နဲ့ ကျောင်းသူတစ်ယောက် I.R မေဂျာယူပါတယ်။ ဒါ့အပြင် အခြားအသက်မွေးဝမ်းကျောင်းတက္ကသိုလ် အမှတ်မီတဲ့သူတွေလည်း I.R မေဂျာယူကြတယ်။ ကျွန်တော်က ၄၂၆ မှတ်နဲ့လျှောက်တာမှာ ခုံနံပါတ် ၅၁ နဲ့ I.R ဝင်ခွင့်ရခဲ့တယ်။ အဲဒီနှစ်က I.R မေဂျာကို ကျွန်တော်တို့ မုံရွာက လေးယောက်ဝင်ခွင့်ရတယ်။ ယောကျ်ားလေး သုံးယောက်၊ မိန်းကလေး တစ်ယောက်။ I.R ဘာသာတက်ရောက်ခွင့်အတွက် လိုအပ်ချက်အနေနဲ့ မန္တလေးတက္ကသိုလ် I.R ဌာနမှာ လူတွေ့စစ်ဆေးခံရပါတယ်။ လူတွေ့စစ်ဆေးရာမှာ စိတ်ကျန်းမာရေးကို ဆန်းစစ်တဲ့အနေနဲ့ Psycho Test ဖြေရပါတယ်။ အခုတော့ Psycho Test မရှိတော့ဘူးလို့ သိရတယ်။

ကျောင်းတက်ရတော့ အထက်မြန်မာပြည် ကျောင်းသားတွေက မန္တလေးတက္ကသိုလ်၊ အောက်မြန်မာပြည် ကျောင်းသားတွေက ရန်ကုန်တက္ကသိုလ်မှာ တက်ရတယ်။ ကျွန်တော်က မုံရွာသားဆိုတော့ မန္တလေးတက္ကသိုလ်မှာ တက်ခွင့်ရတယ်။ ဝင်ခွင့်ခေါ်တာက တစ်နှစ်ကို ရန်ကုန် I.R အတွက် ကျောင်းသား ၁၀၀၊ မန္တလေး I.R အတွက် ကျောင်းသား ၁၀၀ စီပဲ ခေါ်ပါတယ်။ ကျွန်တော်တို့နှစ်က ကျောင်းသားအယောက် ၁၀၀ ခေါ်တာမှာ ၉၉ ယောက်ပဲ တက်ခွင့်ရတယ်။

**ကျောင်းတက်ရတဲ့နေရာ**

ကျွန်တော်တို့ ကျောင်းတက်တော့ မန္တလေးတက္ကသိုလ် (ရတနာဘုမ္မိနယ်မြေ) မှာ ပထမနှစ်နဲ့ ဒုတိယနှစ် တက်ရပါတယ်။ ရတနာဘုမ္မိက လမ်း ၈၀၊ ၃၄ လမ်းနဲ့ ၃၅ လမ်းအကြားမှာပါ။ လမ်း ၈၀ တစ်ဖက်မှာ ကဇ္ဇနအဆောင်ရှိပါတယ်။ ရတနာဘုမ္မိမှာ I.R ဌာနက အောင်ပင်လယ်ခန်းမရှိတဲ့ နှစ်ထပ်ဆောင်ဘေးကပ်လျက်မှာ ရှိပါတယ်။ နှစ်ထပ်ဆောင်နဲ့ I.R ဌာနအကြားမှာရှိတဲ့ သစ်သားလှေကားလေးက ကျောင်းသားတွေ ထိုင်နေကျ၊ ငေးနေကျ၊ ကျောင်းသူတွေကို စနောက်ကြတဲ့ နေရာပါပဲ။ ရတနာဘုမ္မိကင်တင်းက အောင်ပင်လယ်ခန်းမအဆောင်နဲ့ မျက်နှာချင်းဆိုင်မှာ။ ရတနာဘုမ္မိကျောင်းဝင်းထဲ ဝင်လိုက်တာနဲ့ ညာဘက်က ကင်တင်း၊ ဘယ်ဘက်က နှစ်ထပ်ဆောင် ပြီးရင် I.R ဌာန။ ရတနာဘုမ္မိ I.R ဌာနမှာ ရုံးခန်းနဲ့ စာသင်ခန်းရှိပါတယ်။ ရုံးခန်းနဲ့ စာသင်ခန်းက ကပ်နေတာ။ စာသင်တဲ့အချိန်မှာ အခန်းတံခါးပိတ်ပြီးသင်လို့ အခြားကျောင်းသားတွေက သိပ်မကြည့်ကြဘူး။ ကောင်မလေးတွေကို လာငေးလို့မှ မရဘဲကိုး။ ရတနာဘုမ္မိမှာတက်တုန်းက အစိုးရအဆောင် မပေးပါဘူး၊ အပြင်အဆောင်တွေမှာ ငှားနေရပါတယ်။

တတိယနှစ်ရောက်တော့ ကျွန်တော်တို့ မန္တလေးတက္ကသိုလ် မိန်းထဲမှာ တက်ရပါတယ်။ I.R ဌာနက မန္တလေးတက္ကသိုလ် အင်းဝခန်းမရဲ့ အနောက်ဘက်မှာ ရှိပါတယ်။ အိုင်အာဌာနရဲ့ ရှေ့မှာက မန္တလေးတက္ကသိုလ်၊ ဘောလုံးကွင်း အဟောင်းနေရာပါ။ အဆောင်က တစ်ထပ်ဆောင်ပါ။ တတိယနှစ် မိန်းထဲမှာတက်ရတော့ အစိုးရအဆောင်ပေးတယ်။ ကျွန်တော်က တတိယနှစ်မှာ ရတနာပုံအဆောင်၊ စတုတ္ထနှစ်မှာ ရွှေပြည်အေးအဆောင်မှာ နေရတယ်။

**မြေတောင်မြှောက်ပေး**

ဆရာကြီး ဒေါက်တာခင်မောင်ညွန့်က I.R ဌာနကို အများကြီး မြေတောင်မြှောက်ပေးခဲ့တာပါ။ သူ့တပည့်တွေကိုလည်း ထူးချွန်ထက်မြက်စေချင်တယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းစေချင်လို့ အသေးစိတ်ကို ပြုစုပျိုးထောင်ပေးခဲ့တယ်။ ဆရာကြီး ဒေါက်တာခင်မောင်ညွန့်နဲ့ ဆရာကြီး ဆရာမကြီးတွေက အတွဲညီတယ်လို့ ဆိုရမယ်။ ဆရာကြီးက တက်ကြွသလို ဆရာကြီး ဆရာမကြီးတွေကလည်း အိပ်သွန်ဖာမှောက် သင်ပေးကြတာ။ ကျွန်တော်တို့ဆို မနည်းလိုက်ယူခဲ့ရတယ်။ နိုင်ငံတကာနဲ့ ဆက်သွယ်လုပ်ကိုင်ရမယ့်သူတွေက ဘက်စုံအရည်အချင်း ပြည့်စုံဖို့လိုတယ်လို့ ဆရာကြီးက ပြောပါတယ်။ ဒါကြောင့် ဆရာကြီးက သူ့တပည့်တွေကို လူအများရှေ့ စကားပြောတတ်အောင် ဘာသာရပ်ဆိုင်ရာဟောပြောပွဲတွေ စီစဉ်ပေးပါတယ်။

ဘာသာရပ်ဟောပြောပွဲတွေမှာ တစ်ယောက်ချင်း စင်ပေါ်တက်ပြောရတာ အမှတ်ရဆုံးပဲ။ နားမလည်ပါဘူးဆိုနေမှ အင်္ဂလိပ်လို မေးခွန်းတွေမေးတော့ I am sorry. I don't know. ချည်းပဲ ဖြေလိုက်တယ်။ ပြီးရော။ ကိုယ်မသိရင် အဲဒီလို ဖြေလို့ ဆရာကြီးက သင်ပေးထားတာ၊ ကျွန်တော်တို့အတွက် ကွက်တိပဲ။ အဲဒီတုန်းကတော့ ဆရာတွေရဲ့ စေတနာကို သိပ်နားမလည်ခဲ့ဘူး။ ပညာယူရမှန်း မသိခဲ့ဘူး။ အတန်းအောင်ဖို့လောက်ပဲ စိတ်ဝင်စားခဲ့တယ်။ ကျောင်းတွေပြီးလို့ ပြင်ပလောကထဲရောက်မှ ဆရာတွေပေးတဲ့ ပညာတွေရဲ့တန်ဖိုးနဲ့ အသုံးဝင်တာကို နားလည်လာခဲ့တယ်။ ဒါပေမဲ့ နောက်ကျသွားခဲ့ပြီ။ လူကြီးတွေပြောသလိုဆို မိုးရွာတုန်း ရေမခံခဲ့ဘူးလေ။

**စာမျက်နှာ ၁၇ သို့** ❖




## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်

ထားဝယ် ဒီဇင်ဘာ ၃

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားကို ၁၉၉၄ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း မသန်စွမ်းမှုဆိုင်ရာ အသိပညာမြင့်မားစေရေးအတွက် မသန်စွမ်းမှုအမျိုးအစားအလိုက် အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားဆောင်ပုဒ်နှင့်အညီ ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီအနေဖြင့် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်နိုင်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရာတွင် တီထွင်ဆန်းသစ်သည့် နည်းလမ်းများကို ရှာဖွေအသုံးပြုကြရန်၊ ပြည်သူများအနေဖြင့် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်နိုင်ရေး ပူးပေါင်းပါဝင် ဖော်ဆောင်ပေးကြရန်၊ မသန်စွမ်းသူများ ကိုယ်တိုင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ Video Message ကိုလည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆောင်ရွက်ချက်များ မှတ်တမ်း Video ကိုလည်းကောင်း၊ မသန်စွမ်းသူများက တောင်တန်းစိမ်းနှင့် ပင်လယ်ပြာသီချင်းဖြင့် ဖျော်ဖြေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပြီး တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က မသန်စွမ်းဖျော်ဖြေရေးအဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဟားခါးမြို့၌ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ဟားခါး ဒီဇင်ဘာ ၃

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာ့ကုလသမဂ္ဂသတ်မှတ်ပေးထားသည့်ဆောင်ပုဒ်သည် “စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့” ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UN Convention) ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် အတည်ပြု လက်မှတ်ရေးထိုးပြီး မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာဥပဒေကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ နည်းဥပဒေကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းနိုင်ခဲ့ပြီး မသန်စွမ်းသူများအတွက် သင့်လျော်သည့် အလုပ်အကိုင်ရရှိရေးနှင့် လူနေမှုဘဝမြင့်မားရေးကို နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်ရန်နိုင်ငံသားအားလုံးတွင် တာဝန်ရှိပါကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် UN မှ ပေးပို့လာသော Video Message နှင့် Video clip ကို ဖွင့်လှစ်ပြသပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က မသန်စွမ်းသူများအား အားပေးချီးမြှင့်ခြင်းနှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ လှူဒါန်းသော Wheelchair ငါးစီးကို ပေးအပ်လှူဒါန်းရာ မသန်စွမ်းများကိုယ်စား မသန်စွမ်းသူနှစ်ဦးနှင့် ဟားခါးပြည်သူ့ဆေးရုံအုပ် ဒေါက်တာမောင်မောင်ဝင်းတို့က လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနားသို့တက်ရောက်လာကြသည့် မသန်စွမ်းသူများနှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




❖ စာမျက်နှာ ၁၆ မှ

I.R ဌာနမှာက စာသင်ရင် အတန်းထဲမှာ ကိုယ့်ခုံနံပါတ်အလိုက် ထိုင်ရတယ်။ ကိုယ်ကြိုက်တဲ့နေရာကို ကြုံသလို ထိုင်လို့မရဘူး။ ခုံနံပါတ်အလိုက်ဆိုတော့ ယောကျ်ားလေး၊ မိန်းကလေး ရောထိုင်ရတာပေ့ါ။ မိန်းကလေးတွေနဲ့ အတူတူထိုင်ရမှာ ခပ်ရှံ့ရှံ့ဖြစ်နေတဲ့သူတွေ ရှိသေးတယ်။ “အ”ပ့ါ။ စာသင်ရင်လည်း မြန်မာစာကလွဲလို့ ဘာသာရပ်အကုန်လုံး အင်္ဂလိပ်လိုပဲ သင်ရတာ။ ဆရာကြီး ဆရာမကြီးတွေက ရှင်းတော့လည်း အင်္ဂလိပ်လိုပဲ ရှင်းပြကြတယ်။ စာသင်ချိန်ဆို ကျွန်တော့်ရုပ်က ကျီးကန်းတောင်းမှောက်ရုပ်မျိုး။ တောင်ကြည့် မြောက်ကြည့် ပြူးတူးပြဲတဲနဲ့။ နားမှမလည်တာကိုး။ အင်္ဂလိပ်လိုသင်ခန်းစာကို အင်္ဂလိပ်လိုပဲရှင်းပြတော့ ပြီးပြီပေ့ါ။ နားမလည်ဘူးဆိုတာက ဆရာကြီး ဆရာမကြီးတွေ သင်တာမကောင်းလို့မဟုတ်ဘူး။ သင်ခန်းစာတွေက မြင့်တာ၊ ကိုယ်တိုင်က အင်္ဂလိပ်လိုသင်ဖူးတဲ့ အတွေ့အကြုံမရှိလို့ မလိုက်နိုင်တာပါ။ အရင်က အင်္ဂလိပ်လိုပြောတာ၊ နားထောင်တာ၊ ရေးတာတွေနဲ့ ကျွန်တော်တို့က မရင်းနှီးဘူးလေ။

အမှန်က ဆရာကြီး ဆရာမကြီးတွေက ကျွန်တော်တို့ကို ဇိကုပ်နတ်ပြည်တင်ပေးတာ။ အဲဒါကို ကျွန်တော်တို့က ခုန်ခုန်ချနေတာ။ ဆရာကြီး ခင်မောင်ညွှန့် လက်ချာချိန်ဆို ရယ်စရာလေးတွေကို အင်္ဂလိပ်လို ပြောပြတယ်။ ဆရာကြီးရေးတဲ့ ကျွန်တော် မစွတာဘားမားစာအုပ်ထဲက လေမျိုး ၈၀ ကို အင်္ဂလိပ်လိုဟာသပြောခဲ့တာ အမှတ်တရ။ နောက်ပြီး ကျောင်းသားတွေ အင်္ဂလိပ်စာနဲ့ ရင်းနှီးအောင်လို့ဆိုပြီး ဌာနရုံးခန်းမှာ Newsweek မဂ္ဂဇင်း၊ Time မဂ္ဂဇင်းတွေနဲ့ အင်္ဂလိပ်လို စာအုပ်တွေ ထားပေးထားပြီး ကျောင်းသားတွေကိုလည်း ဖတ်ခိုင်းပါတယ်။ အဘိဓာန်သုံးရင်လည်း English–English ကိုပဲသုံးဖို့ ဆရာတွေက ပြောတယ်။ အင်္ဂလိပ်စာအုပ်တွေ တကိုင်ကိုင်နဲ့ဆိုတော့ ပတ်ဝန်းကျင်က သိပ်ကြည့်မရဘူး။

### ဘက်စုံသင်ကြားပေး

ဆရာကြီး ဒေါက်တာခင်မောင်ညွှန့်နဲ့ ဆရာကြီး ဆရာမကြီးတွေက တပည့်တွေအပေါ် သင်ကြားရေးမှာပဲ ဂရုစိုက်တာမဟုတ်ဘူး။ I.R ကျောင်းသားတစ်ယောက်အတွက် ရှိသင့်၊ သိသင့်တာတွေကိုပါ သင်ပေးကြတယ်။ ဒါဟာ ဆရာ့တာဝန်တွေထက်ပိုပြီး ကျောင်းသားတွေကို ပြုစုပျိုးထောင်ခဲ့ပေးခဲ့ကြတာပါ။ ထူးခြားတာတစ်ခုက ကျွန်တော်တို့ I.R ဌာနမှာ I.R Constitution ရှိပါတယ်။ I.R ဌာနရဲ့ ဘာသာရပ်အသင်းအမှုဆောင်အဖွဲ့ရွေးတာ၊ အတန်းကိုယ်စားလှယ်ရွေးချယ်တာ၊ မဲပေးရွေးချယ်တာတွေကို အဲဒီ Constitution အတိုင်း ရွေးချယ်တင်မြှောက်တယ်။ ကျွန်တော်တို့ ပထမနှစ်တက်တော့ မောင်မယ်သစ်လွင်ကြိုဆိုပွဲကို အောင်ပင်လယ်ခန်းမမှာ လုပ်ပါတယ်။ ဆရာကြီးက I.R ဌာနရဲ့ ဂုဏ်နဲ့ညီအောင် အခမ်းအနား အစီအစဉ်ကို အင်္ဂလိပ်လိုပဲ ပြောရတယ်။ ကျောင်းသားတစ်ယောက်နဲ့တစ်ယောက် လက်ဆောင်ပစ္စည်းလဲတဲ့အစီအစဉ်လည်းပါတယ်။ ကျောင်းသူတစ်ယောက်နဲ့ လက်ဆောင်လဲရတော့ ပျော်လိုက်တာပါဆို။

ဆရာကြီးက နိုင်ငံခြားအတွေ့အကြုံတွေများတော့ ကျွန်တော်တို့ကိုလည်း တတ်နိုင်သမျှ နိုင်ငံတကာအဆင့်မီအောင် မြေတောင်မြှောက်ပေးပါတယ်။ လေ့လာရေးခရီးသွားတော့လည်း ဆရာကြီးက အဆင့်မြင့်မြင့် စီစဉ်ပေးတယ်။ ကျွန်တော်တို့ ပထမနှစ်မှာ နှစ်ညအိပ် သုံးရက်ခရီး ပုဂံလေ့လာရေးခရီးသွားရတယ်။ စရိတ်က ၄၀၀ လားမသိဘူး။ မန္တလေးကနေ ပုဂံကိုသွားဖို့ ကားကို Tourist Burma ကားတွေ စီစဉ်ပေးပါတယ်။ ပုဂံရောက်တော့ သီရိပစ္စယာဟိုတည်မှာ တည်းရတယ်။ တစ်ခါမှမအိပ်ဖူးတဲ့ ဆိုဖာကြီးတွေနဲ့ အိပ်ရတာ၊ စားတော့လည်း ဥပရောပအစားအစာတွေပါသေး။ မန္တလေးက ပုဂံအသွားမှာ မိတ္ထီလာ၊ ဝင်ဇင်းဟော်တည်မှာ နေ့လယ်စာစားရတယ်။ ပုဂံဘုရားတွေဖူးတဲ့အချိန်မှာ ဘုရားသမိုင်းတွေကို အင်္ဂလိပ်လိုပဲ ရှင်းပြပေးတယ်။ အဲဒီလေ့လာရေးခရီးမှာ ဆရာကြီးက သူ့တပည့်တွေကို အနောက်တိုင်းစားသောက်ပုံ (table manners) တွေ သင်ပေးပါတယ်။ ပျော်စရာတွေ၊ ကိုးရိုးကားယားအဖြစ်တွေနဲ့ အတွေ့အကြုံတွေ အများကြီးပါပဲ။

### အစိတ်အပိုင်းတစ်ခုသာဖြစ်

အခုဆို I.R ဌာနဖွင့်တဲ့ ၃၉ နှစ်အတွင်းမှာ ပညာသင်နှစ်တွေအများကြီး ကျော်ဖြတ်ခဲ့ပြီးပါပြီ။ အဲဒီပညာသင်နှစ်တွေ အများကြီးထဲကမှ ကျွန်တော်က စာသင်နှစ်တစ်ခုစာပဲ ဖြတ်သန်းခဲ့ရတာပါ။ ကျန်တဲ့စာသင်နှစ်တွေအတွင်းမှာ I.R ဌာနနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ၊ အပြောင်းအလဲတွေ၊ ဖြစ်စဉ်တွေနဲ့ အမှတ်တရတွေ များစွာရှိပါသေးတယ်။ အဲဒါတွေက မန္တလေးတက္ကသိုလ်၊ I.R ဌာနရဲ့ သမိုင်းမှတ်တမ်းတွေပါပဲ။ အဲဒါတွေနဲ့ယှဉ်လိုက်ရင် ကျွန်တော့်ဆောင်းပါးက အစိတ်အပိုင်းသေးသေးလေးတစ်ခုသာ ဖြစ်ပါတယ်။ သေးသေးလေးဆိုပေမယ့် တစ်ဖက်တစ်လမ်းက မှတ်တမ်းတစ်ခုကျန်စေဖို့ ရည်ရွယ်ပါတယ်။ ကျွန်တော်တို့ထက် အများကြီးသိတဲ့သူတွေ၊ ဖြတ်သန်းခဲ့ရသူတွေနဲ့ ပညာသင်နှစ်အလိုက် ပြုစုပေးမယ့်သူတွေကို အားကိုးတကြီး မျှော်လင့်မိပါတယ်။ ဒါဆိုရင် မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနအတွက် ပြည့်စုံတဲ့ မှတ်တမ်းတစ်ခုဖြစ်လာလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာသင်ယူခဲ့ကြတဲ့ ကျောင်းသားတွေအတွက်လည်း ဂုဏ်ယူစရာ ဖြစ်ပါလိမ့်မယ်။ ။

**ကိုးကား**

၁။ ဦးမောင်မောင်လေး၊ တွဲဖက်ပါမောက္ခ(ငြိမ်း)၊ အိုင်အာရ် (I.R) နှင့် မြန်မာ့တက္ကသိုလ်ပညာ၊ IR Magazine

၂။ ဒေါ်မြမြ၊ ပါမောက္ခ (ငြိမ်း)၊ ပုတီဖွား၊ https://m.facebook.com/story.php?story_fbid = pfbid0ugzurbgixe3u1piRixsHLuoSayAACdk65rqgxFB9XzhVvUyBpxx1BhQhR5mU3iShl & id=100059984312582၊ ၁ ဇူလိုင်လ ၂၀၂၂

# စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မုံရွာ ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိတို့တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအား မသန်စွမ်းမှုအမျိုးအစားအလိုက် အခွင့်အရေးများရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအား ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီအား တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအဖွဲ့ဝင် ၁၉ ဦးဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်သကဲ့သို့ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန်အတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုများအား ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းဒေသကြီးအတွင်း နေရာဒေသအသီးသီးတွင်ရှိကြသည့် မသန်စွမ်းသူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးအတွက် မြှင့်တင်အားပေးဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းအားလုံး ပူးပေါင်းဆောင်ရွက်နေကြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ နည်းပညာစွမ်းအားကိုအသုံးပြုပြီး မသန်စွမ်းသူများဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှ ပေးပို့သည့် သဝဏ်လွှာနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် Video Clip အား ကြည့်ရှုအားပေးကြသည်။



ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သီချင်းဆိုပြိုင်ပွဲ၊ ဂိုးဘောပြိုင်ပွဲ၊ ဘောလုံးကန်ပြိုင်ပွဲ၊ အမြင်အာရုံမသန်စွမ်းပြိုင်ပွဲ၊ ကိုယ်အင်္ဂါမသန်စွမ်းသံလုံးပစ်ပြိုင်ပွဲနှင့် အပ်ချည်ထိုးပြိုင်ပွဲများတွင် ပထမဆုရရှိကြသူများအား လည်းကောင်း၊ တိုင်းဒေသကြီးတရားသူကြီးချုပ် ဦးဇော်ထူးက ဒုတိယဆုရရှိကြသူများအား လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဝင်းမြတ်စိုးက တတိယဆုရရှိကြသူများအား လည်းကောင်း၊ တိုင်းဒေသကြီး ပညာရေးမှူးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးတို့က နှစ်သိမ့်ဆုရရှိကြသူများအား လည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များအား ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် မသန်စွမ်းသီချင်းဆိုပြိုင်ပွဲများတွင် ဆုရရှိကြသူများက ဆုရတေးသီချင်းများဖြင့် ပြန်လည်သီဆိုဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနား တက်ရောက်

**ပုသိမ် ဒီဇင်ဘာ ၃**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မသန်စွမ်းသူများ တက်ရောက်ခဲ့ကြသည်။



**နှစ်စဉ်ကျင်းပ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က "မသန်စွမ်းသူများ လူ့ဘောင်လောကအတွင်း အကျုံးဝင်ပါဝင်နိုင်ရေး၊ အခွင့်အရေးများအပြည့်အဝရရှိနိုင်စေရေး၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့် ရရှိရေး၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေးတို့အတွက် ရည်ရွယ်၍ ဒီဇင်ဘာ ၃ ရက် ရောက်တိုင်း အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကုလသမဂ္ဂမှ ဦးဆောင်၍ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပလာခဲ့ခြင်း ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ၁၉၉၄ ခုနှစ်မှစတင်၍ အစဉ်အလာမပျက် ကျင်းပခဲ့ရာ ယခုနှစ်တွင် အကြိမ် (၃၀) ပြည့်မြောက်ပြီ ဖြစ်ပါကြောင်း၊ ယခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးသည့် ဦးတည်ဆောင်ပုဒ်မှာ "United in action to rescue and achieve the SDGs for, with and by persons with disabilities" "စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့" ပဲဖြစ်ပါကြောင်း၊ မသန်စွမ်းသူများအနေဖြင့် လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ခွင့်နည်းပါးခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း တို့ကို ကြုံတွေ့နေရဆဲပင် ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများကို သိရှိနားလည်စေရေး အသိပညာပေး ဆောင်ရွက်သွားရန်နှင့် မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးနေသည့်ဝန်ဆောင်မှုများကို မသန်စွမ်းသူများ သိရှိစေရေးနှင့် လက်လှမ်းမီရယူအသုံးပြုနိုင်ရေး အတွက်လည်း တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ အခြေအနေအကြောင်းအရာအမျိုးမျိုးကြောင့် မသန်စွမ်းမှုတစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပိုသည့် မသန်စွမ်းသူများကို ဘဝကိုအရှုံးမပေးဘဲ အများနည်းတူကဏ္ဍစုံတွင် ပါဝင်နိုင်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီပူးပေါင်းဆောင်ရွက်ကြရန်နှင့် မသန်သော်လည်း စွမ်းဆောင်နိုင်သူများဖြစ်ကြစေရန် ပိုမိုကောင်းမွန်သော၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော အနာဂတ်ဖန်တီးနိုင်စေဖို့မသန်စွမ်းသူများကိုယ်တိုင်နှင့် လူ့အသိုင်းအဝန်းတစ်ခုလုံးက အလေးထားဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း"အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှပေးပို့သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ သဝဏ်လွှာ Video Clipအားကြည့်ရှုအားပေးခဲ့ပြီးနောက် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက လည်းကောင်း ဆုများချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် မသန်စွမ်းသူများအရေးနှင့် ပတ်သက်သည့် Video Clip ပြသမှုများကို ဆက်လက်ကြည့်ရှုအားပေးခဲ့ပြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးခဲ့ပြီး မသန်စွမ်းသူများအား ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၉၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၉၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ(ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၂၃ ခုနှစ် ဒီဇင်ဘာအားကစားလ(ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျင်းပသည်။



**ပါဝင်ဆင်နွှဲ**

နေပြည်တော်တိုင်း စစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နယ်မြေခံစစ်ကြောရေးနှင့် တည်းခိုရေးစခန်းစစ်ရေးပြကွင်း၌ လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ် အားကစားကွင်းများ၌ လည်းကောင်း၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တပ်နယ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် လှိုင်းဘွဲတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တပ်နယ် အားကစားကွင်း၌ လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ် စုပေါင်းတန်းစီကွင်းများ ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် မန္တလေးတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီး၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်းနှင့် တပ်နယ်စစ်ရေးပြကွင်းများ၌လည်းကောင်း ကျင်းပကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

**စုပေါင်းဆောင်ရွက်**

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး/ဌာနများ၏ ဒီဇင်ဘာအားကစားလ (ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံးစခန်းမှူးနှင့် ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲကြပြီး ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အားကစားလ ဒီဇင်ဘာ

❖ မြောက်လေအေးအေး နှော့နှော့သွေး
နှင်းမှုန်တဖွေးဖွေး။
❖ ဆောင်းပန်းမွှေးမွှေး ခါတော်မီ
လင်းကြက်တွန်သံကြည်၊
ငှက်ကျေးစုံညီ သံချိုညှင်း
မင်္ဂလာနံနက်ခင်း။
❖ မိတ်ဆွေပေါင်းသင်း ပြုံးကိုယ်စီ
လမ်းလျှောက်တူတူညီ၊
ကျန်းမာခြင်းသည် လာဘ်တစ်ပါး
စဉ်မြဲစွဲမှတ်ထား။
❖ ပျော်ပျော်ပါးပါး ဇွဲစိတ်ထူ
လေကောင်းလေသန့်ရှူ၊
လေ့ကျင့်မှတ်ယူ နည်းအလှ
မှန်မှန်ကျင့်သုံးကြ။
❖ အားကစားလ ဒီဇင်ဘာ
ကိုယ်လက်လှုပ်ရှားကာ၊
စုပေါင်းညီညာ လမ်းလျှောက်ပွဲ
တို့များပျော်ပျော်နွှဲ။ ။

**ဖိုလေးလုံးသောင်းကိုကို**



## ဘီးလင်းမြို့နယ်၌ ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေ

**ဘီးလင်း ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၂၀၂၃ ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ငှက်ဖျားရောဂါဖြစ်ပွားမှုများ သောဒေသများတွင် ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သောအနေဖြင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေခြင်းကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ သက်ဆိုင်ရာကျန်းမာရေးဌာနများရှိ အခြေခံကျန်းမာရေးဝန်ထမ်းများက နတ်ကြီးရွာမကျေးရွာ၊ ကရင်စုကျေးရွာနှင့် ရှမ်းစုကျေးရွာများမှ အိမ်ထောင်စု ၈၄၅ စုရှိ လူဦးရေ ၃၈၇၈ ဦးအတွက် ဆေးစိမ်ခြင်ထောင် ၂၁၀၀ လုံးကိုလည်းကောင်း၊ အုတ်ဖိုကျေးရွာမှ အိမ်ထောင်စု ၁၄၁ စုရှိ လူဦးရေ ၆၂၅ ဦးအတွက် ဆေးစိမ်ခြင်ထောင် ၃၇၈ လုံးကိုလည်းကောင်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လဲချားမြို့၌ ဒီဇင်ဘာလပထမပတ် လူထုလမ်းလျှောက်ပွဲ ပြည်သူလူထုအင်အား ၁၀၀၀ ကျော် ပါဝင်ဆင်နွှဲ

**လဲချား ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ပထမပတ်လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ကျင်းပသည်။

လူထုလမ်းလျှောက်ပွဲကိုစုရပ်ဖြစ်သည့် မြို့မဈေးရှေ့မှ ပြည်ထောင်စုလမ်းမကြီးအတိုင်း လဲချားမြို့အထွက် ဇာမဏီစက်သုံးဆီအရောင်းဆိုင်အထိလည်းကောင်း၊ ထို့မှတစ်ဆင့် မြို့နယ်အားကစားကွင်းအတွင်း ဝင်ရောက်ပြီး ကျန်းမာရေးလေ့ကျင့်ခန်းများ၊ အတွဲ (၁)၊ အတွဲ(၂)၊ အတွဲ(၃) တို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။




လမ်းလျှောက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူလူထုများ စုစုပေါင်းအင်အား ၁၀၀၀ ကျော်ခန့် ပါဝင်ဆင်နွှဲကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းသား ကျောင်းသူ တာဝန်ကျများခန့်အပ်ခြင်းအခမ်းအနား ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၃**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပထမအကြိမ် ကျောင်းသား ကျောင်းသူ တာဝန်ကျ Appointment ခန့်အပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်းဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက တာဝန်ကျ ကျောင်းသား ကျောင်းသူများကို အဆောင်အယောင်တံဆိပ်များ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 5

Past Tense (အတိတ်ကာလ) (ဖြစ်ခဲ့သည်)

"was", "were" (ဖြစ်ခဲ့တယ်)

I **<u>was</u>** a student. We **<u>were</u>** students. You **<u>were</u>** a student. You **<u>were</u>** students. They **<u>were</u>** students.

He **<u>was</u>** a student. She **<u>was</u>** a student. It **<u>was</u>** a toy. Ko Ko **<u>was</u>** a student. Ma Ma **<u>was</u>** a student. Ko Ko and Ma Ma **<u>were</u>** students.

**(A)Choose "was or were".**

1. She ___________ a teacher.
2. They ___________ students.
3. Mu Mu ___________ a cook.
4. Khin Khin _________ a teacher.
5. Ko Ko and Kyaw Kyaw _______carpenters.

**(B)Translate the following into English.**

1. ဝေမာသည် အဆိုတော်တစ်ယောက် ဖြစ်ခဲ့သည်။
2. ခင်လေးသည် သူနာပြုတစ်ယောက် ဖြစ်ခဲ့သည်။
3. ကိုမောင်သည် ကားမောင်းသမားတစ်ဦးဖြစ်ခဲ့သည်။
4. ဦးလှသည် ကျွန်တော်တို့၏ အင်္ဂလိပ်ဆရာ တစ်ယောက် ဖြစ်ခဲ့သည်။
5. ဒေါ်မြသည် လှပသောအမျိုးသမီးတစ်ဦး ဖြစ်ခဲ့သည်။

**(C)Change the following into Negative sentences.**

e.g. She **<u>was</u>** a singer. (သူ အဆိုတော်တစ်ယောက် ဖြစ်ခဲ့တယ်။)

She **<u>was not/ wasn't</u>** a singer.

(သူ အဆိုတော်တစ်ယောက် မဖြစ်/ဟုတ်ခဲ့ပါ။)

e.g. They **<u>were</u>** pilots. (သူတို့တွေ လေယာဉ်မှူးတွေ ဖြစ်ခဲ့ကြတယ်။)

They **<u>were not/ weren't</u>** pilots.

(သူတို့တွေ လေယာဉ်မှူးတွေ မဖြစ်/ ဟုတ်ခဲ့ပါ။)

1. I was a worker.
2. They were carpenters.
3. She was a chef.
4. He was a mechanic.
5. U Ba was a bus driver.

**(D)Change the following into Positive Questions.**

e.g. She **<u>was</u>** an airhostess. (သူ လေယာဉ်မယ် တစ်ယောက် ဖြစ်ခဲ့တယ်။)

**<u>Was</u>** she an airhostess? (သူ လေယာဉ်မယ် တစ်ယောက် ဖြစ်ခဲ့သလား။)

e.g. They **<u>were</u>** florists. (သူတို့ ပန်းရောင်းသူတွေ ဖြစ်ခဲ့ကြတယ်။)

**<u>Were</u>** they florists? (သူတို့ ပန်းရောင်းသူတွေ ဖြစ်ခဲ့ကြသလား။)

1. He was a carpenter.
2. They were factory workers.
3. We were footballers.
4. I was a slow reader.
5. U Ba was a careless driver.

***************

Ans:

Past Tense

(A) 1. was; 2. were; 3. was; 4. was; 5. were;

(B) 1. Wai Mar was a singer.
2. Khin Lay was a nurse.
3. Ko Maung was a driver.
4. U Hla was our English teacher.
5. Daw Mya was a beautiful woman.

(C) 1. I wasn't a worker.
2. They weren't carpenters.
3. She wasn't a chef.
4. He wasn't a mechanic.
5. U Ba wasn't a bus driver.

(D) 1. Was he a carpenter? 2. Were they factory workers? 3. Were you footballers? 4. Were you a slow reader? 5. Was U Ba careless driver?

************

## Grade 6

### Unit 7
### Lesson 2: What's she wearing?

**(A)Complete the sentences with the words given below.**

| | | | |
|---|---|---|---|
| cute | nose | forehead | face |
| straight | mouth | eyes | |

1. His little sister is very beautiful and _______.
2. My mother has got long _______hair.
3. She has got a smiling _______.
4. I have a high ______________ .
5. My friend has got a flat _______________.
6. My sister has got brown ______________.
7. He has got a wide ________________.

(B)Translate the following into English.

1. ဘလောက်အင်္ကျီ = ____________
2. ဦးထုပ် = ____________
3. ရှူးဖိနပ် = ____________
4. ခြေညှပ်ဖိနပ် = ____________
5. ကွင်းထိုးဖိနပ် = ____________
6. ပုဆိုး = ____________
7. တိုက်ပုံ = ____________
8. စပို့ရှပ် = ____________
9. ဖိနပ်ရှည် = ____________
10. ထမီ = ____________

**************

Grammar

**(A) Rewrite the following sentences with "have/has got".**

e.g. I ___________ a car.

I **<u>have got</u>** a car.

1. Mother ___________a new handset.
2. He ______________ short hair.
3. Father _____________beard.
4. Uncle _______ many friends.
5. Moe Lay ________ two sisters.
6. I _________ two brothers and one sister.
7. Our class teacher _____one son and one daughter.
8. Cho Mar _________ a new bracelet.
9. Lwin Lwin and her mother __________ beautiful white teeth.
10. They ___________ two houses.

**(B)Rewrite the following sentences with "<u>am, is, are + Ving</u>".**

**e.g. U Maung _____ (read) the newspaper.**

**U Maung <u>is reading</u> the newspaper.**

1. They ____________ (play) football.
2. Ko Ko _______(water) the plants.
3. Mother ________ (cook) the chicken curry.
4. Father ___________ (drink) coffee.
5. Daw Lay ___________ (wash) the clothes.
6. Khin Khin ________ (watch) the T.V.
7. Ohn Mar _________ (surf) the internet.
8. Myo Myo _________(grow) the plants.
9. I ________________ (clean) the rooms.
10. He _____________ (eat) dinner.

**(C)Rearrange the following sentences.**

1.Has / she / hair / long straight / got / ? /

2.in the class / is / Kyaw Kyaw / the tallest / . /

3.a / cap / wearing / I / am / . /

4.me / come in / Let / . /

5.wears / Mother / in bunches / her hair / .

*******************

## Grade 7

### Unit 7
### Lesson 1: A day in the life of a teacher

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Our family usually has our l____at 11:30 a.m.
2. We need to join the beginner c_________.
3. She did not answer my q_____________.
4. I have a very important m______today.
5. What is your d__________of birth?
6. Many students w______in part-time jobs here.
7. Every s____wants to pass the examination.
8. My sister learns piano l____s every weekend.
9. She has given b_______to a son.
10. S_____ is a place for teaching and learning.

**II. Complete the following sentences with the given words.**

| | | |
|---|---|---|
| months | midnight | week |
| calendar | days | |
| weekend | task | |

1. She spent the _________camping.
2. _________refers to 12 o'clock during the night.
3. How many days are there in a ______?
4. There are seven ___________ in a week.
5. A _____________ tells us day and date.
6. Cooking is not an easy ____ to learn.
7. There are twelve ________ in a year.

**III. Supply the correct form of the verbs given in brackets.**

1. (teach) Who ________ you English since you were 5?
2. (prepare) Mother _______ for breakfast at the moment.
3. (check) She ________ her essay in the exercise book now.
4. (set) The school is _______ new rules for next year.
5. (take) She always _____ her smartphone wherever she goes.
6. (break) My little brother _______ my glasses last night.
7. (give) Father ________ me pocket money every day.
8. (talk) What are they _______about?
9. (express) His eyes _______ deep sadness.
10. (complete) I __________ my work soon.

******************

Ans:

Unit 7 Lesson 1: A day in the life of a teacher

I.1. lunch; 2. course; 3. question; 4. meeting; 5. date; 6. work; 7. student; 8. lessons; 9. birth; 10. School;

II.1. Weekend; 2. Midnight; 3. Week; 4. Days; 5. Calendar; 6. Task; 7. Months;

III.1. has taught/ has been teaching; 2. is preparing; 3. checked; 4. setting; 5. takes; 6. broke; 7. gives; 8. talking; 9. expressed; 10. will complete;

**************

## Grade 8

### Unit 7
### Lesson 2: Are you planning a holiday?

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Mom and Dad are taking a h________ trip to visit Grandma.
2. We are having a party around a huge b_________________.
3. At night, we all sat around the c__________ and talked of what we had seen during the day.
4. Reading a storybook is a quiet indoor a________.
5. We can take a s________ on beach holiday.

**II. Supply the correct form of the verbs given in brackets.**

1. (bring) Could you ____________ me a glass of water, please?
2. (serve) They _________ us fresh and delicious foods.
3. (escape) The thief was caught but he _______.
4. (choose) He ___________ as a captain of our football team.
5. (enjoy) The children really ______ this game.

**III. Complete the following sentences with the words given below. There are two extras.**

| | | | |
|---|---|---|---|
| holiday | sandy | sun | bath |
| snorkeling | canoeing | beauty | |
| watersports | | | |

1. The flowers in the garden are a symbol of nature's ________.
2. ______is a fun way to explore nature on the water.
3. I want to learn how to do __________ like surfing and boating.
4. I love collecting seashells on the ___ beach.
5. Many people enjoy taking a ____at the beach.

**IV. Complete the following sentences with the phrases given below.**

| | |
|---|---|
| beach holiday | camping holiday |
| adventure holiday | cruise holiday |

1. We did watersports such as canoeing, swimming, scuba diving on our _______.
2. You can take a banana boat, ride a horse and make sandcastles on your ___________.
3. I stayed in a camp, rent a bike and took a ride up the hills on my ____________.
4. He went fishing, cooked over a campfire and walked around on the campsite on his ____________.

*************

Ans:

Lesson 2 : Are you planning a holiday?

I. 1. holiday; 2. bonfire; 3. campfire; 4. activity; 5. sunbathing;

II. 1. Bring; 2. served; 3. escaped; 4. was chosen; 5. enjoy;

III. 1. Beauty 2. Canoeing 3. Watersports 4. Sandy 5. sunbath

IV. 1. cruise holiday 2. beach holiday 3. adventure holiday 4. camping holiday

*******************

## Grade 9

### Unit 7 Lesson 2 : Culprits in the climate change crisis!

(ယခင်အပတ်မှအဆက်)

**IV. Answer the questions on "Are you willing to combat climate change?"**

6. Which type of food production generates more greenhouse gas emissions, animal-based or plant-based?
7. What are some ways in which methane and nitrous oxide are released in connection with livestock?
8. What is recognized as an option for curbing greenhouse gas emissions and climate change?
9. Why is shifting towards consuming more plant-based foods considered an option for curbing greenhouse gas emissions and climate change?
10. What exacerbates the climate change crisis with its significant GHG footprint?
11. Where does food loss and waste occur throughout the food system?
12. What generates significant carbon dioxide emissions in relation to food?
13. What happens when food ends up in landfills?
14. Which gas is generated by food in landfills, and what does it cause in terms of climate change?
15. What is responsible for carbon emissions when it comes to electronics?
16. What do households use energy for in their daily activities?
17. Why does burning fossil fuels to power our modern life have an impact on the environment?
18. What happens when an electrical appliance like an air-conditioner is kept in standby mode?
19. Why do experts say that unplugging unused electronics is important?
20. When should we unplug unused electronics to reduce carbon emissions?
21. Which greenhouse gases does solid waste contribute to?
22. How is methane released from solid waste?
23. How is nitrous oxide released from solid waste?
24. What are one of the main contributors to global warming?
25. What type of plastic products are used in our daily lives?
26. How much plastic waste is produced every year?
27. What do scientists say happens when plastic is burned?
28. Why does the breakdown of plastic contribute to global warming?
29. Who is responsible for combating climate change and global warming?
30. What measures should be taken to reduce greenhouse gas emissions?

*********************

Ans:

6. Animal-based food production generates more greenhouse gas emissions than plant-based food production. 7. Methane and nitrous oxide are released from livestock through processes such as belching by grazing animals and the release of these gases from livestock manure. 8. Shifting towards consuming more plant-based foods is recognized as an option for curbing greenhouse gas emissions and climate change. 9. Shifting towards consuming more plant-based foods is considered an option because it can help reduce the production of greenhouse gases associated with animal-based food production, thus mitigating climate change. 10. Food loss and waste exacerbate the climate change crisis with its significant greenhouse gas (GHG) footprint. 11. Food loss and waste occur throughout the food system, including during production, processing, distribution, retail, and food service sales and consumption. 12. The production, transportation, and handling of food generate significant carbon dioxide emissions. 13. When food ends up in landfills, it generates methane. 14. Food in landfills generates methane, which is an even more potent greenhouse gas that causes climate change. 15. Plugging electronics is responsible for carbon emissions. 16. Households use energy for heating, cooling, lighting, and cooking. 17. Burning fossil fuels to power our modern life leads to climate change because it releases carbon emissions that contribute to the problem. 18. When an electrical appliance like an air-conditioner is kept in standby mode, it continues to drain energy. 19. Experts say that unplugging unused electronics is important because it reduces our carbon emissions. 20. We should unplug unused electronics whenever we're not using them to prevent unnecessary energy consumption and reduce carbon emissions. 21. Solid waste contributes directly to greenhouse gases such as methane and nitrous oxide. 22. Methane is released from the anaerobic decay of waste in landfills. 23. Nitrous oxide is released from our solid waste combustion facilities. 24. Plastic products are one of the main contributors to global warming. 25. Single-use plastic products are used in our daily lives. 26. About 400 million tonnes of plastic waste are produced every year. 27. Scientists say that heat from burning plastic releases powerful greenhouse gases. 28. As our planet gets hotter, the plastic breaks down into more methane and ethylene, which lead to global warming. 29. Governments, organizations, and individuals are responsible for combating climate change and global warming. 30. Preventive measures should be taken to reduce greenhouse gas emissions.

******************

## Grade 12

### Unit 6 ARTIFICIAL INTELLIGENCE

(ယခင်တစ်ပတ်က ဖော်ပြပါရှိသော မေးခွန်းများ၏ အဖြေများ)

I. 1. intelligent; 2. intelligence; 3. breakthrough; 4. communication; 5. transportation; 6. Software; 7. Innovations; 8. Drawbacks; 9. conservation; 10. revolution;

II. (1) B (2) A (3) C (4) A (5) B (6) B (7) A (8) B (9) C (10) B

III. 1. If you eat too much junk food, you will feel sick. 2. As soon as my head touched on the pillow, I fell asleep. 3. If I had much money, I would travel around the world. 4. The flight was delayed owing to the air traffic congestion. 5. No matter who your teacher is, they will always be there to support and guide you in your learning journey. 6. Being exhausted from the long journey, we took a rest at an inn. 7. It is his talent that sets him apart from other musicians. 8. Not only do they excel in academics but they also participate in various sports activities. 9. She is wearing the dress that looks beautiful on her. 10. The dog whose tail wags all the time is very friendly.

***********************

### Unit 6 ARTIFICIAL INTELLIGENCE

**V. (1) Read the passage.**

We, human beings, are considered to be the most intelligent species in the world. From time immemorial, we have made our dreams a reality, and as a result, the world has enormously and constantly changed. Great advances in technology, which have made our life easier and more comfortable, owe much to our intelligence the ability to learn, understand, reason and make judgements. Based on the concept of human intelligence, the term 'artificial intelligence' was coined in 1956 by Professor John McCarthy, a computer scientist from Stanford University. Artificial Intelligence (AI), a cutting-edge technology, is a branch of computer science which mainly focuses on creating machines with humanlike intelligence and capacity.

What is Artificial Intelligence (AI)?

McCarthy defined AI as 'the science and engineering of making intelligent machines, especially intelligent computer programs'. In other words, AI is a machine's ability to perform cognitive functions such as perceiving, reasoning, and solving problems as humans do. The goals of AI scientists include making AI-powered machines perform human tasks, reducing the amount of time needed to perform specific tasks, and enhancing communication between humans and machines.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) No other creature in the world is considered to be as intelligent as --------.
(2) Our dreams have been made to be -------- from time immemorial.
(3) The ability to learn, understand, reason and make judgements can be defined as -------- in the passage.
(4) Artificial intelligence is a -------- , which is a branch of computer science in the world today.
(5) McCarthy who -------- the term ' artificial intelligence ' was a computer scientist from Stanford University.

**(B) Answer each question in one sentence. (5 marks)**

(6) What have made our life easier and more comfortable?
(7) How was the term ' artificial intelligence ' coined in 1956?
(8) What does a branch of computer science, (AI), mainly focus on?
(9) What can a machine's ability called AI do?
(10) What are the goals of AI scientists?

**V.(2)Read the passage.**

So far, AI scientists have achieved success in creating AI-powered machines and gadgets with reasoning, speech and vision. A wide range of machines, devices, and tools powered by AI have been invented by AI scientists. Examples of AI technology can be seen in our daily life. When we are typing a text on a computer or on a mobile, we notice pop-up messages suddenly appearing on the screen, suggesting what we should write next. Most of the time, these suggestions are quite the same as what we are going to write. It seems that the computer can read our minds. This is how a computer programme called 'text editor' helps us with word processing. While typing a text we also tend to make spelling mistakes. At such times, these mistakes are automatically corrected by the computer. This is what we call the auto-correction feature of a computer software application.

We have more examples of AI technology in various sectors. In the security and surveillance sector, facial recognition systems and security cameras help the police find missing persons, detect criminals, and protect our homes. In the transportation sector, self-driving cars, or driverless cars powered by AI technology are becoming more and more popular because they can reduce driver error as well as the number of accidents. In the past, it was difficult for us to find a location in a big city. Now, the Google Maps and GPS Navigation Apps installed on our mobiles help us get + an unfamiliar place just by following the directions. In hospitals, AI is used in several ways to promote the quality of healthcare. We have witnessed hospital robots delivering food, water medicine to patients with COVID-19. Space scientists are now using unmanned spacecraft with AI tools to study unknown stars and black holes.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) AI scientists have invented ---- powered by AI technology.
(2) The suggestions of pop - up messages are -------- as what we are going to write.
(3) While typing a text, -------- are automatically corrected by text editor software.
(4) ----- can reduce driver error and the number of accidents.
(5) Hospital robots are used ------- foods, water, medicine to patients with COVID - 19.

**(B) Answer each question in one sentence. (5 marks)**

(6) How have AI scientists created AI - powered machines and gadgets ?
(7) When do we notice pop - up messages on the screen?
(8) What can facial recognition systems and security cameras do in the security and surveillance sector?
(9) Why is it easy for us today to find a location in an umfamiliar place?
(10) What do space scientists use and why?

**********************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များ အားလုံးကို ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက အားပေးထောက်ခံလျက်ရှိကြသည်။



ထိုသို့ အားပေးထောက်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အတွင်းရှိ ငြိမ်းချမ်းရေးကို လိုလားသည့် သံဃာတော်များနှင့် ပြည်သူများ စုစည်း၍ တိုင်းပြည်အလုံးစုံပျက်စီးရေး လုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AAနှင့် PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံအားပေးပွဲ ကျင်းပပြုလုပ်သည်။

ဦးစွာ မြိတ်မြို့အတွင်းရှိငြိမ်းချမ်းရေးကိုလိုလားသည့် သံဃာတော်များနှင့် ပြည်သူအင်အား ၂၀၀၀ ခန့်သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ကြီးရပ်ကွက် ဘုရားငါးဆူလမ်း မြို့မဘောလုံးကွင်းအတွင်း၌ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး တပ်မတော်သားများအား ထောက်ခံအားပေးသည့် ကြွေးကြော်သံများ ဟစ်ကြွေး၍ ဆန္ဒထုတ်ဖော်ကြသည်။

ထို့နောက် အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက နိုင်ငံတော်သီချင်းကို သံပြိုင်ရွတ်ဆိုကာ ထောက်ခံပွဲကို ဖွင့်လှစ်ခဲ့ပြီး အစွန်းရောက် အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများ၊ အကြမ်းဖက်လုပ်ရပ်များနှင့် ပတ်သက်၍ အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက ရှင်းလင်းဟောပြောခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် "အမျိုးဘာသာသာသနာကိုစောင့်ရှောက်ပေးသော တပ်မတော်အား ထောက်ခံပါသည်၊ တပ်နှင့်ပြည်သူအတူတူ သွေးခွဲလာသူဒို့ရန်သူ၊ ရှေ့တန်းရောက် တပ်မတော်သားများ ကျန်းမာပါစေ၊ ပြည်သူတို့၏အကျိုးအမှန်ဖော်ဆောင်သည့် တပ်မတော်ကို ထောက်ခံပါသည်၊ တရားသောစစ် အောင်ရမည်၊ အစဉ်အလာကောင်းတဲ့တပ်မတော် ဒို့တပ်မတော်၊ မြန်မာ့တပ်မတော်အား အပြည့်အဝထောက်ခံအပ်ပါသည်၊ အကြမ်းဖက် PDF များ ကျဆုံးပါစေ၊ စွန့်လွှတ်စွန့်စား တပ်မတော်သားများ အောင်မြင်ပါစေ၊ KIA အလိုမရှိ၊ TNLA အလိုမရှိ၊ MNDAA အလိုမရှိ၊ AA အလိုမရှိ၊ PDF အလိုမရှိ" စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။



ဦးလှဖြိုး

အဆိုပါပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုလို တင်ပြလိုက်ပါသည်-

**ဦးလှဖြိုး၊ ကျွဲကူးကျေးရွာအုပ်စု၊ စန္ဒဝတ်ကျေးရွာ**

ကျွန်တော် ဒီတပ်မတော်ထောက်ခံပွဲကို လာရတဲ့အကြောင်းရင်းကတော့ တပ်မတော်သားတွေကို အားပေးချင်တာလည်းပါတယ်။ အမျိုးဘာသာသာသနာကို ဖျက်ဆီးနေတဲ့ KIA၊ TNLA၊ MNDAA နဲ့ အကြမ်းဖက် PDF တွေကို တိုက်ခိုက်နေတဲ့အတွက် ထောက်ခံချင်လို့လည်း ပါပါတယ်။ အခုဖြစ်နေတဲ့ နိုင်ငံရေးအခင်းအကျင်းမှာဆိုရင် ပြည်သူတွေအသုံးပြုနေတဲ့ လမ်းတံတားတွေကို ဖျက်ဆီးတာလည်း PDF တွေပဲဖြစ်ပါတယ်။ သတင်းတွေလည်း ကြားကြမှာပါ။ ဒါတွေကို လူတိုင်းက သိကြတာပါပဲ။ အခုကုန်ဈေးနှုန်းတွေ တက်လာတာလည်း ဒီ PDF တွေက လမ်းတံတားတွေကို ဖျက်ဆီးပစ်ကြလို့ ကုန်ဈေးနှုန်းတွေ တက်လာကြတာ။ လမ်းပန်းဆက်သွယ်ရေး မကောင်းဖြစ်ကြတာ။ အဲဒီတော့ ကျွန်တော်တို့က တပ်မတော်ကိုပဲ အားပေးတယ်။ အမြဲတမ်းလည်း အားပေးပြီးတော့ ရင်ထဲမှာ ထာဝရ တပ်မတော်ကိုပဲ အားပေးနေဦးမှာပါ။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း


**နေပြည်တော် ဒီဇင်ဘာ ၃**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ၊ စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။



ယနေ့တွင် စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားအားလုံး ပိန်းကြာဖက်ပေါ် ရေမတင်သကဲ့သို့ ဘေးရန်ဟူသမျှ ကင်းဝေးပါစေ၊ တိုက်ပွဲတိုင်း အောင်မြင်ပါစေ၊ ရေလိုအေးပြီး ပန်းလိုမွှေးပါစေ"စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံတော်ကာကွယ်ရေးတာဝန်ပြန်လည်ထမ်းဆောင်ရန် ခွင့်မဲ့ / စစ်ပြေး စစ်သည်များက ပြန်လည်ဆန္ဒပြုလာ

**နေပြည်တော် ဒီဇင်ဘာ ၃**

တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ် စောင့်ရှောက်ပေးရေးအတွက် အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို ချေမှုန်းတိုက်ခိုက်လျက်ရှိရာ နိုင်ငံတော်ကာကွယ်ရေးအတွက် ခွင့်ပြုပါက တပ်မတော်တွင် ပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း ခွင့်မဲ့/စစ်ပြေး စစ်သည်များက ဆက်သွယ်တင်ပြလာမှုများအရ သတ်မှတ်ကာလနှင့် အကျုံးဝင်သည့် စစ်သည်များကို သက်ဆိုင်ရာသို့မဟုတ် နီးစပ်ရာတပ်များတွင် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် စစ်မှုထမ်းဆောင်ရန်ဆန္ဒပြုသည့် သာမန်ပြစ်မှုကျူးလွန်သူ တပ်မတော်သားများကို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မက်မန်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**မက်မန်း ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဝိန်းနောင်ကျေးရွာအုပ်စု ရောင်အူကြီးကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာသို့ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ မက်မန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး မိုင်းညီဇော်လှအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ရောင်အူကြီးကျေးရွာတွင် အရှည်ပေ ၈၅၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ/ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရန် မှာကြားပြီး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါကွန်ကရစ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၂၇ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၂၂ ဒသမ ၂၇ သန်းကို အသုံးပြုကာ ဩဂုတ်လဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၂



# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အရေးကြီးသော အခြေခံအဆောက်အအုံ ကျေးလက်လမ်းများ

ခန့်ဇော်(ကျေးလက်)

(ယမန်နေ့မှအဆက်)

(ဃ) **R&D နှင့် နည်းပညာပေါင်းစပ်မှု (Technology Integration)**

ရေရှည်တည်တံ့၍ တာရှည်ခံမှုနှင့် ကုန်ကျစရိတ်သက်သာမှုရှိစေရန် လမ်းသစ်များဖောက်လုပ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုတွင် Lab များ အဆင့်မြှင့်တင်ခြင်းနှင့် R&D များ ဆောင်ရွက်ခြင်း၊ ခေတ်မီနည်းပညာများ အသုံးပြုခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်သင့်ပါသည်။ လမ်းလုပ်ငန်းသုံးပစ္စည်းများ၊ မြေ၊ သဲ၊ ကျောက်၊ ဂဝံ၊ ရိစာ၊ ဒေသအလိုက် ရရှိနိုင်မှု၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီမှု ရှိ/မရှိ တို့ကို သိရှိနိုင်ရန် Research (သုတေသန) ပြုလုပ်မှတ်တမ်းများထားရှိရန် လိုအပ်သကဲ့သို့ Lab များထားရှိပြီး စစ်ဆေးပေးရန်လည်း လိုအပ်ပါသည်။

ဒေသထွက်ပစ္စည်းများကို အသုံးပြုခြင်းဖြင့် သယ်ယူစရိတ်လျှော့ချနိုင်ပြီး ဒေသတွင်းလမ်းများ ပျက်စီးမှုကို ကာကွယ်နိုင်မည်ဖြစ်သဖြင့် လက်ရှိတွင် တတ်နိုင်သမျှ ဒေသထွက်ပစ္စည်းများကိုသုံးစွဲနိုင်ရန် ၎င်းတို့၏ အရည်အသွေးအပေါ်မူတည်၍ Design ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ကမ်းရိုးတန်းဒေသ၊ တောင်ပေါ်ဒေသ၊ အပူပိုင်းဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသ (Delta Region) စသည့် ဒေသအလိုက် ရာသီဥတုနှင့်ကိုက်ညီမည့် လမ်း Design များ ရေးဆွဲပြီး သုတေသနများ ဆောင်ရွက်လျက်ရှိသလို စဉ်ဆက်မပြတ်လည်း ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်သည်။ တိုးတက်ပြောင်းလဲနေသည့် နည်းပညာ၊ စက်ပစ္စည်းများကို လေ့လာသုံးစွဲခြင်းဖြင့် ဖောက်လုပ်သည့်လမ်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နှစ်စဉ် ပြန်လည်သုံးသပ်မှုများလုပ်ဆောင်ပြီး ပြုပြင်ပြောင်းလဲသင့်သည်များကို ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရမည်ဖြစ်သည်။

(င) **အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public–Private Partnership)**

စီမံကိန်းများ အချိန်မီပြီးစီးစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အရင်းအမြစ်များ၊ ကျွမ်းကျင်မှုများနှင့် ဆန်းသစ်တီထွင်မှုများကို အသုံးချရန် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည့်အပြင် လိုက်လျောညီထွေရှိမည့် မူဝါဒချမှတ်နိုင်ရေးအတွက်လည်း လေ့လာတင်ပြသင့်ပါသည်။

(စ) **ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး (Skill Development)**

တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာစွမ်းရည်များ ပြည့်ဝစေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ဝန်ထမ်းများ၏ တစ်ဦးချင်းစွမ်းရည်၊ ပုဂ္ဂလိကကုမ္ပဏီများ၏စွမ်းရည်၊ ရုံးအဆင့်ဆင့်၏စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန် ဆောင်ရွက်သင့်ပါသည်။

(ဆ) **စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း (Monitoring and Evaluation–M&E)**

တိုးတက်မှုများကို စောင့်ကြည့်စစ်ဆေးနေရန်၊ စိန်ခေါ်မှုနှင့် အဟန့်အတားများကို ဖော်ထုတ်အဖြေရှာရန်နှင့် ၂၀၃၀ ပြည့်နှစ် မျှော်မှန်းချက်ပန်းတိုင်ပြည့်မီစေရန် ခိုင်မာသည့် စောင့်ကြည့်စစ်ဆေးရေး ယန္တရားများ ထူထောင်ရန်လိုအပ်ပါသည်။ ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက်၊ ကာလတို၊ ကာလလတ်နှင့် နှစ်ရှည်စီမံကိန်းများ၏ တိုးတက်မှုများကို စောင့်ကြည့်စစ်ဆေး၊ သုံးသပ်ဖော်ထုတ်နိုင်မည့် M&E စနစ် ထူထောင်ပြီး လစဉ်ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်သည်။ ကောင်းသည်ထက်ကောင်းအောင်၊ ပြည့်စုံသည်ထက် ပြည့်စုံအောင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရပါမည်။ မျှော်မှန်းချက်ပန်းတိုင် ပြောင်းရန် လိုအပ်လျှင်လည်း ပြောင်းလဲရန်၊ နည်းလမ်းပြောင်းရန် လိုအပ်ပါကလည်း ပြောင်းလဲဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

(ဇ) **သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ (Environmental and Social Consideration)**

သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရန် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့်(Eco–friendly) အလေ့အကျင့်ကောင်းများကို ဖော်ဆောင်ရန် လိုအပ်ပါသည်။

(ဈ) **စံသတ်မှတ်ချက်များ (Criteria)**

ကျေးလက်လမ်း၊ တံတားများ ရေရှည်တည်တံ့စေရန်၊ စီးပွားရေးတွက်ခြေကိုက်ရန်၊ Economy Design ဖြစ်ရန် စံသတ်မှတ်ချက်များ ချမှတ်လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ လက်ရှိတွင်လည်း လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ ကုန်ကျစရိတ်သက်သာစေရန်အတွက် ဒေသထွက်ကုန်များ အသုံးပြုနိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ၏ အရည်အသွေးစံသတ်မှတ်သင့်ပြီး ဒေသရာသီဥတုအခြေအနေနှင့် အခြားသက်ရောက်မှုများကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ လမ်းကိုဖျက်တာ ရေဖြစ်၍ ရေတိုက်စားမှုနှင့် ရေလွှမ်းမိုးမှုမှကာကွယ်ရန် ရေနုတ်မြောင်းများထည့်သွင်းပြီး လမ်း၊ တံတားများ ရေရှည်ခံနိုင်အောင် ထိရောက်ကောင်းမွန်သော Designများ ရေးဆွဲဆောင်ရွက်ရပါမည်။

(ည) **ဘေးကင်းလုံခြုံရေး (Safety)**

ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်တိုက်မှုဖြစ်နိုင်ခြေများ လျှော့ချရန်အတွက် လိုအပ်သည့်နေရာ၊ လိုအပ်သောအကာအရံများ၊ လမ်းညွှန်ဆိုင်းဘုတ်များ၊ လမ်းအမှတ်အသားများကို သတ်မှတ်ချက်အတိုင်း တည်ဆောက်ရေးနှင့်အတူ တစ်ပါတည်း ထည့်သွင်းဆောင်ရွက်သင့်ပါသည်။

(ဋ) **Feasibility Survey နှင့် Design စနစ်တကျဆောင်ရွက်သင့်**

လက်ရှိနှင့် အနာဂတ်ဖြစ်လာနိုင်ခြေ၊ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြေ၊ ထုတ်ကုန်များ တိုးတက်လာနိုင်မှု၊ စီးပွားရေးဖွံ့ဖြိုးလာနိုင်မှု အလားအလာများကို ဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှု(FS) သေချာလုပ်ပြီး အနာဂတ် အစီအစဉ်များကို စုစည်း၍ Design လုပ်သင့်ပါသည်။

(ဌ) **ပြုပြင်ထိန်းသိမ်းရေး (Maintenance)**

နှစ်စဉ် ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေများ လျာထားဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများအတွက် အလွယ်တကူရရှိနိုင်ပြီး ကုန်ကျစရိတ်သက်သာသောပစ္စည်းများကို အသုံးပြု၍ ပြုပြင်ထိန်းသိမ်းမှုလွယ်ကူစေမည့်အစီအစဉ်များ ရေးဆွဲထားရှိသင့်ပါသည်။

**အစိုးရ–ပြည်သူ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ (PPP Model)**

လက်ရှိအချိန်အထိ ကျေးလက်လမ်းများကို BOT စနစ်ဖြင့် ထိန်းသိမ်းမှုမရှိသေးပေ။ နိုင်ငံတော်က အသစ်တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းကို ၁၀၀ ရာခိုင်နှုန်းတာဝန်ယူနေရခြင်းကြောင့် ဖြစ်ပေါ်ရသည့် ရန်ပုံငွေမလုံလောက်မှုအခက်အခဲကို ကျော်ဖြတ်ရန် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်–

(က) PPP Model ဆောင်ရွက်နိုင်ရန် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းအလားအလာနှင့် မျှော်မှန်းထားသောရလဒ်များကို အကဲဖြတ်ရန် ဖြစ်နိုင်ခြေဆန်းစစ်မှုကို စေ့စေ့စပ်စပ်လေ့လာလုပ်ဆောင်ခြင်း၊

(ခ) ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည့်အစီအစဉ်များ စဉ်းစားဆောင်ရွက်ခြင်း၊

(ဂ) PPP Model တွင် Risk Sharing အနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကအကြား စွန့်စားရမှုများကို ရှင်းလင်းစွာ ခွဲဝေသတ်မှတ်ပြီး တည်ဆောက်ရေး လည်ပတ်ထိန်းသိမ်းမှုဆိုင်ရာများကို စဉ်းစားဆောင်ရွက်ခြင်း၊

(ဃ) ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ပိုမိုဆွဲဆောင်နိုင်စေရန်အတွက် အစိုးရပံ့ပိုးမှုအနေဖြင့် အခွန်သက်သာခွင့်ပေးခြင်းကဲ့သို့သော အာမခံချက်များနှင့် ပံ့ပိုးမှုများ၊ ကူညီမှုမက်လုံးများပေးခြင်း၊

(င) ရင်းနှီးမြှုပ်နှံသူများ ရေရှည်အဆင်ပြေစေမည့် ဝင်ငွေရလမ်းကြောင်းတစ်ခု ဖန်တီးနိုင်ရန် လမ်းတစ်လျှောက် လမ်းအသုံးပြုခကို တတ်နိုင်သည့်နှုန်းထားဖြင့် တောင်းခံစေခြင်းဖြင့် ဝင်ငွေဖော်ဆောင်ခြင်း (Revenue Generation) (Affordable Rate) နည်းလမ်းများကို ဆောင်ရွက်သင့်ခြင်း၊

(စ) Financing Model အသစ်များ စဉ်းစားခြင်းအနေဖြင့် Expression of Interest(EOI) ခေါ်ပြီး စိစစ်ရွေးချယ်ခြင်း၊ အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကမှ ရန်ပုံငွေကျခံဆောင်ရွက်ခြင်း၊ သတ်မှတ်စည်းကမ်းချက်များ ချမှတ်ခြင်း၊ စာချုပ်ချုပ်ဆိုဆောင်ရွက်ခြင်းများ စဉ်းစားနိုင်ပြီး စာချုပ်ပါစည်းကမ်းချက်များပြည့်မီစွာ ဆောင်ရွက်နိုင်ပါက သတ်မှတ်ချက်များနှင့်အညီ ရန်ပုံငွေ လျာထားပေးချေခြင်းကိုလည်း စဉ်းစားဆောင်ရွက်သင့်ခြင်း၊ မူဝါဒခွင့်ပြုချက်ရရှိရန်လိုအပ်ပြီး Standard Operation Procedure(SOP) ရေးဆွဲထားရန် လိုအပ်ခြင်း၊

(ဆ) ပြည်သူပူးပေါင်းပါဝင်မှုအနေဖြင့် PPP Model တွင် ပြည်သူများကို စီမံကိန်းအကြောင်းနှင့် ထိန်းသိမ်းလိုက်နာရန်အချက်များ သိရှိစေပြီး ပါဝင်နိုင်သည့်နေရာက ပါဝင်စေခြင်း၊

(ဇ) Transparent Procurement အနေဖြင့် အရည်အသွေးပြည့်မီသော လုပ်ငန်းရှင်များကို ဆွဲဆောင်ပြီး တရားမျှတသော ယှဉ်ပြိုင်မှုကို မြှင့်တင်ရန် ပွင့်လင်းမြင်သာပြီး ပြိုင်ဆိုင်မှုရှိသော ဝယ်ယူရေးလုပ်ငန်းစဉ်များကို သေချာစွာဆောင်ရွက်ရန် လိုအပ်ခြင်း၊

(ဈ) ရေရှည်သဘောတူညီချက်များ(Long Term Contract) အနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် အပြောင်းအလဲမရှိ တည်ငြိမ်မှုရှိမည့် ရေရှည်သဘောတူညီချက်များ၊ ကတိကဝတ်များထားရှိရန် ထည့်သွင်းစဉ်းစားသင့်ခြင်း၊

(ည) Flexible Financing အနေဖြင့် စီးပွားရေးတွက်ခြေကိုက်ပြီး ဖွံ့ဖြိုးသည့်ဒေသများ၊ ဖြစ်နိုင်ခြေရှိသည့်နေရာများမှ စတင်ဆောင်ရွက်သင့်ခြင်း၊ ကျေးလက်လမ်းများကို BOT စနစ်ဖြင့် ဆောင်ရွက်သင့်ခြင်း၊

(ဋ) စွမ်းဆောင်ရည် စောင့်ကြည့်စစ်ဆေးခြင်း (Performance Monitoring)အနေဖြင့် စီမံကိန်း၏ စွမ်းဆောင်ရည်ကို စောင့်ကြည့်ပြီး ပြဿနာများကို ဆောလျင်စွာဖြေရှင်းရန် ခိုင်မာသော M&E စနစ်တစ်ခု ထူထောင်ရန် လိုအပ်ခြင်း။

**ဥပဒေ၊ နည်းဥပဒေ လိုအပ်ချက်**

ကျေးလက်လမ်းတံတားများကို တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ စီမံခန့်ခွဲခြင်းများ ဆောင်ရွက်ရာတွင် ပြည်သူများ၏ ရပိုင်ခွင့်နှင့် တာဝန်များက အရေးကြီးသလို နိုင်ငံတော်၊ ပုဂ္ဂလိက၊ ပြည်သူ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်၊ ကြီးကြပ်နိုင်ရန် လိုအပ်ပါသည်။ မြေယာကိစ္စများ၊ လျှော်ခြင်းအပါအဝင် လျော်ကြေးကိစ္စများ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကိစ္စများ၊ BOTစနစ်များ ဆောင်ရွက်နိုင်ရန် ဥပဒေ၊ နည်းဥပဒေများ ချမှတ်ထားရှိရန် လိုအပ်ပါသည်။ ဝန်ကြီးဌာန၊ ဦးစီးဌာနအနေဖြင့် ဥပဒေမူကြမ်းအဆင့်အထိ ဆောင်ရွက်ပြီးဖြစ်သည်။ ဥပဒေအတည်ပြုပြီးလျှင်မူ သမားရိုးကျနည်းလမ်းမှ ဖောက်ထွက်ပြီး မြန်မြန်ဖွံ့ဖြိုးမည့် နည်းလမ်းများဖြင့် ဆောင်ရွက်သွားနိုင်ရန်၊ နိုင်ငံ့ရန်ပုံငွေ သက်သာစွာဖြင့် အလုပ်ဖြစ်မည့် ချဉ်းကပ်မှုဗျူဟာများကို ချမှတ်၍ ၂၀၃၀ ပြည့်နှစ် မျှော်မှန်းချက်ကို ပြည့်မီအောင် အကောင်အထည်ဖော်သွားနိုင်ရန်ဆိုသည့် အိပ်မက်တစ်ခုမက်ဖြစ်ခဲ့ပါသည်။

လမ်းတွေကောင်းပေမယ့် ငြိမ်းချမ်းမှ စီးပွားရေးတိုးတက်မှုတွင် အသုံးချနိုင်မည်ဖြစ်သကဲ့သို့ ငြိမ်းချမ်းမှသာ ကျေးလက်လမ်းများ ဖောက်လုပ်ပေးနိုင်မည်ဖြစ်သဖြင့် မြန်မာပြည်ကြီး ငြိမ်းချမ်းရန် ငြိမ်းချမ်းရေးလမ်းများဖောက်ကြပါစို့……။ ။

> **ကျေးလက်လမ်းတံတားများကို တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ စီမံခန့်ခွဲခြင်းများ ဆောင်ရွက်ရာတွင် ပြည်သူများ၏ ရပိုင်ခွင့်နှင့် တာဝန်များက အရေးကြီးသလို နိုင်ငံတော်၊ ပုဂ္ဂလိက၊ ပြည်သူ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်၊ ကြီးကြပ်နိုင်ရန် လိုအပ်ပါသည်။ မြေယာကိစ္စများ၊ လျှော်ခြင်းအပါအဝင် လျော်ကြေးကိစ္စများ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကိစ္စများ၊ BOT စနစ်များ ဆောင်ရွက်နိုင်ရန် ဥပဒေ၊ နည်းဥပဒေများ ချမှတ်ထားရှိရန် လိုအပ်ပါသည်။ ဝန်ကြီးဌာန၊ ဦးစီးဌာနအနေဖြင့် ဥပဒေမူကြမ်းအဆင့်အထိ ဆောင်ရွက်ပြီးဖြစ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနားတက်ရောက်

ဘားအံ ဒီဇင်ဘာ ၃

**“စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့”** ဆောင်ပုဒ်ဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကား ပြောကြားသည်။




**ဂုဏ်ပြုဆုပေးအပ်**

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို Video Message ဖြင့် ပြသပြီး မသန်စွမ်းသူများ၏ အခွင့်အရေး ဆောင်ရွက်ချက်မှတ်တမ်း ဗီဒီယိုကိုပြသကာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အဆင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားတွင် အတားအဆီးမဲ့ ခရီးသွားလာနိုင်ရေး ဂုဏ်ပြုဆု (ဒုတိယ)ရရှိသော ဘားအံမြို့မှ Zeekapin Valley Resort & Spa ဟိုတယ်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြိုလှုပ်ရှားမှု အားကစားပြိုင်ပွဲ အမျိုးသား/အမျိုးသမီး အပြေးပြိုင်ပွဲ၊ ဘီးတပ်ကုလားထိုင်စီး အပြေးပြိုင်ပွဲ၊ သံလုံးပစ်၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်၊ စားပွဲတင်တင်းနစ်၊ အာလူးကောက်၊ ဘောလုံးပုတ် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆုရရှိသောအသင်းများအား တစ်ဦးချင်းလည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အလားတူ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်၎င်းတို့ဇနီးများသည် ဒီဇင်ဘာ ၂ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ အမှတ်(၅)ရပ်ကွက်ရှိ ဟိန္ဒူလူမျိုးတို့၏ စရီဂျေယမူသူးမာရီယမ္မာန် မယ်တော်ကြီးဘုရားကျောင်း၌ အရပ္ပါးဆွာမိ(၄၈)ရက် ဥပုသ် ပဒီးပူးကျဲပူဇော်ပွဲသို့ တက်ရောက်အားပေးသည်။

တက်ရောက်လာသော ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား စရီဂျေယမူသူး မာရီယမ္မာန် မယ်တော်ကြီး ဘုရားကျောင်း၏ ဂေါပကအဖွဲ့က ဆီမီးထွန်း၊ ပန်းကုံးစွပ်၊ ပဝါခြုံပေး၍ ဂုဏ်ပြုကြိုဆိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပွဲတော်အတွက် ဆန်နှင့် ဆီများ ထောက်ပံ့ပေးအပ်ကာ ဂေါပကအဖွဲ့မှ တည်ခင်းဧည့်ခံသော သက်သတ်လွတ် အစားအစာများကို သုံးဆောင်အားပေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❐

## ယခုနှစ်တွင် ဂျပန်နိုင်ငံက မြန်မာအပါအဝင် နိုင်ငံ သုံးနိုင်ငံမှ လုပ်သားများကို ပို၍တိုးမြှင့်ခေါ်ယူလာ

ရန်ကုန် ဒီဇင်ဘာ ၃

ယခု ၂၀၂၃ ခုနှစ်အတွင်း ဂျပန်နိုင်ငံက မြန်မာအပါအဝင် နိုင်ငံသုံးနိုင်ငံမှ လုပ်သားများခေါ်ယူမှုမှာ ပိုမိုများပြားလာခဲ့ကြောင်း မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်(MOEA) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၂၃ ခုနှစ်အတွင်း မြန်မာလုပ်သားခေါ်ယူမှုအနေဖြင့် တစ်လလျှင် နှစ်ကြိမ်ခန့် ခေါ်ယူမှုရှိနေကာ တစ်ကြိမ်လျှင် လုပ်သားဦးရေ ထောင်ဂဏန်းဝန်းကျင်အထိ ခေါ်ယူမှုရှိကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက ထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။

“အလုပ်အကိုင် အခွင့်အလမ်းတွေအနေနဲ့ ဂျပန်က ခါတိုင်းခေါ်တာထက် ဒီနှစ်အတွင်းမှာ မြန်မာလူမျိုးကို ပိုကြိုက်ပြီးခေါ်တယ်။ အရင်တုန်းကတော့ ဗီယက်နမ်လူမျိုးကိုခေါ်တယ်။ အခုကျတော့ မြန်မာ၊ အင်ဒိုနီးရှားနဲ့ နီပေါကိုခေါ်တယ်။ ဂျပန်နိုင်ငံမှာက လူငယ်လူရွယ်နည်းတာကြောင့် လူငယ်တွေလုပ်တဲ့အလုပ်တွေကို ပိုပြီးခေါ်လာတာကိုတွေ့ရတယ်”ဟု MOEAF မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး အနေဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ ၃၀ ရက်အတွင်း စိစစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၂၈၈ ခုအရ ဂျပန်ကုမ္ပဏီ ၂၀၀ ကျော်က မြန်မာအလုပ်သမား အမျိုးသား ၃၀၀ ကျော်၊ အမျိုးသမီး ၅၀၀ ကျော် စုစုပေါင်း ၈၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် နိုဝင်ဘာ ၁ ရက်မှ ၁၅ရက်အတွင်းကလည်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက စိစစ်ပေးပို့ပြန်ကြားခဲ့သော အလုပ်ကမ်းလှမ်းစာ ၃၁၃ ခုတွင် မြန်မာအလုပ်သမား အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၈၀၀ ကျော် ခေါ်ယူထားကြောင်း တွေ့ရသည်။

MT

## ပြည်မြို့နယ်၌ သမဝါယမအသင်းများက စိုက်ပျိုးသည့် မိုးစပါးများရိတ်သိမ်း

ပြည် ဒီဇင်ဘာ ၃

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ဇာတိမာန်လယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း၏ စိုက်ဧက ၂၅၀ မှ မော်ဘီ(၂)စပါး ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါးတင်း ၁၀၀ နှုန်းဖြင့်လည်းကောင်း၊ အုတ်ဆွဲစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက် စိုက်ဧက ၅၀၀ မှ GW–11 မျိုးစပါး ရိတ်သိမ်းရာတွင် တစ်ဧကလျှင် ၁၀၂ ဒသမ ၀၅ တင်းနှုန်းဖြင့် လည်းကောင်း၊ မြောင်းဆုံစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ စိုက်ဧက ၄၁ ဧကတွင် GW–11 မျိုးစပါးနှင့် စိုက်ဧက ၅၀၉ ဧကတွင် ထိုင်းနံ့ကောက်စပါးများကို စိုက်ပျိုးခဲ့ရာ ရိတ်သိမ်းချိန်တွင် တစ်ဧကအထွက်နှုန်း ၉၃ ဒသမ ၀၃ တင်းနှုန်းဖြင့် လည်းကောင်း ထွက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## သံတွဲမြို့နယ်၌ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲ ကျင်းပ

သံတွဲ နိုဝင်ဘာ ၃

ရခိုင်ပြည်နယ် သံတွဲမြို့နယ်တွင် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သံတွဲခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲကို သံတွဲခရိုင်လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ လက်ထောက်ပညာရေးမှူး ဦးစိန်မင်းအောင်နှင့် ကြီးကြပ်ရေးမှူး ဦးအောင်ကျော်သန်းတို့က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

**ပါဝင်ယှဉ်ပြိုင်**

အဆိုပါပြိုင်ပွဲတွင် “ဘယ်ခါမမေ့ အမျိုးသားနေ့”ခေါင်းစဉ်ဖြင့် ကဗျာပြိုင်ပွဲဝင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ အလယ်တန်းအဆင့်ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ငါးဦးနှင့် စာစီစာကုံးပြိုင်ပွဲတွင် လက်ဆင့်ကမ်းထိန်းသိမ်းထားရမည့် အမျိုးသားအောင်ပွဲနေ့ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ရှစ်ဦး၊ အလယ်တန်းအဆင့် ကိုးဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ပြိုင်ပွဲအပြီးတွင် ကျောင်းသား ကျောင်းသူများသည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၁၀ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၅ | ၂၅၇၀ | ၂၅၄၅ | ၂၆၄၅ | ၂၆၆၀ | ၂၅၅၀ | ၂၅၆၀ | ၂၅၉၅ | ၂၆၀၀ | ၂၆၀၀ | ၂၈၃၀ | ၂၉၅၀ |
| 95 Ron | ၂၆၄၀ | ၂၆၉၀ | ၂၆၉၀ | ၂၆၅၀ | ၂၆၉၀ | ၂၇၁၀ | ၂၆၉၅ | ၂၆၇၅ | ၂၇၇၀ | ၂၇၉၀ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၂၅ | ၂၇၃၀ | ၂၉၆၀ | ၃၀၅၀ |
| HSD (500 ppm) | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၃၀၀ | ၂၅၃၀ | ၃၂၉၀ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၃၃၅၀ |
| HSD (10 ppm) | ၂၃၁၀ | ၂၃၅၅ | ၂၃၅၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၃၉၅ | ၂၆၂၅ | ၃၃၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၉၄ | ၂၄၇၅ |
| 95 Ron | ၂၅၁၈ | ၂၆၀၂ |
| HSD (500 ppm) | ၂၁၀၂ | ၂၁၇၃ |
| HSD (50 ppm) | ၂၁၉၃ | ၂၂၆၇ |
| HSD (10 ppm) | ၂၁၉၆ | ၂၂၇၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တာချီလိတ်မြို့ရှိ စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံထုတ်လုပ်သည့် သွင်းကုန်အစားထိုး ကြက်တံဆိပ်ပဲငံပြာရည်လုပ်ငန်း

**တွေ့ဆုံမေးမြန်း- သန်းဇော်၊ ဓာတ်ပုံ-ကျော်ဇေယျာလင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရန် အားပေးဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့်ထွက်ကုန်ပစ္စည်းများဖြင့် သွင်းကုန်အစားထိုး အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ တာချီလိတ်မြို့နယ်မှ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့်လုပ်ငန်းအရေအတွက်မှာ ၅၄ ခုရှိပြီး စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်း ၂၂ ခုပါဝင်ကြောင်း သိရသည်။ အဆိုပါ စားသောက်ကုန်လုပ်ငန်းများအနက် စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်ပစ္စည်းများဖြင့် သွင်းကုန်အစားထိုး တစ်နိုင်တစ်ပိုင်စီးပွားဖြစ်ဆောင်ရွက်နေသည့် တာချီလိတ်မြို့နယ် ပုန်းထွန်ရပ်ကွက်မှ ကြက်တံဆိပ်ပဲငံပြာရည်လုပ်ငန်းပိုင်ရှင် ဦးလှမောင်နှင့် တွေ့ဆုံမေးမြန်းမှုကို ရေးသားတင်ပြလိုက်ရပါသည်-



**မေး။** ။ လုပ်ငန်းစတင်တည်ထောင်တဲ့ ခုနှစ်ကို သိပါရစေ။

**ဖြေ။** ။ ၁၉၈၀ ပြည့်နှစ်မှာ မိဘနှစ်ပါးက စတင်တည်ထောင်လုပ်ကိုင်ခဲ့ပြီး ကျွန်တော်ကတော့ မိဘဆီက အမွေဆက်ခံလုပ်ကိုင်ခဲ့တာ ဖြစ်ပါတယ်။

**မေး။** ။ အခုထုတ်လုပ်နေတဲ့ ကြက်တံဆိပ်ပဲငံပြာရည်က ဘယ်လိုကုန်ကြမ်းပစ္စည်းတွေကို အခြေခံပြီး ထုတ်လုပ်ထားတယ်ဆိုတာ ပြောပြပေးပါဦး။

**ဖြေ။** ။ အဓိကကုန်ကြမ်းကတော့ ပဲပုပ်စေ့ဖြစ်ပါတယ်။ ပြောင်းနဲ့ ချော်တ်ဆန်ကိုလည်း အချိုးကျရောပေးရပါတယ်။ အချိုအရသာနဲ့ အရောင်အတွက်ကတော့ ကပ်စေးနှဲနဲ့ ကြံသကာကို အသုံးပြုပြီး အနံ့အရသာကိုတော့ ဒေသထွက် ဟင်းခတ်အမွှေးအကြိုင်တွေကို အသုံးပြုပါတယ်။

**မေး။** ။ ပဲငံပြာရည် ထုတ်လုပ်ပုံအဆင့်ဆင့်ကိုလည်း ရှင်းပြပေးပါ။

**ဖြေ။** ။ နှစ်စဉ်ဝယ်ယူရရှိတဲ့ ပဲပုပ်စေ့တွေကို လှော်စက်ထဲ ထည့်လှော်ပါတယ်။ ပြီးရင် အမှုန့်ကြိတ်ပါတယ်။ ပဲပုပ်မှုန့်ကို ချော်တ်၊ ပြောင်းတို့နဲ့ အချိုးကျရောပေါင်းပြီး ဆားနဲ့အနည်းဆုံး သုံးနှစ်လောက်နှပ်ထားပါတယ်။ အဲဒီနှပ်ရည်ကို ပြန်ကျိုပြီးရလာတဲ့အရည်ကို အချိုအရသာနဲ့ အရောင်အတွက် ကပ်စေးနှဲနဲ့ ကြံသကာရည် ထည့်ပြီး အနံ့အရသာအတွက် သစ်ကြံပိုးခေါက်၊ နာနတ်ပွင့်၊ မက်ခါသီးစတဲ့ ဟင်းခတ်အမွှေးအကြိုင် ခုနစ်မျိုးကို အချိုးကျရောစပ်ပြီး ထပ်ထည့်ပါတယ်။ ဒါဆိုရင် အနံ့အရသာနဲ့ပြည့်စုံတဲ့ ပဲငံပြာရည်ကို ရရှိပါပြီ။

**မေး။** ။ ပဲပုပ်၊ ချော်တ်နဲ့ပြောင်းတို့ကို ရောပေါင်းတဲ့အခါနဲ့ နှပ်ရည်ကို ပြန်ကြိုတဲ့အခါတွေမှာ လောင်စာအနေနဲ့ ဘာကိုအသုံးပြုပါသလဲ။ ထင်းကို အသုံးပြုပါသလား။

**ဖြေ။** ။ ပဲပုပ်နှပ်ရည်ကို ပြန်ကျိုပြီးတဲ့အခါ ပဲပုပ်ဖတ်တွေ ကျန်ခဲ့ပါတယ်။ အဲဒီ ပဲပုပ်ဖတ်တွေကို နေလှန်းပြီးခြောက်တဲ့အခါ လွှစာမှုန့်နဲ့ရောပြီး လောင်စာအနေနဲ့အသုံးပြုပါတယ်။ ပဲပုပ်ဖတ်မှာက ဆီပါတဲ့အတွက် မီးလောင်အားလည်း ကောင်းပါတယ်။ ထင်းအသုံးပြုစရာမလိုပါဘူး။

**မေး။** ။ ကုန်ကြမ်း ဝယ်ယူစုဆောင်းမှုအခြေအနေကိုလည်း ပြောပြပေးပါဦး။

**ဖြေ။** ။ နှစ်စဉ် ဆောင်းဦးရာသီဖြစ်တဲ့ နိုဝင်ဘာလမှာ ဒေသထွက် ပဲပုပ်၊ ပြောင်း၊ ချော်တ်နဲ့ လိုအပ်တဲ့ပစ္စည်းတွေကို ဝယ်ယူစုဆောင်းပါတယ်။ ဒီဒေသမှာပဲ စိုက်ပျိုးတဲ့ထွက်ကုန်တွေဖြစ်တဲ့အတွက် ဝယ်ယူရတာလည်း အဆင်ပြေပါတယ်။

**မေး။** ။ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုနဲ့ ဈေးကွက်ဖြန့်ဖြူးရောင်းချမှု အခြေအနေကိုပြောပြပေးပါဦး။

**ဖြေ။** ။ ပဲငံပြာရည်ကို တစ်ပတ်တစ်ကြိမ် ပုံမှန်ချက်ပါတယ်။ တစ်ခါချက်ရင် တစ်ဖာကို ပဲငံပြာရည်ပုလင်း ၁၂ လုံးပါ ၁၂၀ ဖာ၊ ပဲငံပြာရည်ပုလင်း ၁၄၄၀ ချက်ပြီး တာချီလိတ်မြို့ပေါ်က ကုန်စုံဆိုင်တွေကို လက်ကားရောင်းချပေးလျက်ရှိပါတယ်။ ဒီပဲငံပြာရည်က ဒေသထွက်ကုန်ပစ္စည်းတွေနဲ့ပဲ ထုတ်လုပ်ထားတာဖြစ်တဲ့အတွက် စားသုံးသူတွေလည်း သက်သာတဲ့ဈေးနှုန်းနဲ့ ဝယ်ယူရရှိနိုင်အောင် ဆောင်ရွက်ပေးထားပါတယ်။ ပဲငံပြာရည်ချက်လုပ်ရာမှာတော့ လုပ်ငန်းစဉ်တစ်ခုလုံးကို လူလေးဦးနဲ့ပဲ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။** ။ လုပ်ငန်းဆောင်ရွက်ရာမှာ တွေ့ကြုံရတဲ့ အခက်အခဲကို ပြောပြပေးပါဦး။

**ဖြေ။** ။ အခက်အခဲရယ်လို့ မရှိပါဘူး။ လိုအပ်တဲ့ ကုန်ကြမ်းပစ္စည်းတွေကို တာချီလိတ်မြို့နယ်က တောင်သူတွေဆီကနေ တိုက်ရိုက်ဝယ်ယူတာဖြစ်တဲ့အတွက် တောင်သူတွေလည်း အဆင်ပြေသလို ကျွန်တော်တို့အတွက်လည်း အဆင်ပြေပါတယ်။ နောက်ပြီး ဈေးကွက်ကလည်း ပုံမှန်ရှိနေတဲ့အတွက် အားလုံးအဆင်ပြေပါတယ်။

**မေး။** ။ လုပ်ငန်းဆက်လက်တိုးချဲ့မယ့် အစီအစဉ်ရှိပါသလား။


**ဖြေ။** ။ လက်ရှိ မိသားစုတစ်နိုင်တစ်ပိုင်လုပ်ကိုင်နေတာ ဖြစ်တဲ့အတွက် လောလောဆယ် တိုးချဲ့ဖို့မရှိသေးပါဘူး။

**မေး။** ။ အခုချိန်မှာ နိုင်ငံတော်က အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေး (MSME) လုပ်ငန်းတွေကို အားပေးမြှင့်တင်ဆောင်ရွက်နေတာနဲ့ပတ်သက်ပြီး ဘယ်လိုအကျိုးကျေးဇူးတွေရရှိပါသလဲ။

**ဖြေ။** ။ ကျွန်တော်တို့လုပ်ငန်းတွေကို စနစ်တကျမှတ်ပုံတင်နိုင်ခဲ့ပြီး ထုတ်လုပ်တဲ့ပစ္စည်းတွေကိုလည်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ပေးတဲ့အတွက် စားသုံးသူတွေရဲ့ ယုံကြည်စိတ်ချမှုကို ပိုမိုရရှိလာခဲ့ပါတယ်။ အဲဒီအတွက် MSME လုပ်ငန်းတွေကို အားပေးမြှင့်တင်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်နဲ့ အစစအရာရာကူညီဆောင်ရွက်ပေးတဲ့ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနဲ့ စားသုံးသူရေးရာဦးစီးဌာနတို့ကိုလည်း ကျေးဇူးတင်ပါတယ်။

တာချီလိတ်မြို့နယ်ရှိအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများအနက်မှ ဒေသတွင်းစိုက်ပျိုးရေးလုပ်ငန်းထွက် ကုန်ပစ္စည်းများဖြင့် သွင်းကုန်အစားထိုး တစ်နိုင်တစ်ပိုင်စီးပွားဖြစ်ဆောင်ရွက်နေသည့် ကြက်တံဆိပ်ပဲငံပြာရည်လုပ်ငန်းသည် မိသားစုဝင်ငွေတိုးပွားရေးသာမက ဒေသရှိ စိုက်ပျိုးရေးတောင်သူများအတွက် ဈေးကွက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့်အပြင် မြို့နယ်အတွင်းရှိ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်အောင် ဆောင်ရွက်ပေးနေသည့် လုပ်ငန်းဖြစ်သည့်အတွက် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။





# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေး (၂/၂၀၂၃) ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေး (၂/၂၀၂၃)ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ နိုဗိုတယ် ရန်ကုန်မက်စ်၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသည့် အမှုဆောင်အဖွဲ့ဝင်များ၏ အဆိုပြုချက်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက ဘဏ္ဍာငွေရှာဖွေရာတွင် စပွန်ဆာပံ့ပိုးမှုနှင့် ရုပ်သံထုတ်လွှင့်မှု Media Right များမှ ဝင်ငွေတိုးမြှင့်ရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ငွေစာရင်းရှင်းလင်းမှုများနှင့်တကွ တင်ပြဆွေးနွေးသည်။ Infrastructure ကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းက မြန်မာအမျိုးသမီးဘောလုံးအကယ်ဒမီအား မန္တလေးမြို့တွင်လည်းကောင်း၊ လက်ရွေးစင်အသင်းများ လေ့ကျင့်ရေးစင်တာ High Performance Center (HPC)နှင့် Referee Academy တည်ဆောက်ရေး စီမံချက်များနှင့် FIFA၊ AFCတို့ ပံ့ပိုးကူညီမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့သည်။ အဆိုပါ ဆောင်ရွက်ရန်ကိစ္စများနှင့်ပတ်သက်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနသို့ တင်ပြကာ ခွင့်ပြုချက်ရယူဆောင်ရွက်သွားရန် MFF အမှုဆောင်ကော်မတီက ဆုံးဖြတ်ခဲ့သည်။

လူငယ်ပြိုင်ပွဲများ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမင်းလှိုင် ကိုယ်စား အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက အမျိုးသား ယူ-၁၅ လိဂ်၊ ယူ-၁၇ လိဂ် ပြိုင်ပွဲများ ကျင်းပခြင်းနှင့် လာမည့်နှစ်များတွင် အမျိုးသမီး ယူ-၁၅ ပြိုင်ပွဲကျင်းပရေး၊ အာဆီယံလူငယ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် တင်ပြခဲ့သလို လက်ရှိသက်တမ်းအလိုက် အသင်းများ၏ ရေရှည်စီမံကိန်းဖြင့် ပြင်ဆင်နေမှုများကိုလည်း ပြန်လည်သုံးသပ်စိစစ်သွားရန် ဆွေးနွေးခဲ့သည်။ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ရဲမွန်ထွဋ်က လက်ရှိကျင်းပနေသည့် ဖူဆယ်လိဂ်ပြိုင်ပွဲများနှင့် အာရှခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသား ဖူဆယ်အသင်း၏ နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့မှုများ၊ ဘတ်ဂျက်သုံးစွဲခြင်းနှင့် မြန်မာအသင်းအာရှဖူဆယ်ပြိုင်ပွဲတွင် ပစ်မှတ်ထား ယှဉ်ပြိုင်မည့်ကိစ္စရပ်များ၊ AFC နှင့်ဆက်သွယ်၍ ဖူဆယ်နည်းပြသင်တန်းဖွင့်လှစ်မည့် အစီအစဉ်များ၊ ကစားသမားများအတွက် Nutrition ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မှုများ၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စများကို ထည့်သွင်းဆွေးနွေးခဲ့သည်။

**ကိုညီလေး**

❒ ဆိုင်ကလုန်းမှ


ဆိုင်ကလုန်းမုန်တိုင်း "မိကျောင်း" ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင် အဆင့်ဟု သတ်မှတ်သည်။

**ဆိုင်ကလုန်းမုန်တိုင်း "မိကျောင်း" ၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မိကျောင်း"သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၂ ဒသမ ၁ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက် နာရီ ၆၀ အတွင်း ခန့်မှန်းချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း"မိကျောင်း"သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဒီဇင်ဘာ ၄ ရက်တွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိကျောင်း" အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ၊ အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းလွန်နှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်။ ထို့နောက် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေနှင့်အပြိုင် မြောက်ယွန်းယွန်းသို့ ရွေ့လျားကာ ဒီဇင်ဘာ ၅ ရက်တွင် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေကို နီလိုရီမြို့နှင့် မာချီလီပတ္တနမ်မြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။




**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "မိကျောင်း"၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနေထိုင်ကြရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ




သွေးသည် အသက်

**ဖခင်အမည်မှန် ကြေညာခြင်း**

ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၉)ရပ်ကွက်၊ အထက(၄) Grade- 11 တွင် ပညာသင်ကြားနေသော မောင်စွမ်းထက်ပိုင်နှင့် Grade-10 တွင် ပညာသင်ကြားနေသော မောင်မျိုးဆက်သာတို့၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းသိန်း [၁၄/လမန(နိုင်)၀၅၃၁၂၂] ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဆီ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၄၁)**
**အမှတ် (၁၈၆)၊ ဗဟိုလမ်း၊ ကျွန်း/လယ်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်။ ဖုန်း-၀၉- ၇၉၄၄၆၇၁၆၅**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၂/ခကံဘဲ့၊မြေကွက်အမှတ်-၆/ဆ- A၊ဧရိယာ(၀.၁၀၄)ဧက၊မြေကွက်တည်နေရာအမှတ်-၆/ဆ- A၊ဇီဇဝါလမ်း၊(၈)ရပ်ကွက်၊ရန်ကင်းမြို့နယ်၊ဦးသန်းအောင်(DW-၀၇၂၅၀၀)အမည်ပေါက်မြေပိုင်မြေ(လ/န-၃၉)မြေအားအမည်ပေါက်-ဦးသန်းအောင်(ဖခင်)နှင့်ဒေါ်တင်ကြည်(မိခင်)တို့အသီးသီးကွယ်လွန်သဖြင့်သားသမီးများဖြစ်ကြသောဦးဇော်ဝင်း(၁၂/ရကန(နိုင်)၀၅၉၁၇၇)၊ဒေါ်အေးအေးသန်း(၁၂/ရကန(နိုင်)၀၂၈၇၂၉)၊ဦးဇော်ဟိန်း(၁၂/ရကန(နိုင်)၀၇၂၄၉၃)တို့(၃)ဦးအနက်ဒေါ်အေးအေးသန်း၊ဦးဇော်ဝင်းမှ(ကိုယ်တိုင်)နှင့်ဦးဇော်ဟိန်းထံမှ SPအမှတ်-၁၇၃၀၁/၂၀၂၃(၂၁-၈-၂၀၂၃)ဖြင့်ရရှိသူဦးဇော်ဝင်းတို့မှမိဘများတွင်မိမိတို့မောင်နှမ(၃)ဦးတည်းကိုသာမွေးဖွားခဲ့ပြီးအခြားသောမွေးချင်းများမရှိပါကြောင်း၊ကိတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းမရှိပါကြောင်း၊တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်မိမိတို့မှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း၂၂-၈-၂၀၂၃ရက်စွဲပါတရားရုံးကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊အမည်ပေါက်စာချုပ်၊အိမ်ထောင်စုလူဦးရေစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊GP၊ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါပြန်လည်မရုပ်သိမ်းသေးကြောင်းကျမ်းကျိန်လွှာ၊သေဆုံးမှုလက်မှတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ပွင့်ဖြူမြို့နယ်၌ ရောမင်းစပါးတစ်တင်း ငွေကျပ် ၂၃၀၀၀ ဈေးဖြင့် ရောင်းချနေရ၍ ဒေသခံတောင်သူများ အဆင်ပြေ

**ပွင့်ဖြူ ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးစပါးစိုက်ခင်းများကို ဒေသခံတောင်သူများက ဆောင်းသီးနှံ ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရန်အတွက် စပါးရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်း၍ လှိုင်လှိုင်ရိတ်သိမ်းခြွေလှေ့လျက်ရှိပြီး စပါးများ လှိုင်လှိုင်ပေါ်ချိန် ရောမင်းစပါးဈေးနှုန်းမှာ တစ်တင်းလျှင် ငွေကျပ် ၂၃၀၀၀ ဈေးဖြင့် အရောင်းအဝယ် ကောင်းမွန်နေ၍ မြို့နယ်အတွင်းရှိ ရောမင်းမိုးစပါး စိုက်ပျိုးတောင်သူများ ယခင်နှစ်ကထက် ဈေးကောင်းရရှိသဖြင့် လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဒေသမှာ မိုးစပါးစိုက်ခင်းတွေဟာ အသီးများရင့်မှည့်လာပြီဖြစ်လို့ ဒေသခံတောင်သူတွေက ဆောင်းသီးနှံ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ဖို့အတွက် နိုဝင်ဘာလ ပထမပတ်ကစပြီး ရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ လှိုင်လှိုင်ရိတ်သိမ်းခြွေလှေ့နေကြပါတယ်။ ဒီနှစ်က ကျွန်တော်တို့ဒေသမှာ ရောမင်းစပါး စိုက်ပျိုးတောင်သူတွေဟာ ယခင်နှစ်ကထက် ဈေးကောင်းရရှိတယ်။ ယခင်နှစ်က မိုးစပါးသီးနှံပေါ်ချိန်မှာ ရောမင်းစပါးဈေးက တစ်တင်းကို ငွေကျပ် ၁၄၀၀၀ ဈေးပဲ အရောင်းအဝယ်ရှိခဲ့တယ်။ ဒီနှစ်မှာ ပေါ်ဦးပေါ်ဖျား ရောမင်းစပါး တစ်တင်းကို ငွေကျပ် ၂၃၀၀၀ ဈေးနဲ့ ရောင်းချရလို့ ဒေသခံတောင်သူတွေ လုပ်ငန်းအဆင်ပြေကြတယ်။ နောက်ပြီး ဒီနှစ်မှာ မိုးစပါးစိုက်ခင်းတွေက အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းလည်း ကောင်းကြတယ်။ တစ်ဧကကို ပျမ်းမျှ စပါးတင်းရေ ၉၀ ကျော် ထွက်ရှိတယ်။ ကျွန်တော်တို့ဒေသမှာ အဓိကစိုက်ပျိုးတဲ့ မိုးစပါးမျိုးတွေကတော့ ရောမင်း၊ ပခန်းရွှေဝါ၊ ရတနာတိုး၊ ပေါ်ဆန်းရင်၊ ဆင်းသုခ၊ သီးထပ်ရင်၊ ချမ်းမြေ့မေ၊ မနောသုခ၊



ရောပဒေသာ စတဲ့ စပါးမျိုးတွေကို စိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခု ၂၀၂၃ - ၂၀၂၄ ခုနှစ် ၊ မိုးစပါးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးသီးနှံစိုက်ဧက ၆၉၉၄၃ ဧက လျာထားစိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ပျိုးဧက ၆၉၉၄၄ ဧက စိုက်ပျိုးပြီးစီးခဲ့သဖြင့် သတ်မှတ်လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )

# ရေနံချောင်းမြို့နယ်၌ စာပေချစ်မြတ်နိုးသူများအသင်းစာဖတ်ဝိုင်း ကျင်းပ

**ရေနံချောင်း ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ စာပေချစ်မြတ်နိုးသူများအသင်းစာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ရေနံသာစနေကဗျာဝိုင်းမှ ကဗျာဆရာများက စာရေးဆရာ မခင်စောတင့် ရေးသားသည့် စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများစာအုပ်ကို ဖတ်ရှုခဲ့ကြပြီး အဆိုပါစာအုပ်တွင် ပါဝင်သည့် အသုံးချဘဝနေနည်းအနုပညာ အတွေးအမြင်များကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော သုတ၊ရသ စာအုပ်စာစောင်များ၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင် (ခ) ဒေါ်တင်မမထက်

**အထက-၂၊ စမ်းချောင်း(ငြိမ်း)**

**အသက် (၇၃)နှစ်**

ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ အမှတ်(၈)ရပ်ကွက်၊ ယုဇနလမ်း၊ တိုက်အမှတ် (၁၁)၊ ပထမထပ် (2/B)နေ [ဦးမြင့်ဦး (သိပ္ပံမြင့်ဦး)]၏ ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၂၈)လမ်းနေ (ဦးမြမောင်-ဒေါ်အေးခင်)တို့၏ သမီး၊ [ဦးတင်အောင် (ကုန်/လယ်-ငြိမ်း)]-ဒေါ်ရှီစီ၊ (ဦးခင်မောင်-ဒေါ်မြင့်မြင့်စန်း)၊ [ဦးအေးမောင် (ကုန်/လယ်-ငြိမ်း)]၊ (ဒေါ်ရီရီမောင်)၊ ဦးတင်ဝင်း(အား/ကာ)-ဒေါ်ချိုချိုမာ၊ (ဦးကိုကိုကြီး)-ဒေါ်နီနီတို့၏ ညီမ၊ (ဦးလှညွန့်)-ဒေါ်မြင့်မြင့် (အထက-ငြိမ်း)၊ ဦးသန်းမြင့်-ဒေါ်သူဇာ၊ (ဦးဝင်းမြင့်)- ဒေါ်စန်းစန်းမြင့်တို့၏ အစ်မကြီး၊ တူ/တူမ ၁၀ ယောက်တို့၏ အဒေါ်၊ ဦးကျော်ကျော်သက်-ဒေါ်စန္ဒာထွေးဟန်၊ (ဦးပြည့်ဖြိုးအောင်)တို့၏ မိခင်၊ မြေး နှစ်ယောက်တို့၏အဘွားသည် ၂-၁၂-၂၀၂၃ (စနေနေ့) ညနေ ၆:၃၀ နာရီတွင် (၇၃)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၄-၁၂-၂၀၂၃ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ ၄-၁၂-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထွက်ခွာသွားမည်ဖြစ်ပါသည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၂၃ (သောကြာနေ့)တွင် ရက်လည်တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ဖြူဖြူခင်

**အသက် (၆၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းနေ အဖ (ဦးတုတ်ကြီး)-အမိ(ဒေါ်သန်းခင်)တို့၏ သမီးငယ်၊ ဦးကျော်ကျော် (ဗိုလ်ချုပ်အောင်ဆန်းဈေး)၏ဇနီး၊ မရည်မွန်ကျော်၊ မကျော်ဆုစန္ဒာ၊ မကျော်ဆုနန္ဒာတို့၏ မိခင်သည် ၂-၁၂-၂၀၂၃ (စနေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၂၃ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်စု (ကော့ကရိတ်)

**အသက် (၈၀) နှစ်**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အမှတ်-၁၄၆၊ ဘုရင့်နောင်လမ်း၊ အလယ်တန်းရပ်နေ (ဦးစံရွှေ-ဒေါ်သန်း)တို့၏သမီး၊ (ဦးငွေထွန်း)၏ဇနီး၊ ဦးခင်မောင်ထွေး-ဒေါ်ခင်သီတာထွန်း၊ ဦးမင်းကျော့ညီညီအောင်-ဒေါ်ခင်နီလာထွန်း၊ ဦးနေဝင်းထွန်း-ဒေါ်စန္ဒာဝင်း၊ ဦးထွန်းထွန်းဝင်း-ဒေါ်ခင်သူဇာထွန်းတို့၏ မိခင်ကြီး၊ မြေး ခုနစ်ယောက်တို့၏ အဘွားသည် ၂-၁၂-၂၀၂၃ ရက်နေ့ နံနက် ၈:၁၀ နာရီတွင် တိုက်အမှတ် (၂၃)၊ အခန်း (၂၀၂)၊ ယုဇနလမ်း၊ လှိုင် (၅)ရပ်ကွက် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**သစ်တောဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်-၇၈၄၊ ဦးပိုင်အမှတ်(၁-အ/၉)၊ ၂၆ လမ်းနှင့် ၆၉ လမ်းထောင့်ရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ဆုပိုက်ရတနာ [၁၂/ပဘတ(နိုင်)၀၃၃၅၂၃]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၂-ခက်ဘဲ့၊မြေကွက်အမှတ်-၆/ဆ-B၊ဧရိယာ(၀.၁၁၇)ဧက၊မြေကွက်တည်နေရာအမှတ်-၆-ဆ-B၊ဇီဇဝါလမ်း၊(၈)ရပ်ကွက်၊ရန်ကင်းမြို့နယ်၊ဦးသန်းအောင်(DW-၀၇၂၅၀၀)အမည်ပေါက်မြေပိုင်မြေ(လ/န-၃၉)မြေအားအမည်ပေါက်-ဦးသန်းအောင်(ဖခင်)နှင့်ဒေါ်တင်ကြည်(မိခင်)တို့အသီးသီးကွယ်လွန်သဖြင့်သားသမီးများဖြစ်ကြသောဦးဇော်ဝင်း(၁၂/ရကန(နိုင်)၀၅၉၁၇၇)၊ဒေါ်အေးအေးသန်း(၁၂/ရကန(နိုင်)၀၂၈၇၂၉)၊ဦးဇော်ဟိန်း(၁၂/ရကန(နိုင်)၀၇၂၄၉၃)တို့(၃)ဦးအနက်ဒေါ်အေးအေးသန်း၊ဦးဇော်ဝင်းမှ(ကိုယ်တိုင်)နှင့်ဦးဇော်ဟိန်းထံမှ SPအမှတ်-၁၇၃၀၁/၂၀၂၃(၂၁-၈-၂၀၂၃)ဖြင့်ရရှိသူဦးဇော်ဝင်းတို့မှမိဘများတွင်မိမိတို့မောင်နှမ(၃)ဦးတည်းကိုသာမွေးဖွားခဲ့ပြီးအခြားသောမွေးချင်းများမရှိပါကြောင်း၊ကိုတွင်မသားသမီးများလည်းမွေးစားထားခဲ့ခြင်းမရှိပါကြောင်း၊တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်မိမိတို့မှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း၂၂-၈-၂၀၂၃ရက်စွဲပါတရားရုံးကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊အမည်ပေါက်စာချုပ်၊အိမ်ထောင်စုလူဦးရေစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊GP၊ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါပြန်လည်မရုပ်သိမ်းသေးကြောင်းကျမ်းကျိန်လွှာ၊သေဆုံးမှုလက်မှတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်အေး(သပြေတန်း)ကြည့်မြင်တိုင်

**အသက်(၉၀)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျီးတန်းတောင်အနောက်ရပ်ကွက်၊ ဦးရွှေစိုးလမ်း၊ အမှတ်(၂၀)နေ (ဦးဘလှ-ဒေါ်တင်မြ)တို့၏သမီး၊ ဦးအုန်းရွှေ၏ ဇနီး၊ ဒေါ်ဖြူဖြူဝင်း၊ ဦးအောင်ဇော်-ဒေါ်မြမြ၊ (ဦးကျော်မြင့်အောင်) - ဒေါ်သီသီတင်၊ (ဒေါ်မိမိခင်)၊ ဦးအောင်သူ-ဒေါ်မြတ်မိုတင့်၊ ဦးညီညီအောင်၊ (ဦးအောင်သူမိုး)၊ ဦးထူးအောင်-ဒေါ်မေသကြ်န်တို့၏ မွေးသမိခင်၊ ကိုကောင်းစံ-မအေးသီရိဇော်၊ ကိုအောင်မြင့်မိုရ်-မခင်နှင်းဝေ၊ ကိုသော်ထက်ဇော်၊ ကိုစိုးထက်အောင်၊ ကိုနေပိုင်ဇော်၊ မယမင်းအဉ္ဇလီ၊ မောင်ညီသုတ၊ မဖြူသွေးခြယ်တို့၏ အဘွား၊ မသွန်းသုဒြာစံတို့၏ ဘွားဘွားကြီး ဒေါ်တင်အေးသည် ၃-၁၂-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၁၀:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၅-၁၂-၂၀၂၃ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းထွန်း

**အသက်(၇၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ဆင်လှလမ်း၊ အမှတ်(၂၁)၊ (၅)လွှာနေ (ဦးသန်း-ဒေါ်လှကြွေ)တို့၏ သားကြီး၊ (ဒေါ်ခင်ခင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနေထွန်း-ဒေါ်မြင့်မြင့်သန်း၊ (ဦးမျိုးအောင်)-ဒေါ်စန်းစန်းဝင်း၊ ဦးအောင်မင်း-ဒေါ်ရီရီမြင့်တို့၏ အစ်ကိုကြီး၊ ဦးသက်အောင်-ဒေါ်ညိုမီလွင်၊ ဦးအောင်ဖြိုး၊ ဦးသန်းနိုင်-ဒေါ်ဝင်းပပတို့၏ ဖခင်ကြီး၊ မောင်ဝသုန်ခန့်၊ မောင်ပြည်စုံဦး၊ မအိမ့်အေးချမ်းမြေ့တို့၏အဘိုး (ဦးသိန်းထွန်း)သည် ၂-၁၂-၂၀၂၃ (စနေနေ့) ည ၈:၃၀ နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၂၃(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၁၂-၂၀၂၃ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်- ၁ ရပ်ကွက်၊ အကွက်အမှတ်- ခ-၅၊ ဦးပိုင်အမှတ်(၆၅)ခဲစင်းတောင်ဘက်ခြမ်း/၄၁ x ၄၂ ကြား၊ ၆၆x၆၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ကျော်ဦး [၉/အမဇ(နိုင်)၀၂၃၄၄၉]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၀၆/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးရဲထက် [၈/ရစက(နိုင်)၁၄၆၈၂၆]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်၊ ၄၉၂-က၊ ဦးပိုင်အမှတ် (၅-၃)/၅၆ x ဓမ္မာရုံလမ်းကြား၊ ၂၃ x ငါးလုပ်ငန်းဦးစီးဌာနကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နီလာသန့် [၉/မနမ(နိုင်)၀၇၇၃၄၀]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၃၇၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးနိုင်ဝင်းထက် [၉/ခမစ(နိုင်)၀၁၆၆၂၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်- ၄၁၇၊ ဦးပိုင်အမှတ်(၆၂-င)/၁၉လမ်း၊ ၅၇x၅၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဇင်မာဟန် [၉/မနမ(နိုင်)၁၀၄၅၆၉]၊ ဒေါ်လွင်မာဟန် [၉/မနမ(နိုင်)၁၀၄၅၇၀]၊ ဦးနေမျိုးဟန် [၉/အမဇ(နိုင်)၀၀၅၄၇၀] တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၇၈၄/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသက်စိုးထွန်း [၉/အမဇ(နိုင်)၀၁၀၃၅၉]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊အကွက်အမှတ်- ၇၈၄၊ ဦးပိုင်အမှတ်(၁-အ/၈)၊ ၂၆ လမ်းနှင့် ၆၉ လမ်းထောင့်ရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ခင်ညို [၁၂/ပဘတ(နိုင်)၀၀၅၆၃၈]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်စန်းညွန့်(ခ)ဒေါ်ညွန့်ညွန့်

**(တောင်ကြီးအသင်းနာယက)**

**အသက်(၉၀)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၄၂)၊ မဇ္ဈူလမ်းသွယ် (၁)၊ ပါရမီရိပ်သာနေ (ဦးဒေးဗစ်-ဒေါ်ဆွယ်)တို့၏ သမီးငယ်၊ (ဦးဘတူ-ဒေါ်မအောင်)တို့၏ သမီးချွေးမ၊ (ဦးထွန်းဝင်း)၏ ချစ်လှစွာသောဇနီး၊ (ဦးစိုးကြည်-ဒေါ်စုမေ)၊ ဒေါ်ခင်ဝင်း၊ (ဦးတင်မောင်သိန်း)-ဒေါ်စန်းရီတို့၏ ညီမငယ်၊ (ဦးဆန်းထွန်း)၊ (ဦးစန်းဌေး)၊ Dr.တင်နွဲ့ဝင်း (နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး)၊ ဦးသန်းထွန်းဝင်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ ဒေါ်စုစန္ဒာလွင် (ခေတ္တ-U.S.A)၊ (ဦးစိုင်းဝဏ္ဏဝင်း)-ဒေါ်မြတ်စုဝင်း၊ ဦးစိုင်းအေးချိုတို့၏ ချစ်လှစွာသောအဘွား၊ ယွန်းယုယသော်၊ ရွှန်းယုယသော်၊ Sophia Wee တို့၏ချစ်လှစွာသောဘွားဘွားကြီး ဒေါ်ညွန့်ညွန့်သည် ၃-၁၂-၂၀၂၃ ရက် နံနက် ၉:၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၁၂-၂၀၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်စိုး(ကွမ်းခြံကုန်းမြို့)

**(ပြည်ထောင်စုအဆုတ်ရောဂါဆိုင်ရာဌာန-ငြိမ်း)**

**အသက်(၈၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နေ (ဦးနော်ခင်-ဒေါ်တင်ရွှေ)တို့၏ သားငယ်၊ (ဦးမြမောင်-ဒေါ်မြရှင်)တို့၏ သားသမက်၊ (ဒေါ်သန်းမြင့်)၊ (ဦးသင်းမောင်-ဒေါ်စောမေ)၊ (ဒေါ်ရင်ငွေ)၊ (ဦးကျော်မြင့်)-ဒေါ်ခင်သိန်းတို့၏ ညီ/မောင်၊ (ဒေါ်ကျင်သန်း)၏ ခင်ပွန်း၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ် (က)ရပ်ကွက်၊ မေဏ္ဍာကလမ်း၊ အိမ်အမှတ် (၁၄/၅လွှာ/ခ)နေ (ဦးမင်းစိုးဦး)၊ ဒေါ်နွဲ့ယဉ်မိုး၊ ဦးခိုင်မင်း-ဒေါ်ဝင်းမာဌေး၊ ဒေါ်သီတာစိုး၊ ဦးလှိုင်မင်း-ဒေါ်ခင်ငြိမ်းသူတို့၏ ဖခင်၊ မဖူးဖူးငြိမ်း၊ မောင်ကောင်းခန့်ဇေ၊ မစုရွှေရည်တို့၏အဘိုး ဦးကျော်စိုး (ပြည်ထောင်စုအဆုတ်ရောဂါဆိုင်ရာဌာန-ငြိမ်း)သည် ၂-၁၂-၂၀၂၃ (စနေနေ့) ညနေ ၃:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၂၃ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ တိုက်အမှတ် (၃၀)၊ ဒုတိယထပ်၊ ၃-လွှာ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၃½ပေx ၆၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်မေလှ [၁၂/စခန (နိုင်)၀၀၅၈၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ် ကိစ္စကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးကျော်နိုင်ဦး (ဥပဒေဘွဲ့)(စဉ်-၈၇၆၂)** **ဒေါ်ကျော့ကျော့စံ (ဥပဒေဘွဲ့)(စဉ်-၁၃၄၈၅)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ် (၅၀)၊ ဒု-ထပ်၊ အခန်း (၉)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - ၀၉-၉၆၅၄၉၉၉၂၅၊ ၀၉-၇၇၇၅၀၅၇၃၇**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **ခေါင်းဆောင်မှုတာဝန်ဟူသည် အထက်နှင့်အောက်ကို ချိတ်ဆက်ပေးရမည်၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရမည်ဖြစ်...**

❖ **ကောင်းမွန်သည့်စိတ်ဖြင့်သာ ခေါင်းဆောင်မှုတာဝန်များကို ထမ်းဆောင်ကြရန်လို...**

❖ **ခေါင်းဆောင်ကောင်းများဖြစ်လာစေရေး နောက်လိုက်ကောင်းများဖြစ်ရမည်ဖြစ်...**

❖ **ညီညွတ်မျှတသည့် ကွပ်ကဲအုပ်ချုပ်မှုဖြင့် ခေါင်းဆောင်မှုကောင်းကို ပြသရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---


ယနေ့ ဖတ်စရာ

**ကျဆုံးလေပြီးသော သူရဲကောင်းစစ်သည်များအတွက် ဒသမအကြိမ်မြောက် အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်း အခမ်းအနားကျင်းပ**

စာမျက်နှာ » ၉

**ဖိလစ်ပိုင်နိုင်ငံ၌ ပြင်းအား ၇ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်ခတ်**

စာမျက်နှာ » ၁၃

**ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်နှင့် ကျောက်တံတားမြို့နယ်တို့တွင် ငွေကျပ်သိန်း ၃၀၀၀တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်း သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**AA အကြမ်းဖက်အဖွဲ့က မြောက်ဦးမြို့နယ်အတွင်းရှိ ရုံး/ဌာနပိုင်ယာဉ်များအား အတင်းအဓမ္မယူဆောင်**

စာမျက်နှာ » ၁၅


---

## ဒဂုံစတားအသင်းကို ဂိုးပြတ်အရေးနိမ့်ခဲ့သည့် GFA အသင်း တန်းဆင်းခဲ့ရ


ဒဂုံစတားအသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဒီဇင်ဘာ ၃

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၁) တတိယနေ့ကို ဒီဇင်ဘာ ၃ ရက်က ဆက်လက်ကျင်းပရာ ဒဂုံစတားအသင်းက GFA အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

GFA အသင်းသည် ယခုပွဲဂိုးပြတ်ရှုံးပွဲကြောင့် လက်ကျန်နှစ်ပွဲအလိုတွင် တန်းဆင်းခဲ့ရပြီဖြစ်သည်။ ဒဂုံစတားအသင်းမှာမူ နိုင်ပွဲဆက်ခဲ့သဖြင့် အဆင့် ၄ နေရာအထိ တက်လှမ်းနိုင်ခဲ့ပြီး ရာသီကုန်တွင် ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် မျှော်လင့်ချက်ရှိလာသည်။

နှစ်သင်းစလုံး အမှတ်လိုနေသဖြင့် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ဒဂုံစတားအသင်းသည် ပထမပိုင်းမှာပင် သုံးဂိုးပြတ်သွင်းယူထားနိုင်သဖြင့် ပထမပိုင်းကတည်းက အဖြေ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ✻

---

## ဆိုင်ကလုန်းမုန်တိုင်း "မိကျောင်း"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် ဒီဇင်ဘာ ၃

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မိကျောင်း" သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်- အနောက်တောင်ဘက် ရေမိုင် ၆၇၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၆၀ ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ အရှေ့ဘက် ရေမိုင် ၁၃၀ ခန့်၊ ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၁၂၀ ခန့်၊ နီလိုရီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၁၈၀ ခန့်နှင့် မာချီလီပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၅၀ ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ **စာမျက်နှာ ၂၆ ကော်လံ ၁ သို့** ❒

(၃.၁၂.၂၀၂၃)ရက်နေ့ မြန်မာစံတော်ချိန်(၁၇:၃၀)နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း"မိကျောင်း"(MICHAUNG)လမ်းကြောင်းပြမြေပုံ

